# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၉)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်ပြီးစီးမှုများ ကြည့်ရှုစစ်ဆေး



**ခန္တီး ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်စိုးနှင့် ဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် နန်းယွန်းမြို့မှ ခန္တီးမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းလင်း က တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ စာမျက်နှာ ၄ ကော်လံ ၁ ❖



ဒုတိယသမ္မတ ဦးမြင့်ဆွေအား ချင်းတွင်းမြစ်ကူးတံတား (ခန္တီး) တည်ဆောက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

သတင်းစဉ်

ချင်းတွင်းမြစ်ကူးတံတား (ခန္တီး) တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

သတင်းစဉ်

# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၂၂၇၂၀ ဒသမ ၅၅၀ သန်း ခွဲဝေသုံးစွဲခြင်းကို လွှတ်တော်က အတည်ပြု

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးအောင်လှထွန်းအား ခန့်အပ်တာဝန်ပေးခြင်းတို့နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးဟန်ဇော်အား ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြလာခြင်းအပေါ် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း စာမျက်နှာ ၆ ကော်လံ ၁ ✳


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# မြန်မာနိုင်ငံ အာမခံအသင်း၏ ကြိုဆိုရမည့် ခြေလှမ်းသစ်

အာမခံလုပ်ငန်းဟူသည် ကြိုတင်မျှော်လင့်မကာကွယ်နိုင်သော အန္တရာယ်တစ်စုံတစ်ရာနှင့်ပတ်သက်၍ အများပြည်သူ၏ ပူးပေါင်းပါဝင်မှုဖြင့် ကံအကြောင်းမလှစွာ အဆိုပါ အန္တရာယ်ကြုံတွေ့ရင်ဆိုင်ရသူတချို့အတွက် ငွေရေးကြေးရေးအရ ဖိစီးလဲပြိုမှုမဖြစ်စေရန် အကာအကွယ်ပေးသော လုပ်ငန်းဖြစ်ပါသည်။ ဥပမာအားဖြင့် ပြောရပါက ရန်သူမျိုးငါးပါးတွင် ပါဝင်သော မီးဘေးသည် ကြိုတင်မျှော်လင့် ကာကွယ်နိုင်သော အန္တရာယ်မျိုးမဟုတ်ပါ။ မီးအာမခံကိုသာ ပြည်သူတစ်ရပ်လုံးက စိတ်အားထက်ထက်သန်သန်ထားရှိပါက ကံအကြောင်းမလှ၍ မီးဘေးကြုံတွေ့ရသော ပြည်သူတချို့အနေဖြင့် အာမခံလျော်ကြေးငွေ ရရှိသည့်အတွက် မီးဘေးကြောင့် ဘဝပျက်သည့် အန္တရာယ်မှရှောင်လွှဲနိုင်မည် ဖြစ်ပါသည်။ တစ်ဖက်၌လည်း ကျယ်ပြန့်လာသော အာမခံလုပ်ငန်းကို အမှီပြု၍ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း တိုးချဲ့ဖန်တီးနိုင်မည် ဖြစ်ပါသည်။

အာမခံလုပ်ငန်းက ပြည်သူလူထု၏ ဘဝအား အကာအကွယ်ပေးနိုင်ပုံကို လူထုကျန်းမာရေးကဏ္ဍ၌ ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လည်ပတ်နေသော ပြည်သူ့ဆေးရုံတို့က ပြည်သူလူထု၏ ကျန်းမာရေးကို ဖြစ်နိုင်သမျှ ကြိုးပမ်းစောင့်ရှောက်ကုသပေးနေသော်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးမှုအတိုင်းအတာအရ အပြည့်အဝဆောင်ရွက်ပေးနိုင်စွမ်းမရှိသေးပါ။ သို့ဖြစ်ပါ၍ ပြည်သူလူထု၏ တချို့သော အစိတ်အပိုင်းသည် ပုဂ္ဂလိကဆေးကုခန်းတို့အပေါ် အားကိုးအားထား ပြုရပါသည်။ သို့သော် ပုဂ္ဂလိကဆေးရုံ ဆေးခန်းတို့၏ ကုသစရိတ်သည် တိုင်းပြည်၏ဝင်ငွေအနေအထားနှင့် နှိုင်းယှဉ်ပါက အဆမတန်မြင့်မားနေပါသည်။ ရေရှည်ကုသရသောရောဂါမျိုးကိုသာ ကုသရပါက သက်ဆိုင်ရာမိသားစုအတွက် ကြီးမားသောငွေရေးကြေးရေးဝန်ထုပ်ဝန်ပိုးကို တောင့်ခံရတော့မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ကျန်းမာရေးအာမခံလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်သော်လည်း ပြည်သူလူထုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် သိရှိစိတ်ဝင်စားခြင်းမရှိ၍ အုတ်မြစ်ခိုင်မာတောင့်တင်းမှု မရှိသေးပါ။ ဤကိစ္စရပ်၌ အာမခံလုပ်ငန်းကို စနစ်တကျ ထိထိရောက်ရောက်လုပ်နိုင်စွမ်းမရှိခြင်းသည် အခြေခံအကြောင်းရင်းတစ်ရပ်အနေဖြင့် ပါဝင်နေသည်ဟု ယူဆပါသည်။ ကျန်းမာရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ အာမခံအကာအကွယ်ယူသော ပြည်သူအရေအတွက်သည် ပြည်သူဦးရေ ၁၀၀၀ လျှင် ၈၆ ဦးသာရှိ၍ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းသည် များစွာနိမ့်ကျနေဆဲ ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ အာမခံလုပ်ငန်းဆိုင်ရာသင်တန်းတို ပို့ချနိုင်ရေးအတွက် မြန်မာနိုင်ငံအာမခံအသင်းနှင့် နိုင်ငံခြားအာမခံသင်တန်းကျောင်းများဖြစ်သည့် General Insurance Association of Japan (GIAJ)၊ Insurance Institute of India (III)၊ Malaysia Insurance Institute (MII)၊ The Australian and New Zealand Institute of Insurance & Finance (ANZIIF)တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (MoU) ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ လက်မှတ်ရေးထိုးထားသော နိုင်ငံတကာအာမခံကျောင်းတို့မှ ဆရာတို့က မြန်မာနိုင်ငံ၌ လာရောက်သင်ကြားပေးမည်သာမက သင်တန်းသားများကိုလည်း ပြည်ပအာမခံ ကုမ္ပဏီကြီးများတွင် အလုပ်သင်အဖြစ် လေ့လာသင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အာမခံအသင်း၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော အာမခံကုမ္ပဏီအချင်းချင်း စုပေါင်းလျက် အာမခံလုပ်ငန်း အမျိုးအစားသစ်များ ဖန်တီးရေးကို ထိထိရောက်ရောက် ပံ့ပိုးပေးသွားနိုင်မည် ဖြစ်ပါသည်။ ဤဖြစ်ရပ်၏ အကျိုးဆက်အနေဖြင့် အာမခံဈေးကွက်ကို တိုးချဲ့နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာကို တိုးချဲ့ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအာမခံအသင်းက ဖော်ဆောင်သည့် ဤသို့သော ကောင်းကျိုး ရလဒ်တို့ကို ဖန်တီးပေးမည့် အာမခံသင်တန်းများ ဖွင့်လှစ်ရေးနားလည်မှု စာချွန်လွှာကို ဂုဏ်ပြု ကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ရှေးဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုဗုဒ္ဓပူဇော်ပွဲတော် ကျင်းပမည်

**သီပေါ ဇန်နဝါရီ ၁၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပေါ်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်က ဘုရားကြီးအရှေ့မုခ်ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုဦးက အမှာစကားပြောကြားပြီး ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်စိုင်းက ပွဲတော်ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိသည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကာ လုပ်ငန်းဆပ်ကော်မတီများအလိုက် တာဝန်များပေးအပ်ခဲ့သည်။

ယခုနှစ် ပေါ်ကြိုဘုရားပွဲတော်ကို ရှေးရိုးရာအစဉ်အလာအတိုင်း တပေါင်းလဆန်း ၈ ရက် နံနက် ၇နာရီခွဲတွင် သီပေါမြို့နယ် တံစင့်ဒေဝါနန်းမှ ကိုးမြို့ရှင် ဘိုးဘိုးကြီး (စဝ်ပူ-စဝ်နိုင်း) အား ပေါ်ကြို ဘုရားပွဲတော်ဝင်ရန် ပင့်ဆောင်ခြင်း၊ တပေါင်းလဆန်း ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ဘုရားပွဲတော်ဖွင့်ပွဲ ကျင်းပခြင်း၊ နံနက် ၁၁ နာရီတွင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲစတင်ခြင်း၊ တပေါင်းလပြည့်နေ့ နံနက် ၅ နာရီတွင် ဗုဒ္ဓဘိသေကအနေကဇာတင် မင်္ဂလာဆွမ်းတော်ကပ်လှူခြင်း၊ မွန်းတည့် ၁၂ နာရီတွင် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းစသည့် အစီအစဉ်များဖြင့် ကျင်းပရန် ဘုရားကြီးဂေါပကအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် ပေါ်ကြိုမုဋ္ဌောစေတီတော်မြတ်ကြီး၏ မုခ်လေးမုခ်၌ သီတင်းသုံးကိန်းဝပ်စံပယ်တော်မူသော ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်၊ ရတနာရန်အောင်နှင့် ရတနာချာန်အောင် ရှေးဟောင်းဘုရားရုပ်ပွားတော် လေးဆူအား ရွှေသင်္ကန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်နိုင်ရန်လည်း စီစဉ်ထားရှိသည်။



ပွဲတော်ရက်များအတွင်း မြန်မာ့ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောပြိုင်ပွဲများအပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ကာလိန်းဝမ်း၏ သမိုင်းမွှေးရနံ့ ရှမ်းပြဇာတ်၊ မန္တလေးသစ်လွင် မြန်မာအငြိမ့်တို့ဖြင့် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ထင်သာမြင်သာ ပြုပြင်စရာ



### အချက်ပြမီးပွိုင့်များ လျှပ်စစ်မီးမလာပါက ဆိုလာစနစ်ကျင့်သုံးစေလို

ဖျာပုံမြို့၏ အချက်အချာကျသည့်ဗိုလ်ချုပ်လမ်းနှင့် ဒုတိယလမ်းဆုံရာလမ်းလေးဘက်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အချက်ပြမီးပွိုင့်များလွန်ခဲ့သည့် သုံးနှစ်ခန့်က တပ်ဆင်ခဲ့ပြီးလျှပ်စစ်မီးမလာပါက ဆိုလာစနစ်ဖြင့်အချက်ပြမီးပွိုင့်များမီးလင်းအချက်ပြစနစ် ကျင့်သုံးခဲ့သည်။ ယခုအခါ လျှပ်စစ်မီးမလာပါက ဆိုလာမီးအချက်ပြ စနစ်ပျက်စီးနေသဖြင့် ခရီးသွားများနှင့် ယာဉ်များအတွက် အန္တရာယ် ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်၍ ဆိုလာစနစ်ဖြင့် မီးအချက်ပြများပြန်လည်ကောင်းမွန်အောင် ပြုပြင်ပေးရန်နှင့် လျှပ်စစ်မီးမလာသည့်နေ့အချိန်များတွင် ယာဉ်ထိန်းတစ်ဦးအား တာဝန်ချထားပေးပါရန် ခရီးသွားပြည်သူများက လိုလားလျက်ရှိသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကသာပြည်သူ့ဆေးရုံ တိုးချဲ့လူနာဆောင်အတွက် ဆရာဝန်လိုအပ်ချက် ရှိနေဆဲဖြစ်

**ကသာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်တွင် လူနာတိုးချဲ့ဆောင် ဆောက်လုပ်လျက်ရှိ၍ အခြေခံအဆောက်အအုံပြည့်စုံလာပြီဖြစ်သော်လည်း ဆေးရုံဝန်ထမ်းအချို့မှာ လိုအပ်နေဆဲဖြစ်သည်။

အထူးသဖြင့် မေ့ဆေးဆရာဝန်၊ ကလေးအထူးကုဆရာဝန်တို့ လိုအပ်လျက်ရှိရာ သက်ဆိုင်ရာမှ စီစဉ်ပေးလျှင် ကသာမြို့နယ်နေ ပြည်သူများအတွက် ပို၍အဆင်ပြေမည် ဖြစ်ကြောင်း သိရသည်။

**လူနာဆောင် တိုးချဲ့တည်ဆောက်**

ကသာမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် နှစ်ထပ် လူနာဆောင်တိုးချဲ့ဆောက်လုပ်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က ကသာမြို့နယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိ ဦးတင့်လွင်၊ ဦးကြာလင်းတို့က ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန မြေနေရာတွင် တည်ဆောက်ရေးတာဝန်ခံများနှင့်အတူ ကြည့်ရှုခဲ့ကြသည်။

ထိုသို့ ကြည့်ရှုရာ နှစ်ထပ်လူနာဆောင် (150'×56')RC တိုးချဲ့ဆောင်အား ငွေကျပ်သိန်း ၄၅၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတည်ဆောက်ရေးအဖွဲ့(၃) အဆောက်အဦးအဖွဲ့ (၁၀) တို့မှ တည်ဆောက်နေကြောင်း တာဝန်ခံဦးဌေးအောင်ကျော်က ရှင်းလင်းခဲ့သည်။

**ငွေအိုး(ကသာ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၆-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၇ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၂ ・၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ ・၅ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・၂ |
| တရုတ် | တစ်ယွမ် | ၂၀၉ ・၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ・၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ်နယ်လီဆီဆုလစ်တို့ ရွှေတိဂုံစေတီတော်၌ ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် ဇနီး မစ္စစ်နယ်လီဆီဆုလစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး သာသနိကဆိုင်ရာ အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် ဧည့်သည်တော်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဆီဒိုးနား ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။





လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးရေးလီမိတက်ဥက္ကဋ္ဌ ဦးအောင်စိုးသာတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် Myanmar Japan Thilawa Development Ltd. မှ Director / Sales and Marketing Officer Mr. Kazuaki Shirozono နှင့် တာဝန်ရှိသူတို့က သီလဝါအထူးစီးပွားရေးဇုန် (A)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့မှုနှင့် ဇုန် (B) ရှိ ဟက်တာ ၁၀၀ ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်အကောင်အထည်ဖော်မှု၊ လက်ရှိတွင် နိုင်ငံပေါင်း ၁၇ နိုင်ငံက လာရောက် ရင်းနှီးမြှုပ်နှံနေမှု၊ စက်ရုံ ၈၉ ရုံခွင့်ပြုမိန့်ရရှိထားပြီး စက်ရုံ ၃၉ ရုံ လုပ်ငန်းများ လည်ပတ်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များကို မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ပြောကြားပြီး သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီရုံးရှိ ONE STOP SERVICE CENTER ကို ကြည့်ရှုလေ့လာပြီး သီလဝါ အထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အလားတူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ ဇနီး မစ္စစ်နယ်လီဆီဆုလစ်သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးကို သွားရောက်ကြည့်ရှုလေ့လာသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့်ဇနီး မစ္စစ်နယ်လီဆီဆုလစ်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်ဘဏ္ဍာကို စီမံသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ကြရာတွင် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့် ညီညွတ်ပြီး ဒေသနှင့် လိုက်လျောညီထွေမှုရှိမည့် နည်းလမ်းများကို တီထွင်ကြံဆ ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရက ချမှတ်ပေးထားသည့် မူဝါဒများ၊ စည်းမျဉ်း စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ဒေသခံများလက်ခံနိုင်မည့်အခြေအနေမျိုးဖြစ်ရန်လည်း လိုအပ်ကြောင်း ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၃၆)၌ ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ထိရောက်အောင်မြင် လုပ်ငန်းခွင်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်သူပေါင်းစုံ၏ ပူးပေါင်းပါဝင်မှုအား၊ ဝန်ကြီးဌာန မိသားစုစိတ်ဓာတ်နှင့် ဦးစီးဌာနများအချင်းချင်း ပူးပေါင်းပါဝင်မှုအားများကို အရယူပြီး ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းတိုးတက်မှုကို စောင့်ကြည့်ကြီးကြပ်သည့်စနစ်ထားရှိပြီး အမြဲတမ်း အကဲဖြတ်နေရမည်ဖြစ်သကဲ့သို့ တိုးတက်လာသော နည်းပညာများကိုလည်း မိမိတို့၏ အလုပ်ခွင်များတွင် ထိထိရောက်ရောက် အသုံးချနိုင်မှသာ စံချိန်စံညွှန်း ပြည့်မီသည့် ရလဒ်ကောင်းများ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဘဏ္ဍာကို စီမံသုံးစွဲရာတွင် လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ချမှတ်ထားသော လမ်းညွှန်ချက်များကို တိကျစွာ လေးစားလိုက်နာ ဆောင်ရွက်ကြပြီး ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ် အစီရင်ခံစာအားလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးများက ဒေသအလိုက် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းတိုင်း ရေရှည်တည်တံ့ခိုင်မြဲစေခြင်းဖြင့် ပြည်သူ့ဘဏ္ဍာကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ဖော်ကိုင်ဖက်များအပါအဝင် အောက်ခြေအဆင့်အထိ ဝန်ထမ်းအသီးသီးတို့က ဌာန၏ အောင်မြင်မှုသည် မိမိတို့၏ စွမ်းဆောင်မှုရလဒ်ဖြစ်ကြောင်း လက်ခံယုံကြည်လာမှသာ အောင်မြင်မှုအစစ်အမှန်ကို ရရှိမည်ဖြစ်ကြောင်း။



သို့ဖြစ်ရာ မိမိတို့ ဝန်ထမ်းတိုင်း၏ ခံယူချက်မှန်ကန်ရေး၊ စွမ်းဆောင်ရည်ပြည့်ဝရေးအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ စည်းကမ်းပိုင်းဆိုင်ရာများကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်သည့်နည်းတူ ဝန်ထမ်းများ သက်သာချောင်ချိရေးကိုလည်း တရားနည်းလမ်းကျစွာ စီမံဖြည့်ဆည်းပေးရန် ပြောကြားခဲ့သည်။ **သတင်းစဉ်**

❖ *ရှေ့စာမျက်နှာမှ*

အဆိုပါ ချင်းတွင်းမြစ်ကူးတံတား (ခန္တီး)သည် ခန္တီး-ဆင်သေ-လဟယ် လမ်းပေါ် တွင်တည်ရှိကာ ပင်မတံတား အရှည်မှာ ၄၄၉ ဒသမ ၅ မီတာ၊ တံတား အကျယ်မှာ ၈ ဒသမ ၅ မီတာနှင့် ပင်မ တံတား၏ ဘေးတစ်ဖက်စီတွင် လူသွား လမ်း ၁ မီတာစီပါရှိပြီး တံတား တည်ဆောက်ပြီးစီးမှု ၉၂ ရာခိုင်နှုန်း ရှိကြောင်းနှင့် မကြာမီဖွင့်လှစ်တော့မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင် များသည် ခန္တီးမြို့မှ တပ်မတော်အထူး လေယာဉ်ဖြင့်ထွက်ခွာလာရာ ညနေပိုင်း တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ ချင်းတွင်းမြစ်ကူးတံတား (ခန္တီး)ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။
သတင်းစဉ်

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၇/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ ငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးသာဦးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဥပဒေနယ်ပယ်နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် ရန်ကုန်မြို့ရှိ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E Ms. Vanessa Chan Yuen Ying အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အကြောင်းခြင်းအရာများ၊ ဥပဒေ နယ်ပယ်နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E Ms. Vanessa Chan Yuen Ying တို့ တွေ့ဆုံဆွေးနွေးစဉ်။
သတင်းစဉ်

# Mr. Ahmed Nuhu Bamalli အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

Mr. Ahmed Nuhu Bamalli အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

Mr. Ahmed Nuhu Bamalli ကို ၁၉၆၆ ခုနှစ်တွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် Ahmadu Bello University မှ ၁၉၈၉ ခုနှစ်တွင် ဥပဒေဘာသာဖြင့် လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ်မှ အဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်မှုဒီပလိုမာကို ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် FSB International Bank Plc ၌ ဒုတိယမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အကြီးတန်းမန်နေဂျာအဖြစ် ရာထူးတိုးမြှင့်ခံရပါသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အဘူဂျာမြို့ပြစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၌ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ဂျီးရီးယားမိုဘိုင်း ဆက်သွယ်ရေးလီမိတက်၌ အထွေထွေမန်နေဂျာအဖြစ်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ် အထိ လုံခြုံရေးဆိုင်ရာ ပုံနှိပ်လုပ်ငန်းနှင့် ဒင်္ဂါးထုတ်လုပ်ရေးကုမ္ပဏီ၌ အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး/ အမှုဆောင်အရာရှိချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

**သတင်းစဉ်**

# Prof Dr. Iza Fadri အား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက Prof Dr. Iza Fadri အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Prof Dr. Iza Fadri သည် ၃၀-၈-၁၉၆၂ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ဥပဒေပညာကို သင်ကြားခဲ့ရာ ၁၉၈၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် မဟာဘွဲ့ကို လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ပါရဂူဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဗဟိုဘန်ဒေါင်းမြို့ ရဲတပ်ဖွဲ့တွင် အရာရှိငယ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်များအတွင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့၏ ဌာနအသီးသီးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယင်းနောက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အင်ဒိုနီးရှားအမျိုးသားရဲကောလိပ်တွင် ကျောင်းအုပ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဆူမတြားတောင်ပိုင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ အကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့၏ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အကြီးအကဲ၏ အထူးအကြံပေးအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ယနေ့အထိ အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ၏ အထူးအကြံပေးများ၏ ညှိနှိုင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ဖြင့် ယူနီဖောင်းများ ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြရန်နှင့် ဝတ်ဆင်ကြောင်း တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်အတွင်း ပုဂ္ဂလိကလုံခြုံရေး ကုမ္ပဏီများနှင့် အသင်းအဖွဲ့များသည် နိုင်ငံတော် လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်ဖြင့် ယူနီဖောင်းများ ဝတ်ဆင် အသုံးပြုလျက်ရှိကြောင်း သိရှိရပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသည့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၇၁ အရ ပြည်သူ့ဝန်ထမ်းမဟုတ်သူ တစ်ဦးဦးသည် ပြည်သူ့ဝန်ထမ်းဖြစ်ကြောင်း သူတစ်ပါးမှ ယုံကြည်စေရန် ရည်ရွယ်၍ ဖြစ်စေ၊ ယုံကြည်စေမည်ကို သိလျက်နှင့်ဖြစ်စေ ပြည်သူ့ဝန်ထမ်းတို့ ဝတ်ဆင်၊ ကိုင်ဆောင်သည့် အဝတ်တန်ဆာ၊ အမှတ်အသားနှင့် သဏ္ဌာန်တူသော အဝတ်တန်ဆာ၊ အမှတ်အသားတို့ကို ဝတ်ဆင်လျှင် သို့မဟုတ် ကိုင်ဆောင်လျှင် သုံးလထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်နှစ်သောင်းထိ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ထို့အပြင် မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(က)အရ မည်သူမဆို ပိတ်ပင်တားမြစ်ထားသည့်နေရာသို့ ဝင်ရောက်ခွင့်ရလိုသော ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ဝင်ရောက်ခွင့်ရအောင် သူတစ်ပါးအား ကူညီလိုသော ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ နိုင်ငံတော် လုံခြုံရေးကိုထိခိုက်လိုသော ရည်ရွယ်ချက်ဖြင့် လည်းကောင်း၊ ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားအရာထမ်း၊ အမှုထမ်းများနှင့် သက်ဆိုင်သည့် ဝတ်စုံကိုဖြစ်စေ၊ အဆိုပါ ဝတ်စုံနှင့် ပုံသဏ္ဌာန်တူသော ဝတ်စုံကိုဖြစ်စေ အသုံးပြုလျှင်၊ ဝတ်ဆင်လျှင် သို့မဟုတ် အဆိုပါဝတ်စုံအား အသုံးပြုခွင့်၊ ဝတ်ဆင်ခွင့်ရှိသည်ဟု မမှန်မကန် ပြောဆိုလျှင် ပုဒ်မ ၆၊ ပုဒ်မခွဲ (၃)အရ နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟု ပြဋ္ဌာန်းထားရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများနှင့် အသင်းအဖွဲ့များသည် နိုင်ငံတော်လုံခြုံရေး အဖွဲ့အစည်းများ ဝတ်ဆင်အသုံးပြုသည့်ဝတ်စုံများ၊ အဆိုပါဝတ်စုံများနှင့် သဏ္ဌာန်တူသည့် ဝတ်စုံများကို ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုကြပါရန်နှင့် ထိုသို့ ဝတ်ဆင်ကြောင်းတွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ပြည်ထဲရေးဝန်ကြီးဌာန**

# မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်က မြန်မာကျပ်ငွေဆိုင်ရာ ဘဏ်လုပ်ငန်းများကို တိုးချဲ့ဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်သည် အစိုးရဌာန၊ လုပ်ငန်းအဖွဲ့အစည်းများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကကဏ္ဍကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံခြားငွေဆိုင်ရာ ဘဏ်လုပ်ငန်းများ အပြင် မြန်မာကျပ်ငွေဆိုင်ရာ ဘဏ်လုပ်ငန်းများကိုလည်း တိုးချဲ့ဝန်ဆောင်မှုပေးလျက်ရှိပြီး ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှ ရရှိသည့် အမြတ်ငွေပေါ်မှ နှစ်စဉ် ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို ပေးသွင်းလျက်ရှိသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန် ကျပ် ၅၉၂၄ ဒသမ ၃၉၀ သန်း၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ ၅၄၂၇ ဒသမ ၇၃၀ သန်း၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေ ၈၃၈၄ ဒသမ ၂၅၀ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန် ကျပ် ၉၈၉၄ ဒသမ ၄၁၆ သန်း၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေကျပ် ၁၈၅၄၄ ဒသမ ၅၀၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန်ကျပ် ၉၄၈၀ ဒသမ ၇၅၀ သန်း၊ ဘဏ္ဍာရေးနှစ် ၃ နှစ်တာကာလအတွင်း ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေ စုစုပေါင်း ကျပ် ၅၇၆၅၆ ဒသမ ၀၃၆ သန်းကို နိုင်ငံတော်သို့ ပေးသွင်းနိုင်ခဲ့ကြောင်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ထာဝရငြိမ်းချမ်းရေးရရှိရန်လိုအပ်ပြီး တပ်မတော်မှ ပြင်းပြသည့်ဆန္ဒဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထက်မြန်မာပြည် ကက်သလစ်ဂိုဏ်းအုပ် ဆရာတော် ပေါလ်ဂရောင် ဦးဆောင်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကက်သလစ်ဆရာတော်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၆**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အထက်မြန်မာပြည် ကက်သလစ်ဂိုဏ်းအုပ် ဆရာတော် ပေါလ်ဂရောင် ဦးဆောင်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကက်သလစ်ဆရာတော်များနှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

**ဆောင်ရွက်နေ**

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်စဉ်ခိုင်မာစေရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်ပြီး တပ်မတော်မှ ပြင်းပြသည့်ဆန္ဒဖြင့်ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေကြောင်း၊ တပ်မတော်သည် တိုင်းရင်းသားများနှင့် မည်သည့်ပြဿနာမှ မရှိဘဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်သာ ငြိမ်းချမ်းရေးဆွေးနွေးနေခြင်းဖြစ်ပြီး ၎င်းတို့ မကျေလည်မှုများကိုလည်း လက်ခံ ဆွေးနွေးမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးအမှန်တကယ် ရယူလိုစိတ်ရှိရန်လိုပြီး ငြိမ်းချမ်းရေး သဘောတူညီချက်များ၊ ကတိကဝတ်များကိုမချိုးဖောက်ရန်လိုကြောင်း၊ Rdrd အနေဖြင့် IDP Camp များမရှိစေလိုကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက IDP Camp များကို အကာအကွယ်မယူရန် အရေးကြီးပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့နေရပ်များတွင် ပြန်လည်အခြေချနေထိုင်စေလိုပြီး မိမိတို့ တပ်မတော်မှ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေကြောင်း ရှင်းလင်းပြောကြားသည်။

အထက်မြန်မာပြည် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ပေါလ်ဂရောင်က တပ်မတော်မှ မြန်မာနိုင်ငံထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုအောင်မြင်စေရန်နှင့် ပြည်သူများအားလုံး အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုရှိပါစေကြောင်း ဆုမွန်ကောင်းတောင်း စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဂျပန်-မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရက်သတ္တပတ်အတွင်း သယံဇာတနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၁၆**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် ဂျပန်-မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရက်သတ္တပတ်ကာလအတွင်း စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Park Royal ဟိုတယ်တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ဆွေးနွေးသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များတွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ ဂျပန်နိုင်ငံအခြေစိုက် IGES Centre Collaborating with UNEP on Environmental Technologies (CCET) ရဲ့နည်းပညာအကူအညီဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတို့ဖြင့် ပူးပေါင်း၍ အမျိုးသားအဆင့်နဲ့ မြို့တော်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်များကိုလည်း ရေးဆွဲပြီးရှိပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏အတွေ့အကြုံများ၊ ကျင့်သုံးလျက်ရှိသော မူဝါဒပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ စံချိန်စံညွှန်းများ၊ နည်းစနစ်များကို လေ့လာသိရှိနိုင်မှာဖြစ်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲရလဒ်များကို အခြေခံ၍ မြန်မာနိုင်ငံ အနေအထားနှင့် သင့်လျော်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများ၊ လမ်းညွှန်ချက်များ ရရှိလာနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီးဌာန State Minister H. E. Mr. Tadahiko Ito က အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ ၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် ပတ်ဝန်းကျင်ရေးရာ ကဏ္ဍများနှင့် ပတ်သက်သည့် နှစ်နိုင်ငံ ပူးတွဲကြေညာချက်ကို ဝန်ကြီးဌာနနှစ်ခုအကြား လဲလှယ်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပထမပိုင်းအစီအစဉ်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညစ်ညမ်းမှုကာကွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမော်က မြန်မာနိုင်ငံ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စနစ်အကြောင်းကိုလည်းကောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဒေါက်တာသစ်ဆင်းက မန္တလေးမြို့၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်အကြောင်းကို လည်းကောင်း၊ IGES Centre Collaborating with UNEP on Environmental Technologies (CCET) ကိုယ်စားလှယ် Dr. Kumara က မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်နှင့် မြို့တော်အဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များ ရေးဆွဲထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယပိုင်း အစီအစဉ်အရ ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာ သန့်ရှင်းမှု ဗဟိုဌာနမှ Mr.Shoichi Hayami က ဂျပန်နိုင်ငံ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ကျင့်သုံးလျက်ရှိသော ဥပဒေရေးရာကိစ္စရပ်များကို လည်းကောင်း၊ ဖူကူအိုကာမြို့တော် အစိုးရကိုယ်စားလှယ် Mr. Shinji Kama က စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်သော လုပ်ကိုင်ဆောင်ရွက်မှု နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် အပြစ်ပေး အရေးယူမှုများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တတိယပိုင်း အစီစဉ်အရ ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာ ကုန်ထုတ်လုပ်သူများ အသင်းမှ Mr.Kazuyoshi Honobe က ဂျပန်နိုင်ငံ၏ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့် နည်းပညာများကို လည်းကောင်း၊ ပင်လယ်ရပ်ခြားပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနမှ Mr. Takayuki Hasegawa က ဂျပန်နိုင်ငံရှိ အမှိုက်မှ စွမ်းအင်ထုတ်လုပ်နေသော စီမံကိန်းများ၏ Public Private Partnership လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ တက်ရောက်လာသူများမှ ညှိနှိုင်းဆွေးနွေးကြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲ မရမ်းကုန်းမြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၆**
"လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ စန္ဒိမာခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။**(ယာပုံ)**

အဆိုပါ စကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ခင်သဒ္ဒါ၊ မြို့နယ်ပညာရေးဦးစီးဌာနမှူးရုံးမှ ဒေါက်တာ ယုမွန်သော်၊ မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး စာရေးဆရာ မြေလတ်ထင်ကျော်မိုး ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်သီသီစန်းတို့က စာပေ ၊ ကျန်းမာရေး၊ ရိုးရာဝတ်စား ဆင်ယင်မှု၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးခံရမှုတို့နှင့် ပတ်သက်သည့် အသိပညာပေးကဏ္ဍများအပြင် မိမိတို့၏ ဘဝတွင်ကြုံတွေ့ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို ကျောင်းသား ကျောင်းသူများ အသိပညာ၊ ဗဟုသုတရရှိစေရန် ဟောပြောမှုများ ပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

ယနေ့စကားဝိုင်းနှင့်ပတ်သက်၍ စာရေးဆရာ မြေလတ်ထင်ကျော်မိုးက "လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ ခေါင်းစဉ်အတိုင်း လူငယ်တွေသိသင့်သိထိုက်တဲ့ အကြောင်းအရာတွေကို အဓိကထားပြီး ဆွေးနွေးခဲ့ပါတယ်၊ လူငယ်တွေအနေနဲ့ မြန်မာ့သမိုင်းအမွေ၊ သမိုင်းကြောင်းအမှန်ကို သိဖို့အတွက် ကုန်းဘောင်ခေတ်က အကြောင်းတွေကိုလည်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့ပါတယ်၊ ဒီလိုပွဲတွေကနေ လူငယ်တွေ အသိပညာ ဗဟုသုတ အများကြီးရရှိနိုင်တဲ့အတွက် မကြာခဏပြုလုပ်သင့်ပါတယ်"ဟု ပြောသည်။

မရမ်းကုန်းမြို့နယ်အတွင်းရှိ လူငယ် လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ အသိအမြင် ဗဟုသုတတိုးပွားစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်ကာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



"မြန်မာ့ယဉ်ကျေးမှုနဲ့ကိုက်ညီအောင် ဘယ်လိုဝတ်စားဆင်ယင်ရမယ်၊ ထိန်းသိမ်းနေထိုင်ရမယ်ဆိုတာတွေအပြင် စာပေဖတ်ခြင်းရဲ့ အကျိုးကျေးဇူးကြောင့် အရေးကြုံလာရင်ဘယ်လို အထောက်အကူဖြစ်တယ် ဆိုတာတွေကို ဒီပွဲကနေ သိခွင့်ရခဲ့ပါတယ်၊ ဒီလိုပွဲတွေက သမီးတို့လို လူငယ်တွေအတွက် အများကြီးလိုအပ်ပါတယ်၊ ဒီပွဲကရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေကို အပြင်မှာ လက်တွေ့အသုံးချနေထိုင်သွားမယ်လို့ စိတ်ကူးထားပါတယ်"ဟု မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဖူးပွင့်ဝေက ဆိုသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူ ၅၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ အလားတူ အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ကျင်းပလျက်ရှိရာ လာရောက်လေ့လာ ဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

✱ ရှေ့ဖုံးမှ

ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၂၂၇၂၀ ဒသမ ၅၅၀ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်များ**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ရှင်းလင်းတင်ပြကြသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက** ဝန်ကြီးဌာနအနေဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများနှင့် မီးရထားလမ်း တာပေါင်များ ရေကျော် ပျက်စီးမှုများအတွက် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်နိုင်ရန် ငွေကျပ်သန်း ၈၄၀၁ ဒသမ ၈၆၉ သန်း ခွင့်ပြုရရှိခဲ့ပါကြောင်း၊ အဆိုပါ ခွင့်ပြုငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၂ ခုအတွက် ငွေကျပ် သန်း ၈၂၂၄ ဒသမ ၁၄၀ သန်း၊ မီးရထားလမ်း တာပေါင်များ ရေကျော်ပျက်စီးမှု နှစ်နေရာအား တာပေါင် ပြန်လည်မြှင့်တင်ခြင်းအတွက် ငွေကျပ်သန်း ၁၇၇ ဒသမ ၇၂၉ သန်းတို့ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ အသက်အိုးအိမ်နှင့် လယ်ယာမြေများ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းနှင့် လူနေအိမ်များ၊ သမိုင်းဝင်စေတီပုထိုးများ ရေတိုက်စား ကမ်းပြိုဆုံးရှုံးမှုများမှ ကာကွယ်နိုင်မည့်အပြင် မီးရထားရေကျော် ရေလွှမ်းနေမှုများအား မဖြစ်မနေပြုပြင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူသွားလာရေး လုံခြုံဘေးကင်းကာ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ် ရန်ပုံငွေ** မှ ငွေကျပ် ၂၂၇၂၀ ဒသမ ၅၅၀ သန်း ခွဲဝေသုံးစွဲခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် **၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများ** နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဒုတိယဝန်ကြီးများက လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

### ခြိုးခြံချွေတာသုံးစွဲရေး

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**တို့ ကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က နိုင်ငံခြားရေးဝန်ကြီးဌာန၏ မူဝါဒများမှာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေး ရှေးရှုပြီး နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ဒေသတွင်းနှင့် အခြားနိုင်ငံများ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရေး၊ နယ်နိမိတ်သတ်မှတ်ခြင်းများ ဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက် နိုင်ငံတော်၏အကျိုးစီးပွားကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကို စနစ်တကျ အကျိုးရှိစွာ ခြိုးခြံချွေတာ သုံးစွဲရေးတို့ ဖြစ်ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကရငွေမှာ ဆောင်ရွက်ပေးမှုအတွက်ရရှိသည့် ရငွေသာဖြစ်ပြီး သာမန်ရငွေသာဖြစ်ပါကြောင်း၊ သာမန်ရငွေ နှင့်စပ်လျဉ်းပြီး ပစ္စည်းဟောင်းရောင်းချရငွေ၊ တင်ဒါပုံစံရောင်းချရငွေ၊ ဘဏ်တိုးနှင့် နှစ်လွန်ရငွေ စသည်ဖြင့် ကျပ်သန်းပေါင်း ၈၉၃ ဒသမ ၅၀၀ သန်း လျာထားပါကြောင်း။

သုံးငွေအပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၏ အသုံးစရိတ် အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန သာမန်အသုံးစရိတ်အတွက် ကျပ်သန်းပေါင်း ၃၄၇၈၅ ဒသမ ၀၀၀ သန်းအား အဆိုပြုလျာထားခဲ့ပြီး ဘဏ္ဍာငွေ စိစစ်ပူးပေါင်း အဖွဲ့များမှ အဆင့်ဆင့်စိစစ်ပြီး ငွေကျပ်သန်းပေါင်း ၃၄၇၅၈ ဒသမ ၉၁၄ သန်းအား ခွင့်ပြုပေးခဲ့ကာ ယခု ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်တွင် ယခု ခြောက်လပတ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် လျာထားသည့် အစည်းအဝေးများ အသုံးစရိတ်တို့ ပါဝင်ပါကြောင်း၊ ၎င်းတို့မှာ စတုတ္ထအကြိမ်မြောက် အရှေ့ - အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် ယူနန်ဖိုရမ်၊ (၁၆)ကြိမ်မြောက် မြန်မာ-ထိုင်း နည်းပညာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးတို့ ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမှ ဖိတ်ကြားချက်အရ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးတွင် အသစ်တာဝန်ထမ်းဆောင်မည့် အတွင်းရေးမှူးချုပ်အား ဂုဏ်ပြုခရီးစဉ်နှင့် နှစ်(၂၀)ပြည့် ဘင်းမ်စတက်နေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တွင် ဘင်းမ်စတက် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပရန်ရှိပါကြောင်း။

ထို့အတူ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ငွေကျပ်သန်းပေါင်း ၁၂၇၈၇ ဒသမ ၈၃၈ သန်းအား အဆိုပြုလျာထားခဲ့ပြီး ကော်မတီ ၃ ရပ်ဖြစ်သည့် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စက်ပစ္စည်းကြီးကြပ်ရေး ကော်မတီ) တို့မှ အဆင့်ဆင့် စိစစ်ပြီးသည့် ငွေကျပ်သန်းပေါင်း ၁၁၉၄၅ ဒသမ ၃၁၉ သန်းအား ခွင့်ပြုပေးခဲ့ပြီး ယခုအချိန်တွင် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်ပါကြောင်း။

ဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရန်ကုန်ရုံးရှိ မဟောသဓာခန်းမအား (အလျား ပေ ၂၀၀ နှင့် အနံ ပေ ၇၀ ရှိ ၅ ထပ် တိုက် သံတမန်ကျောင်း(Diplomatic Academy)) ဆောက်လုပ်ရန် လျာထားပါကြောင်း။

သံတမန်ကောင်စစ် ငွေလုံးငွေရင်း အသုံးစရိတ်တွင် မြန်မာသံရုံး ပရီတိုးရီးယားမြို့ရှိ နိုင်ငံတော်ပိုင် သံရုံးအကြီးအကဲ နေအိမ်ဆောက်လုပ်ခြင်းအတွက် ပထမအရစ်၊ ဒုတိယအရစ်နှင့် တတိယအရစ် ပေးချေခြင်း၊ မြန်မာသံရုံး ကင်ဘာရာမြို့တွင် ဝန်ထမ်းအိမ်ရာ အသစ်ဆောက်လုပ်ခြင်းနှင့် အခြားပြည်ပ နိုင်ငံများရှိ သံရုံး ၁၂ ရုံး၏ နိုင်ငံတော်ပိုင် အဆောက်အအုံများ အကြီးစား မွမ်းမံပြင်ဆင်ခြင်းတို့ ပါဝင်ပါကြောင်း။

### ရှင်းလင်းတင်ပြ

၂၀၁၈ ခုနှစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်သည့်အတွက် ယနေ့ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန အပါအဝင် နိုင်ငံခြားရေးဝန်ကြီးဌာန အတွက် သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ်သန်းပေါင်း ၄၆၇၀၄ ဒသမ ၂၃၃ နှင့်ပတ်သက်၍ အသုံးစရိတ်များမှာ ယခု ခြောက်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအတွက် လျာထားသည့် မဖြစ်မနေ သုံးစွဲရမည့် အသုံးစရိတ်များသာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ပြည်ထဲရေးဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ဝန်ကြီးဌာနသည် “အုပ်ချုပ်ရေးအာဏာ သက်ရောက်ခြင်းဖြင့် တရားဥပဒေစိုးမိုးမှုကို ရရှိကာ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုတို့ကိုဖြစ်ထွန်းရေး” ဆိုသည့် အမျိုးသားလုံခြုံရေးမူဝါဒကို ချမှတ်ပြီး နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးဟူသော ရည်မှန်းချက်(၄)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လုံခြုံရေးကိစ္စများ တိုးတက်ကောင်းမွန်ရေး၊ အုပ်ချုပ်မှုစနစ် မှန်ကန်ရေး၊ လုပ်ငန်းစွမ်းရည် တိုးတက်မြင့်မားရေး၊ လေ့ကျင့်မှုမပျက် ဆောင်ရွက်ရေး၊ စိတ်ဓာတ်ကောင်းမွန် တိုးတက်မြင့်မားရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် လုပ်ငန်းစဉ် ၆ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းစဉ် ၆ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၄၆၈၆၂ ဒသမ ၀၆၈ သန်းကို လျာထားတင်ပြထားပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် အဓိကလုပ်ငန်းများမှာ ဆောက်လုပ်ရေး အသုံးစရိတ် ငွေကျပ် ၄၄၃၀၄ ဒသမ ၆၁၉ သန်းတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အဆောက်အအုံများ ပြုပြင်ခြင်း လုပ်ငန်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုး ကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ အကြီးအကဲများ၏ ခရီးစဉ်ညွှန်ကြားချက်များ၊ လွှတ်တော်ကတိကဝတ်များ၊ အသစ်ဖွင့်လှစ်မည့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲလေးခုအတွက် လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အကျဉ်းဦးစီးဌာနမှ အကျဉ်းထောင်များနှင့် ထိန်းခမ်းစခန်းတို့တွင် တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများ၊ အကျဉ်းသားအိပ်ဆောင်ဆောက်လုပ်ခြင်း၊ မီးသတ်ဦးစီးဌာနမှ လက်နက်ငယ်လေ့ကျင့်ဆောင်၊ ကင်းသားများ နားနေဆောင် ခြံစည်းရိုးကာရံခြင်းများအတွက် တောင်းခံထားခြင်းဖြစ်ပါကြောင်း။

စက်နှင့် စက်ပစ္စည်း အသုံးစရိတ်အတွက် ငွေကျပ် ၁၀၀၀၆၀ ဒသမ ၄၇၁ သန်းတွင် ဝန်ကြီးရုံး အပါအဝင် တပ်ဖွဲ့၊ ဦးစီးဌာနများအတွက် မဖြစ်မနေ ဖြည့်တင်းရန် လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ မီးသတ်ရေသယ်ယာဉ်များ၊ မီးသတ်ဆေးဘူး အားဖြည့်တင်းစက်များ ဝယ်ယူရန် တောင်းခံထားခြင်းဖြစ်ပြီး ပိုလန်နိုင်ငံမှ ODA ချေးငွေဖြင့် မီးသတ် ယာဉ်နှင့် အပိုပစ္စည်းများ ဝယ်ယူနိုင်ရေး ယူရိုငွေ ၄၉ ဒသမ ၄၅၆ သန်း နှင့်ညီမျှသော ငွေကျပ် ၇၉၃၂၇ ဒသမ ၈၂၅ သန်းအား အရအသုံး ထည့်သွင်းလျာထားပါကြောင်း။

အခြားအသုံးစရိတ် ၂၄၉၆ ဒသမ ၉၅၈ သန်းကို ဝန်ကြီးရုံး အပါအဝင် တပ်ဖွဲ့၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်း အသုံးစရိတ် လုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးချေခြင်း၊ မြေငှားစာချုပ်တန်ဖိုး ကျသင့်ငွေများ ပေးချေခြင်းနှင့် သိမ်းဆည်းမြေများအတွက် မြေလျော်ကြေးပေးချေခြင်းတို့အတွက် တောင်းခံထားခြင်း ဖြစ်ပါကြောင်း။

ဆက်လက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လအတွက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ပါရှိသော ပြည်ထဲရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေအရအသုံးစာရင်းများနှင့်ပတ်သက်၍ သာမန်ရငွေ၌ အခွန် လေးမျိုး ကောက်ခံရရှိမှုမှ ရငွေကျပ် ၆၆၄ ဒသမ ၀၈၂ သန်းနှင့် သာမန်ရငွေကျပ် ၁၇၆၈၇ ဒသမ ၉၇၈ သန်း၊ ကြွေးမြီရငွေကျပ် ၇၉၃၂၇ ဒသမ ၈၂၅ သန်း စုစုပေါင်းရငွေ လျာထားချက်မှာ ငွေကျပ် ၉၇၆၇၉ ဒသမ ၈၈၅ သန်းနှင့် သာမန်အသုံးစရိတ် ငွေကျပ် ၁၇၆၁၁၃ ဒသမ ၀၃၁ သန်းအား တင်ပြတောင်းခံထားပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ငွေလုံးငွေရင်း အသုံးစရိတ်ငွေကျပ် ၁၄၆၈၆၂ ဒသမ ၀၆၈ သန်းနှင့် သာမန်အသုံးစရိတ် ငွေကျပ် ၁၇၆၁၁၃ ဒသမ ၀၃၁ သန်း၊ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၃၂၂၉၇၅ ဒသမ ၀၉၉ သန်းအား ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

### လုပ်ငန်းတာဝန်များ

**ပြန်ကြားရေးဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်မှာ ပြန်ကြားပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန် ဖြစ်ပြီး အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပုံနှိပ်မီဒီယာ၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာများအပြင် အင်တာနက်ကဲ့သို့သော မီဒီယာပုံစံအသစ် (New Media)နှင့် ပြည်သူ့ဆက်ဆံရေး နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရန် မူဝါဒ ၅ ချက် ချမှတ်ထားပါကြောင်း၊ ၎င်းတို့မှာ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆီလျော်ညီညွတ်စွာ ပြန်ကြားပေးရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၏ အကျိုးစီးပွားနှင့်သက်ဆိုင်သည့် အကြောင်းအရာများနှင့် အရေးကြီးသည့် အသိပေးကြေညာချက်များကို ပြန်ကြားပေးရန်နှင့် အသိပညာပေးရန်၊ အများပြည်သူအား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊ အသိဉာဏ်ပညာနှင့် သတင်းအချက် အလက်ပေးမည့် အစီအစဉ်များကို ပြည့်စုံစွာဖော်ပြရန်၊ ပုဂ္ဂလိက မီဒီယာများမှ အများပြည်သူအကျိုးငှာ ဖော်ပြနိုင်ခြင်း မရှိသည့် အစီအစဉ်များကို ဖြည့်စွက်ပေးရန်၊ ပြည်သူလူထု၏ လိုအပ်ချက် နှင့် အကျိုးစီးပွားများအား ဖြည့်ဆည်းပေးရန်၊ လူတစ်ဦးချင်း အတွက် လည်းကောင်း၊ အစုအဖွဲ့များအတွက် လည်းကောင်း အပါအဝင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ရပ်ရွာဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပညာရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်များကို လူထုအခြေပြုဌာန (Community Centre) များနှင့် လူထုအခြေပြုစာကြည့်တိုက် (Community Library) များ ထူထောင်၍ ဖြည့်ဆည်းပေးရန်၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ကျေးလက်နှင့် မြို့ပြဒေသများရှိ လူထု၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးကော်မရှင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းအရ စုစုပေါင်း ရငွေ ၁၇၅၀၅ သန်း အတည်ပြုပေးခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ်ငွေကျပ် ၂၅၅၉၃ သန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၆၃၁ သန်း စုစုပေါင်း ငွေကျပ် ၂၇၂၂၄ သန်း အဆိုပြုခဲ့ပါကြောင်း၊ အဆိုပြုမှုအပေါ် ဘဏ္ဍာရေးကော်မရှင်၏ စိစစ်ချက်များအရ ငွေကျပ်သန်းပေါင်း ၂၄၃၈ ဒသမ ၉၀၀ သန်း လျှော့ချခဲ့ပြီး သာမန်အသုံးစရိတ် ငွေကျပ် ၂၃၄၉၃ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၂၉၁ သန်း စုစုပေါင်း ငွေကျပ် ၂၄၇၈၅ သန်း သတ်မှတ်ပေးခဲ့ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ပြည်ထောင်စု၏ ဘဏ္ဍာငွေ

*စာမျက်နှာ ၇ သို့*


ပြည်ထောင်စုဝန်ကြီး
ဦးကျော်တင်


ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဖေမြင့်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ အောင်သူ

**“လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒနှင့်အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေး ရှေးရှုပြီး နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းစေရေးအတွက် ဒေသတွင်းနှင့် အခြားနိုင်ငံများ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ရေး၊ နယ်နိမိတ်သတ်မှတ်ခြင်းများ ဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိရောက်စွာ အထောက်အကူပြုနိုင်ရန် သံတမန်နည်းလမ်းဖြင့် ညှိနှိုင်းဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ ဘဏ္ဍာငွေကို စနစ်တကျ အကျိုးရှိစွာ ခြိုးခြံချွေတာ သုံးစွဲရေးတို့ဖြစ်”**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၆

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### ချက်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီလော့စ် ဇီမန်းက ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ ယခုလိုပျော်ရွှင်ဖွယ်ကောင်းသော အချိန်အခါသမယတွင် ရင်းနှီးဖော်ရွေသော နှစ်နိုင်ငံဆက်ဆံရေးသည် ကဏ္ဍအတော်များများတွင် လေးနက်စွာဖြင့် ဆက်လက်တိုးတက်ပါစေကြောင်း၊ အဆွေတော်နှင့် မြန်မာပြည်သူများ ပျော်ရွှင်မှုအပေါင်း ခညောင်းပါစေရန် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်ဒရေးဘားဘစ်(စ်) က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ ယခုလိုပျော်ရွှင်ဖွယ်ကောင်းသော အချိန်အခါသမယတွင် ရင်းနှီးဖော်ရွေသော နှစ်နိုင်ငံဆက်ဆံရေးသည် ကဏ္ဍအတော်များများတွင် အင်နှင့်အားနှင့် အောင်မြင်စွာ ဆက်လက်တိုးတက်ပါစေကြောင်း ဆန္ဒမွန်ကောင်း တောင်းလိုက်ပါကြောင်း ဖော်ပြပါရှိပါသည်။ ထို့အတူအဆွေတော်လည်း အောင်မြင်မှုအပေါင်း ခညောင်းပြီး ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါကြောင်း ဆက်လက်ဖော်ပြထားပါသည်။

### ဘူတန်ဘုရင့်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘူတန်ဘုရင့်နိုင်ငံ ဘုရင်ဂျစ်မီ ခေဆာ နန်းဂျဲလ်ဝန်ချွတ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ဘူတန်ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ မြန်မာပြည်သူများ ငြိမ်းချမ်း၊ တိုးတက်၊ ချမ်းသာကြွယ်ဝခြင်း များပြည့်စုံစေရန် ဆန္ဒမွန်ကောင်း တောင်းလိုက်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်အစွန့်ရှည်စေရန် ဆုတောင်းပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိပါသည်။ အဆွေတော် ဘေးဘယာတွေဝေးကွာပြီး စိတ်လက်ရွှင်လန်း ဝမ်းမြောက်စေရန် တောင်းဆုမေတ္တာပို့သလိုက်ပါကြောင်းဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာတွင် ဆက်လက်ဖော်ပြထားပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘူတန်ဘုရင့်နိုင်ငံ ဝန်ကြီးချုပ် ဒါရှိုရှာရင်းတော့ဂေးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကျရောက်သော မိမိတို့နိုင်ငံ၏ အမျိုးသားနေ့တွင် နွေးထွေးကြင်နာ ကရုဏာတရားများပါသော မေတ္တာစကားများကို ပေးပို့သည့်အတွက် ကျေးဇူးတင်ကြောင်းပြောကြားရင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ဘူတန်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ ဘူတန်နှင့် မြန်မာနိုင်ငံတို့ကြား တူညီမှုများကို မျှဝေခံစားဖို့ အဆွေတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းရှိပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုနှင့် ဘူတန်နိုင်ငံအပေါ် အဆွေတော်၏ အလေးထားမှုတို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ကြောင်း၊ ယခုလို နှစ်သစ်အခါသမယတွင် အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းဝမ်းမြောက်ပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ ငြိမ်းချမ်း၊ တိုးတက်၊ ပြည့်စုံကြွယ်ဝမှု များနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်ဟု ဖော်ပြပါရှိပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

---

*စာမျက်နှာ ၆ မှ*

အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အဆင့်ဆင့် စိစစ်ထားပြီးဖြစ်ပါသဖြင့် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့်အညီ ဝန်ကြီးဌာန၏ မျှော်မှန်းချက် (Vision)၊ လုပ်ငန်းတာဝန်(Mission)၊ ရည်မှန်းချက် ၁၁ ရပ်၊ မူဝါဒအပိုင်း ၁၀ ပိုင်းနှင့် အချက် ၅၀၊ ရှေ့လုပ်ငန်းစဉ်အပိုင်း ၁၀ ပိုင်းနှင့် အချက် ၈၁ ချက်တို့ကို ရေးဆွဲတင်ပြ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

### ရည်မှန်းချက်ထားရှိ

အဆိုပါ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍအနေဖြင့် ငွေကျပ် ၂၉၄၂ ဒသမ ၀၇၂ ဘီလီယံ ရည်မှန်းထားရှိပြီး ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သားငါးကဏ္ဍအနေဖြင့် ငွေကျပ် ၂၄၁၇ ဒသမ ၄၆၂ ဘီလီယံ ရည်မှန်းထားရှိပြီး ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးရုံး၊ ဦးစီးဌာန၊ တက္ကသိုလ်တို့တွင် စီမံကိန်း ၃၂ ခုနှင့် လုပ်ငန်း ၂၉၅ ခုတို့ကို ဆောင်ရွက်ရန်လျာထားပြီး ငွေကျပ် သန်း ၁၄၉၈၈ ဒသမ ၁၀၇ တောင်းခံခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့ စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့က စိစစ်ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ သာမန်အသုံးစရိတ် ငွေကျပ် ၁၈၄၆၅၇ ဒသမ ၆၅၆ သန်းတွင် နိုင်ငံတော်မှတောင်းခံသည့် ငွေကျပ် ၁၄၉၃၄၅ ဒသမ ၁၈၄ သန်းနှင့် ပြည်ပအကူအညီရငွေ ငွေကျပ် ၃၅၃၁၂ ဒသမ ၄၇၂ သန်း ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ငွေလုံးငွေရင်း အသုံးစရိတ် (ပြည်ပအကူအညီ၊ ပြည်ပချေးငွေ အပါအဝင်) ငွေကျပ် ၁၄၉၈၈ ဒသမ ၁၀၇ သန်းဖြစ်ပြီး ဆောက်လုပ်ရေး အသုံးစရိတ်ငွေကျပ် ၈၉၂၈၆ ဒသမ ၃၄၅ သန်း၊ စက်ပစ္စည်းအသုံးစရိတ်အနေဖြင့် ငွေကျပ် ၉၅၅၅ ဒသမ ၄၆၇ သန်း၊ အခြားအသုံးစရိတ်အနေဖြင့် ငွေကျပ် ၅၁၀၄၆ ဒသမ ၂၉၅ သန်း ဖြစ်ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၄၉၈၈ ဒသမ ၁၀၇ သန်းတွင် နိုင်ငံတော်မှ တောင်းခံသည့် ငွေကျပ် ၆၁၁၀၃ ဒသမ ၀၉၂ သန်း ပြည်ပအကူအညီရငွေ ငွေကျပ် ၂၉၄၅ ဒသမ ၃၉၅ သန်း၊ ပြည်ပချေးငွေ ငွေကျပ် ၈၅၈၃၉ ဒသမ ၆၂၀ သန်း ဖြစ်ပါကြောင်း။

### စီးပွားရေးမူဝါဒများနှင့်အညီ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ လယ်ယာကဏ္ဍနှင့် ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သည့် စီမံကိန်းများ၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခွဲဝေရရှိသည့် ဘဏ္ဍာငွေကြေးများကို အကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီလ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မျိုးသူဟိန်း၊ မိမိဖြိုး**

---

**❑ *ကျောဖုံးမှ***

" YBS နဲ့ပတ်သက်လို့ ၂၀၁၈ ခုနှစ်မှာ ကျွန်တော်တို့ဘက်က ပြင်ဆင်နေတဲ့ အဓိက ပြင်ဆင်မှုကတော့ ငွေပေးချေတဲ့စနစ်ကို ကတ်နဲ့ပေးချေတဲ့ စနစ်ဖြစ်ဖို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်၊ အခုပြုပြင်ပြောင်းလဲမှုအနေနဲ့ စတင်ပြင်ဆင်နေပြီ ဖြစ်ပါတယ်၊ တင်ဒါစနစ်ခေါ်ယူပြီး အောင်မြင်တဲ့ ကုမ္ပဏီတွေလည်း ကြေညာထားပြီး ဖြစ်ပါတယ်၊ ပြည်သူအများစုဟာ ပိုက်ဆံကို ကိုင်တွယ်ပြီးသုံးစွဲတဲ့ ဓလေ့နဲ့သာ ကြီးပြင်းခဲ့တာဖြစ်ပါတယ်၊ ဘဏ်ကတ်နဲ့ ငွေပေးချေမှုကို ဒီကနေ့အထိ အလှမ်းဝေးနေဆဲပဲ ဖြစ်ပါတယ်၊ စတင်ဆောင်ရွက်မယ့် ကတ်စနစ်ဟာ ပြည်သူလူထု လက်လှမ်းမီနိုင်တဲ့ ကတ်စနစ်ဖြစ်ဖို့ ကျွန်တော်တို့ ကြိုးပမ်းသွားမှာပါ၊ လွယ်လွယ်ကူကူနဲ့ ကတ်ကိုဝယ်ယူပြီး ဘတ်စ်ကားလည်းစီးလို့ရ၊ အခြားအသုံးပြုစရာ ငွေပေးချေမှု လုပ်ငန်းတွေကိုလည်း ကတ်နဲ့ငွေပေးချေနိုင်ဖို့အထိ တက်လှမ်းနိုင်ဖို့ ပြင်ဆင်သွားမှာဖြစ်ပါတယ်၊ ဒီကတ်စနစ်ဟာ နိုင်ငံတကာကျင့်သုံးနေမှု အပိုင်းမှာလည်း နောက်ဆုံးအဆင့်ပါ"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်မြို့၌ ပြီးခဲ့သော ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ နှစ်ပေါင်းရှည်ကြာ အသုံးပြုခဲ့သော မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မထသ)ကို ဖျက်သိမ်းပြီး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)အဖွဲ့ကို ဖွဲ့စည်းပြီး ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု (YBS) အနေဖြင့် ပြောင်းလဲပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။ YBS ပြောင်းလဲမှု ရည်ရွယ်ချက်မှာ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု လျော့နည်းကျဆင်းစေရန်၊ ယာဉ်အန္တရာယ်လျှော့ချနိုင်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြစေရန် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ ယခင်ယာဉ်လိုင်းပေါင်း ၃၀၀ ကျော်မှ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့သည့်အနေဖြင့် ယာဉ်လိုင်းပေါင်း ၉၀ ကျော်အထိ လျှော့ချနိုင်ခဲ့သည်။ ယာဉ်အို၊ ယာဉ်ဟောင်းများကိုလည်း ဖျက်သိမ်းကာ ခေတ်မီကားသစ်များကို အစားထိုးလဲလှယ်လျက်ရှိသည်မှာ ရာခိုင်နှုန်းအတော်များများ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

" YBS စနစ်ကို ပြည်သူနဲ့အတူ တစ်နှစ်တာကာလအတွင်းမှာ ပြုပြင်ပြောင်းလဲမှုများစွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ အများပြည်သူကြား ပြဿနာတစ်ရပ်လိုဖြစ်နေခဲ့တဲ့ ယာဉ်နောက်လိုက်စနစ်ကို ဖျက်သိမ်းပြီး တိုက်ရိုက်ငွေထည့်တဲ့ စနစ်နဲ့ စတင်နိုင်ခဲ့သလို ဘတ်စ်ကား၊ Taxi၊ ကျောင်းကား၊ Water Bus ဒီပြုပြင်ပြောင်းလဲမှု တော်တော်များများကို ပြောင်းလဲနိုင်ခဲ့ပါတယ်၊ တစ်ခုနဲ့တစ်ခု ချိတ်ဆက်မှုရှိအောင်လည်း ကြိုးပမ်းသွားမှာပါ၊ ဥပမာ-ဘတ်စ်ကားနဲ့ Water Bus၊ ရထားဘူတာရုံနဲ့ ဘတ်စ်ကားချိတ်ဆက်မိဖို့ ကြိုးပမ်းမှာ ဖြစ်ပါတယ်၊ ဘူတာရုံနဲ့ ဘတ်စ်ကားဟာ အလှမ်းဝေးကွာနေပါတယ်၊ အခုလို YBS အနေနဲ့ တစ်နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သလို အငှားယာဉ်စနစ်ကိုလည်း ပြုပြင်ပြောင်းလဲနိုင်ဖို့ Water Bus စနစ်ကိုလည်း ပိုမိုတိုးတက်ကောင်းမွန်လာဖို့ အခြားအခြားသော အများသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း ဖွံ့ဖြိုးတိုးတက်လာဖို့ ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဆက်လက်ပြောကြားသည်။

ယခုအခါ ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု YBS အနေဖြင့် တစ်နှစ်တာအတွင်း ယခင် မထသယာဉ်လိုင်း ၃၀၀ ကျော်မှ ယခုအခါ YBS ယာဉ်လိုင်း ၉၀ ကျော်အထိ လျှော့ချကာ ပြေးဆွဲလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန် ကွန်ရက်ဖြန့်ကာ ပြေးဆွဲပေးလျက်ရှိသကဲ့သို့ များမကြာမီတွင်လည်း ယာဉ်အစီးရေ ၈၀၀ ကို တိုးချဲ့ ပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်းနှင့် ယာဉ်အို၊ ယာဉ်ဟောင်းနေရာများကိုလည်း ထပ်မံအစားထိုး ပြေးဆွဲပေးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

---

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့ ဦးအောင်မြတ်လမ်း၊ အမှတ်(၇)ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၁-၂၀၁၈ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ၏ အလံပုံစံ**




**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ၏ တံဆိပ်ပုံစံ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ၊ ဇန်နဝါရီ ၁၆ ရက်တွင် **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)**က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲ အချိန်စာရင်းထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၁၆

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပါဠိပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ဓမ္မာစရိယစာမေးပွဲကို ၂၀၁၈ ခုနှစ် မတ် ၂၁ ရက်မှ ၃၀ ရက်အထိ၊ မတ် ၂၇ရက် (တပ်မတော်နေ့) နားရက်၊ ၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၅ ရက်မှ တန်ခူးလဆန်း ၁၄ ရက်အထိ လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ၊ ၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်မှ တန်ခူးလပြည့်ကျော် ၃ ရက်အထိ လည်းကောင်း တစ်နိုင်ငံလုံးရှိ စာဖြေဌာနအားလုံးတွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။**

သတင်းစဉ်

**ဓမ္မာစရိယစာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၅)ရက် (၂၁.၃.၂၀၁၈)၊ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၄)နာရီထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ(၁) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၆)ရက် (၂၂.၃.၂၀၁၈)၊ ကြာသပတေးနေ့ | -၎င်း- | ၎င်း (၂) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၇)ရက် (၂၃.၃.၂၀၁၈)၊ သောကြာနေ့ | -၎င်း- | သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၈)ရက် (၂၄.၃.၂၀၁၈)၊စနေနေ့ | -၎င်း- | ၎င်း (၂) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၉)ရက် (၂၅.၃.၂၀၁၈)၊ တနင်္ဂနွေနေ့ | -၎င်း- | ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက် (၂၆.၃.၂၀၁၈)၊ တနင်္လာနေ့ | -၎င်း- | ၎င်း (၂) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက် (၂၈.၃.၂၀၁၈)၊ ဗုဒ္ဓဟူးနေ့ | -၎င်း- | မြန်မာဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌာနသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂၉.၃.၂၀၁၈)၊ ကြာသပတေးနေ့ | -၎င်း- | ပါဠိဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ (၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၃၀.၃.၂၀၁၈)၊ သောကြာနေ့ | -၎င်း- | ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

**ပါဠိပထမပြန် စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက် (၂၈.၃.၂၀၁၈)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘိက္ခုပါတိမောက်ဘာသာ<br>-၎င်း-<br>ဒွေမာတိကာဘာသာ<br>-၎င်း- |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂၉.၃.၂၀၁၈)၊ ကြာသပတေးနေ့ | -၎င်း- | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>-၎င်း-<br>-၎င်း<br>-၎င်း- |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၃၀.၃.၂၀၁၈)၊ သောကြာနေ့ | -၎င်း- | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>-၎င်း-<br>-၎င်း-<br>-၎င်း- |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၅)ရက် (၃၁.၃.၂၀၁၈)၊ စနေနေ့ | -၎င်း- | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ၊<br>တိကမာတိကာ၊ ဒုကမာတိကာနှင့်<br>ဓာတုကထာ ဘာသာမာတိကာနှင့်<br>ဓာတုကထာဘာသာ အဘိဓာန်၊<br>အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁)ရက် (၁.၄.၂၀၁၈)၊ တနင်္ဂနွေနေ့ | -၎င်း- | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၂)ရက် (၂.၄.၂၀၁၈)၊ တနင်္လာနေ့ | -၎င်း- | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၃)ရက် (၃.၄.၂၀၁၈)၊ အင်္ဂါနေ့ | -၎င်း- | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

**မှတ်ချက်။ ။လူနှင့်သီလရှင်များသည် (၂၈.၃.၂၀၁၈)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒ ပါဠိအဋ္ဌကထာ (သုခဝဂ်မှ အဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှ ဗာလဝဂ် အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။**

# လီဆူရိုးရာနှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုလီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ နှစ်(၆၀)ပြည့်ပွဲတော် ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၆**

လီဆူရိုးရာနှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ နှစ်(၆၀)ပြည့်ပွဲတော်မှခ်ဦးဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် ပူတာအိုမြို့ လီဆူရိုးရာကွင်း၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လီဆူတိုင်းရင်းသားလူမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ လီဆူအနုပညာရှင်များ **"ငြိမ်းချမ်းရေးသီချင်း"** ဖြင့် ဖျော်ဖြေပြီး လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ကချင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့တို့က ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား လီဆူရိုးရာခေါင်းပေါင်း၊ အင်္ကျီနှင့် ဒူးလေးတို့ကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် လီဆူတိုင်းရင်းသားများအနေဖြင့် ယခုလိုကြီးကျယ်ခမ်းနားသော လီဆူရိုးရာ (ခေါ့ရှိ) နှစ်သစ်ကူးပွဲတော်နှင့် ပူတာအိုလီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ နှစ်(၆၀)ပြည့် အခမ်းအနားကို ကျင်းပနိုင်ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားတို့၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခုအခါတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် ညွှန်ကြားရေးမှူး ရုံးခြောက်ရုံးတည်ဆောက်နေပြီဖြစ်သကဲ့သို့ ရုံးခွဲများကိုလည်း ဖွင့်လှစ်၍ လုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း၊ တိုင်းရင်းသားတို့နေထိုင်ရာ ဒေသအချို့တို့မှာနယ်စွန်နယ်ဖျားတွင်ရှိကြရာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုသည် ငြိမ်းချမ်းရေးပေါ်တွင် အဓိက တည်မှီနေရာ ငြိမ်းချမ်းရေးအတွက် အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ချက်ထား ဆောက်ရွက်လျက်ရှိရာ လီဆူတိုင်းရင်းသားတို့သည်လည်း တစ်တပ်တစ်အားပါဝင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လီဆူရိုးရာကွင်းကျောက်တိုင် ဖဲကြိုးဖြတ် ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်ဖွင့်လှစ်ပေးပြီး အမှတ်တရဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး

**သံတွဲ ဇန်နဝါရီ ၁၆**

သံတွဲမြို့နယ် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၂ ရက်က သံတွဲမြို့ GTI ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်ခိုင်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကောင်းမြတ်လင်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်အသုံးပြုနိုင်ရန်နှင့် ကြိုတင်ကာကွယ်ရန်အတွက် ရှောင်ရန်၊ ဆောင်ရန်တို့ကို ဟောပြောပြီး ပြည်နယ်လျှပ်စစ် စစ်ဆေးရေးမှူး ဦးတင်ဇော်ထွန်းက လျှပ်စစ်အန္တရာယ် လျော့နည်းပပျောက်ရေးတို့အတွက် လျှပ်စစ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

# နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

နေပြည်တော်၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဆရာဇော်ဂျီခန်းမ၌ လူငယ်နှင့် စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပမည်




**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ လူငယ်နှင့် စာကြည့်တိုက် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဆရာဇော်ဂျီခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ စာရေးဆရာ မောင်ဇေယျာ၊ စာရေးဆရာ ဖိုးအောင်လေးနှင့် မြို့နယ်သတင်းထောက် မသူဇာနွယ်(ဖျာပုံ)တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော့မှူးမြို့နယ်တွင် ပြည်သူ့စကားဝိုင်း ပြုလုပ်မည်

**ကော့မှူး ဇန်နဝါရီ ၁၆**

ကော့မှူးမြို့နယ်တွင် ပြည်သူ့စကားဝိုင်း (Public Talk) ကိုဇန်နဝါရီ ၂၀ ရက်မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ကော့မှူးမြို့နယ်ရှိ လူမှုအခြေပြုဗဟိုဌာန (Community Center) ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြည်သူ့စကားဝိုင်းတွင် ကော့မှူးမြို့နယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ စာရေးဆရာ ကိုခါး (ကွမ်းခြံကုန်း)၊ ကော့မှူးမြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဒေါ်ရီရီလွင်တို့ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြည်သူ့စကားဝိုင်းကိုလူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# လိုင်စင်ဆိုင်ရာ အခကြေးငွေများ ပြောင်းလဲကောက်ခံခြင်းအတွက် အများပြည်သူသဘောထားတောင်းခံခြင်း

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရကုမ္ပဏီများသို့ ကောက်ခံလျက်ရှိသော ပေးဆောင်ရမည့် လိုင်စင်ဆိုင်ရာ အခကြေးငွေများ ပြင်ဆင်ပြောင်းလဲကောက်ခံခြင်းအတွက် ဆောင်ရွက်လျက်ရှိရာ အကြံပြုလိုသူများရှိပါက www.motc.gov.mm တွင် ကြည့်ရှု၍ ဤကြော်ငြာပါသည့် ရက်မှစ၍ ၇.၂.၂၀၁၈ ရက်နေ့အထိ အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ပေးပို့၍ အကြံပြုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**အကြံပြုစာပေးပို့ရန်-**

၁။ အမြဲတမ်းအတွင်းဝန်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ၀၆၇-၃၄၀၇၃၅၀၊ chitwai.ho@motc.gov.mm

၂။ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ၀၆၇-၃၄၀၇၆၀၉၊ dg.ptd@mptmail.net.mm

၃။ ညွှန်ကြားရေးမှူး၊ လိုင်စင်နှင့်စစ်ဆေးရေးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ၀၆၇-၃၄၀၇၂၁၇၊ ptdregulator@gmail.com

# အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့ စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းအစီအစဉ်အရ "အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" (Promote Integrity to Counter Corruption) ခေါင်းစဉ်ဖြင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို UNODC နှင့်ပူးပေါင်းပြီး ဇန်နဝါရီ ၂၂ နှင့် ၂၃ ရက်များတွင် ရန်ကုန်မြို့ PARKROYAL ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲတွင် စီးပွားရေးပညာရှင်များဖြစ်ကြသည့် ဦးမြင့်နှင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့က ဆွေးနွေးပွဲခေါင်းစဉ်အပေါ် ရှင်းလင်းဆွေးနွေးပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် (ငြိမ်း) ဦးမြသိန်းနှင့် စီးပွားရေးပညာရှင် ဦးခင်မောင်ညို (ဘောဂဗေဒ)တို့က စာတမ်းရှင်များ၏ စာတမ်းဖတ်ကြားမှုများအပေါ် ဆက်လက်ဦးဆောင် ဆွေးနွေးမည်ဖြစ်သည်။ အဆိုပါ စာတမ်းဖတ်ကြား ဆွေးနွေးပွဲတွင် အရပ်ဘက်အဖွဲ့အစည်းများ၊ NGO များမှ ကိုယ်စားလှယ်များကအုပ်စုအလိုက် စာတမ်းများ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ( ဧပြီလ မှ ဒီဇင်ဘာလထိ ) (ယာယီ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၄၂၁၇ သန်း ဆောင်ရွက်နိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလထိ)မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်း ၁၀၅၇၀ နှင့် ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆၄၇ သန်းရှိသဖြင့် ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၄၂၁၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလထိ)တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၈၇၆၅ သန်း၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၆၁၇ သန်း ဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၃၈၂ သန်း ဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် ပို့ကုန်တွင် ဒေါ်လာ ၁၈၀၅ သန်း၊ သွင်းကုန်တွင် ဒေါ်လာသန်း ၂၀၃၀ ပိုမိုသဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၈၃၅ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ပိုမိုတင်ပို့နိုင်ခဲ့သည်-

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ဧပြီလမှ ဒီဇင်ဘာလထိ) | ၂၀၁၆-၂၀၁၇ (ဧပြီလမှ ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁။ | လယ်ယာထွက်ပစ္စည်း | ၂၂၃၁.၅၆၅ | ၂၀၇၂.၁၃၀ | ၁၅၉.၄၃၅ |
| ၂။ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၂၁.၀၂၁ | ၆.၄၇၀ | ၁၄.၅၅၁ |
| ၃။ | ရေထွက်ပစ္စည်းများ | ၄၈၇.၁၂၇ | ၄၀၃.၉၁၃ | ၈၃.၂၁၄ |
| ၄။ | သတ္တုတွင်းထွက်ပစ္စည်း | ၁၀၄၅.၀၅၁ | ၇၆၇.၂၄၃ | ၂၇၇.၈၀၈ |
| ၅။ | သစ်တောထွက်ပစ္စည်း | ၁၆၄.၉၀၅ | ၁၇၇.၉၃၃ | ၁၃.၀၂၈ |
| ၆။ | စက်မှုကုန်ချောပစ္စည်း | ၄၈၇၄.၀၉၁ | ၄၀၀၅.၃၁၇ | ၈၆၈.၇၇၄ |
| ၇။ | အခြားပစ္စည်းများ | ၁၇၄၆.၃၉၀ | ၁၃၃၂.၀၀၆ | ၄၁၄.၃၈၄ |
| | **စုစုပေါင်း** | **၁၀၅၇၀.၁၅၀** | **၈၇၆၅.၀၁၂** | **၁၈၀၅.၁၃၈** |

ပြည်ပမှသွင်းကုန်တင်သွင်းမှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလထိ) သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၃.၆ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူ သွင်းကုန်တန်ဖိုးဒေါ်လာ ၁၁.၆ ဘီလီယံရှိသည့်အတွက် သွင်းကုန်တန်ဖိုးဒေါ်လာ ၂ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုလိုက်တင်သွင်းမှုကို ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် တစ်ဖက်ပါအတိုင်း ပိုမိုတင်သွင်းနိုင်ခဲ့သည် -

**တန်ဖိုး-ဒေါ်လာသန်းပေါင်း**

| စဉ် | အကြောင်းအရာ | ၂၀၁၇-၂၀၁၈ (ဧပြီလမှ ဒီဇင်ဘာလထိ) | ၂၀၁၆-၂၀၁၇ (ဧပြီလမှ ဒီဇင်ဘာလထိ) | နှိုင်းယှဉ်ချက်(+)/(-) |
|---|---|---|---|---|
| ၁။ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ | ၄၈၆၆.၉၁၈ | ၄၇၃၂.၆၇၇ | ၁၃၄.၂၄၁ |
| ၂။ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ | ၅၄၅၅.၈၈၂ | ၄၀၆၇.၃၅၀ | ၁၃၈၈.၅၃၂ |
| ၃။ | လူသုံးကုန်ပစ္စည်းများ | ၃၃၂၄.၃၈၉ | ၂၈၁၇.၃၃၈ | ၅၀၇.၀၅၁ |
| | **စုစုပေါင်း** | **၁၃၆၄၇.၁၈၉** | **၁၁၆၁၇.၃၆၅** | **၂၀၂၉.၈၂၄** |

# လျှပ်စစ်ဝန်ထမ်း လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၆**



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ ဌာနအသီးသီးတွင် အသစ်ခန့်ထားခဲ့သောဝန်ထမ်း(စီမံ/လိုင်း/လယ်ဂျာ/မီတာ)များ၏ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၈)ကို ယမန်နေ့က ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲ၌ နေပြည်တော် လျှပ်စစ်အင်ဂျင်နီယာချုပ် ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်သည်။ သင်တန်းကို ဇန်နဝါရီ ၂၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာ့အာမခံအကြောင်း သိကောင်းစရာများရှင်းလင်း

**တောင်ငူ ဇန်နဝါရီ ၁၆**

မြန်မာ့အာမခံလုပ်ငန်း တောင်ငူခရိုင်ရုံးမှ ယာယီခရိုင်တာဝန်ခံ ဦးကျော်ကျော်စိုးနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၁၄ ရက်က တောင်ငူခရိုင် မီးသတ်ဦးစီးဌာနရုံး၌ အသက်အာမခံလုပ်ငန်းများအကြောင်း သိကောင်းစရာများပညာပေး ရှင်းလင်းပွဲပြုလုပ်ခဲ့ရာ **(အောက်ပုံ)** တောင်ငူခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်း၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ရေတာရှည်၊ ဆွာ၊ မြို့လှမြို့တို့မှ မီးသတ်ဝန်ထမ်းများနှင့် တောင်သူလယ်သမားများတက်ရောက်ကြပြီး မီးသတ်ဝန်ထမ်း ၈၅ ဦးနှင့် တောင်သူလယ်သမား ၃၅ ဦးတို့က အသက်အာမခံ ထားရှိခဲ့ကြောင်း သိရသည်။



အလားတူရှင်းလင်းပွဲကို တောင်ငူခရိုင် ဖြူးမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးခန်းမ၌ အသက်အာမခံအသိပညာပြန့်ပွားရေး ရှင်းလင်းပွဲ ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ တောင်သူလယ်သမား ၂၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# ယခင်က မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တယ်ဆိုတဲ့ အထောက်အထား ပြနိုင်မယ်ဆိုရင် ပြန်လည်လက်ခံသွားမှာ ဖြစ်ပါတယ်

**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနန၌ ကျင်းပခဲ့သည်။ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အခြေအနေများကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဤသို့ ရှင်းလင်းပြောကြားသည်။**

### နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုး

မနေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ရောက်ရှိနေတဲ့သူတွေကို ပြန်လည်လက်ခံနိုင်ဖို့ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးမှုနဲ့ပတ်သက်လို့ အနည်းငယ် ဖြည့်စွက်ရှင်းလင်းလိုပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေး လုပ်ခဲ့ပါတယ်။ မြန်မာဘက်ကတော့ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်ပြီးတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကတော့ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးက ဦးဆောင်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေတဲ့သူတွေကို ပြန်လည်လက်ခံနိုင်ဖို့အတွက် Arrangement မူဘောင်တစ်ရပ်ကို ဝန်ကြီးအဆင့် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဝန်ကြီးအဆင့် လက်မှတ်ရေးထိုးခဲ့တဲ့ မူဘောင်ပေါ်အခြေခံပြီး ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၉ ရက်နေ့က ဒါကာမှာ ကျွန်တော်တို့ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးတစ်ခုလုပ်ခဲ့ပါတယ်။ မြန်မာဘက်က ကိုယ်စားလှယ်အဖွဲ့ကို ကျွန်တော် ဦးဆောင်သွားရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ဘက်က ကိုယ်စားလှယ်အဖွဲ့ကိုတော့ နိုင်ငံခြားရေး အတွင်းဝန်က ဦးဆောင်ခဲ့ပါတယ်။ ပြန်လည်လက်ခံတဲ့အခါမှာ လိုက်နာဆောင်ရွက်ရမယ့် လုပ်ထုံးလုပ်နည်း Term of Reference ကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက် လက်မှတ်ရေးထိုးခဲ့တဲ့ မူဘောင် Arrangement ထဲမှာ လက်မှတ်ရေးထိုးပြီး နှစ်လအတွင်းမှာ ပြန်လည်လက်ခံရေးလုပ်ငန်းတွေ စတင်မယ်လို့ ကျွန်တော်တို့ ဖော်ပြပါရှိပါတယ်။

### နှစ်ဖက်ဆွေးနွေးညှိနှိုင်း

လာမယ့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က နှစ်လပြည့်မြောက်မှာ ဖြစ်တဲ့အတွက် ၂၃ ရက်နေ့မှာ ပြန်လည်လက်ခံဖို့ လုပ်ငန်းစဉ် Repatriation Process စတင်နိုင်ဖို့အတွက် မနေ့က Physical Arrangement လို့ခေါ်တဲ့ လက်တွေ့လက်ခံနိုင်တဲ့အခါမှာ လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ အလားတူ ပြန်လည်လက်ခံတဲ့အခါမှာ အသုံးပြုမယ့် Verification Form ကို သူတို့ဘက်က အကြံပြုချက်တွေနဲ့ ကျွန်တော်တို့ဘက်က ပုံစံတွေသူတို့ဘက်ကို တစ်ခါတည်းပေးအပ်ခဲ့ပါတယ်။ Process က ဒီနေ့မနက် နှစ်ဖက်အဆင့်မြင့်အရာရှိကြီးအဆင့် လက်မှတ်ရေးထိုးတဲ့အတွက် Process ကို ကျွန်တော်တို့ စပြီးတော့ လုပ်တယ်လို့ ပြောနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ အစည်းအဝေးထဲမှာပဲ ဘာတွေတင်ပြခဲ့သလဲဆိုတော့ ပြန်လည်လက်ခံတဲ့အခါမှာ တစ်ဖက်နိုင်ငံကို ရောက်ရှိနေတဲ့ ဟိန္ဒူဘာသာဝင် ၅၀၈ ဦး ရှိပါတယ်။ နောက် ကျွန်တော်တို့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေထိုင်ခဲ့တဲ့ အထောက်အထားအခိုင်အလုံရှိတဲ့ ပုဂ္ဂိုလ် ၇၀၀ ကျော်စာရင်းကိုလည်း ကျွန်တော်တို့ သူတို့ဘက်ကို ပြန်လည်ပေးအပ်ခဲ့ပါတယ်။ ဒါက ကျွန်တော်တို့ ပြန်လည်လက်ခံရေးကို ဆောလျင်စွာ စတင်နိုင်ဖို့အတွက် သူတို့ဘက်က လိုအပ်တဲ့ ပြင်ဆင်မှုတွေ လုပ်ဆောင်နိုင်အောင်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ နိုင်ငံတကာမီဒီယာတွေမှာ မြန်မာနိုင်ငံဘက်က ပြန်လည်လက်ခံရေး နှောင့်နှေးနေတယ်၊ ကျွန်တော်တို့ဘက်က ကန့်ကွက်မှုတွေရှိနေတယ်၊ ဒါကို ကျွန်တော်တို့က သက်သေပြလိုက်တာပါ။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က ပြန်လည်လက်ခံရေးစခန်း နှစ်ခု ပြန်လည်ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သူတို့ဘက်က ကုန်းလမ်းကနေ လာရောက်မယ့် ပုဂ္ဂိုလ်တွေအတွက် တောင်ပြိုလက်ဝဲစခန်းမှာ ကျွန်တော်တို့ လက်ခံသွားမှာ ဖြစ်ပါတယ်။ ရေကြောင်းကနေ လာရောက်မယ့်သူတွေကိုတော့ ငါးခူရစခန်းမှာ လက်ခံသွားမှာဖြစ်ပါတယ်။ ကုန်းနဲ့ရေစခန်း နှစ်ခုမှာ ကျွန်တော်တို့ လိုအပ်တဲ့စိစစ်မှုတွေ ပြုလုပ်ပြီးတဲ့အခါမှာ လှဖိုးခေါင်စခန်းမှာ သူတို့ကို ခေတ္တနေရာချထားပေးမှာ ဖြစ်ပါတယ်။ လှဖိုးခေါင်စခန်းမှာ သူတို့အတွက်လိုအပ်တဲ့ အထောက်အကူပစ္စည်းတွေ၊ နေထိုင်ဖို့အတွက် ပစ္စည်းတွေကို ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

### UEHRD က ကွင်းဆင်းစစ်ဆေး

ဒါကိုတော့ UEHRD နဲ့ ရခိုင်ပြည်နယ်အစိုးရက စီစဉ်ဆောင်ရွက်နေတဲ့ အနေအထားရှိပါတယ်။ တစ်ချိန်တည်းမှာပဲ သူတို့ကို ပြန်လည်နေရာချထားမယ့် ကျေးရွာတွေ၊ အဆောက်အအုံတွေ စတင်ဆောက်လုပ်နေပြီဖြစ်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ဇန်နဝါရီလ ၇ ရက်နေ့ကနေစပြီး ဆောက်လုပ်ရေး



ဦးမြင့်သူ(အမြဲတမ်းအတွင်းဝန်)
နိုင်ငံခြားရေးဝန်ကြီးဌာန

လုပ်ငန်းတွေကို UEHRD က လုပ်နေတာဖြစ်ပါတယ်။ UEHRD က တာဝန်ရှိပုဂ္ဂိုလ်တွေကလည်း မကြာခဏ ရခိုင်ပြည်နယ်ကို သွားရောက်ပြီး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မှုတွေ ပြုလုပ်နေပါတယ်။ ကျွန်တော်တို့ အပိုင်းကတော့ Joint Working Group-JWG မှာ ကျွန်တော်က မြန်မာဘက်က တာဝန်ရှိသူတွေနဲ့ လုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေဖို့အတွက် ဘင်္ဂလားဒေ့ရှ်နဲ့ ဆောင်ရွက်ညှိနှိုင်းတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၃-၁-၂၀၁၈ မှာ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် Repatriation Process ကို စတင်မှာဖြစ်ပါတယ်။ အဲဒီလို စတင်တဲ့အခါမှာ ကျွန်တော်တို့ တစ်ဖက်နိုင်ငံက ပေးပို့လာတဲ့ Verification Form တွေကို လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာနက ကြီးကြပ်သွားမှာ ဖြစ်ပါတယ်။ စိစစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေကို တစ်ဖက်ကို ပြန်လည်ပေးပို့ပြီးတဲ့အခါမှာ တစ်ဖက် Transit Camp တွေကနေ တစ်ဖက်ကို ရွှေ့ပြောင်းရောက်ရှိလာမှာ ဖြစ်ပါတယ်။ Process နဲ့ ပတ်သက်လို့ ကျွန်တော်ရှင်းပြရခြင်း ဖြစ်ပါတယ်။

လုပ်ငန်းစဉ်ကတော့ အခု ကျွန်တော်တို့ ၂၃ ရက်နေ့မှာစမှာဖြစ်ပါတယ်။ တစ်ဖက် နိုင်ငံခြားရေးဝန်ကြီးရုံး အပါအဝင် ဝန်ကြီးဌာနတွေက တာဝန်ရှိဝန်ထမ်းတွေကိုလည်း ပြန်လည်လက်ခံရေး စခန်းတွေမှာ ၁၅၊ ၁၆ ရက်ကနေစပြီး တာဝန်ချထားပြီးတော့ လိုအပ်တဲ့ပြင်ဆင်မှုတွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

### ကတိကဝတ်ပြုပြောကြားခဲ့

မနေ့က အစည်းအဝေးမှာ ဖြည့်စွက်ပြောကြားခဲ့တဲ့ အချက်တစ်ခုကတော့ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေကိစ္စပါ။ အားလုံးသိတဲ့အတိုင်းပဲ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေ ကျွန်တော်တို့ဘက်ကို ပြန်လည်ဝင်ရောက်လာပြီးတော့ ကျွန်တော်တို့ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို ဖျက်လိုဖျက်ဆီးလုပ်မယ့် သတင်းတွေ ရရှိထားပြီးဖြစ်ပါတယ်။ သတင်းအနေနဲ့ ပတ်သက်လို့လည်း လိုအပ်တဲ့ အထောက်အထား ဓာတ်ပုံတွေ ပေးအပ်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီကိစ္စဟာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမယ့် ကိစ္စဖြစ်တဲ့အတွက် အကြမ်းဖက်သမားတွေကို ကျွန်တော်တို့ ၁၉၈၀ ပြည့်နှစ်တုန်းက လက်မှတ်ရေးထိုးခဲ့တဲ့ နယ်နိမိတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နဲ့အညီ ပြန်လည်လွှဲအပ်ဖို့ ထပ်မံတောင်းဆိုခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အကြမ်းဖက်သမားတွေကိစ္စကို နှစ်ဖက် ပူးပေါင်းဆောင်ရွက်သွားပါမယ်လို့လည်း ဘင်္ဂလားဒေ့ရှ် အမြဲတမ်းအတွင်းဝန်ကလည်း ကတိကဝတ်ပြု ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းစဉ်သည်၊ ပြန်လည်လက်ခံရေးသည် Voluntary Return ပြန်လည်လက်ခံတဲ့အခါမှာ သူတို့ရဲ့ စိတ်ဆန္ဒအရ ပြန်လာတဲ့သူတွေကို လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Save and Voluntary Return လို့ပြောတဲ့အတွက် လုံခြုံမှုအတွက် လိုအပ်တဲ့ လုံခြုံမှုအစီအမံတွေလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

### စိစစ်လက်ခံသွားမှာဖြစ်

ကျွန်တော်တို့ရဲ့ အဓိက စံချိန်စံနှုန်းတွေက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့က လက်မှတ်ရေးထိုးခဲ့တဲ့ မူဘောင်ထဲမှာ အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တယ်ဆိုတဲ့ အထောက်အထားသူတို့မှာ တစ်စုံတစ်ခုရှိရင် ထောက်ပြဖို့လိုပါတယ်။ ကျွန်တော်တို့ အရင်တုန်းက ထုတ်ပေးထားတဲ့ White Card တွေ ရှိပါတယ်။ နောက်ပိုင်းမှာ NVC လို့ ခေါ်တဲ့ စိစစ်ရေးကတ်တွေ ကျွန်တော်တို့ ထုတ်ပေးထားပါတယ်။ တချို့ မိသားစုဝင်တွေမှာ နိုင်ငံသားစိစစ်ရေးကတ်တွေ ကိုင်ထားတာရှိပါတယ်။ ဒီလို အထောက်အထားတွေနဲ့ သူတို့သည် မြန်မာနိုင်ငံဘက်မှာ နေခဲ့တယ်ဆိုတဲ့ အထောက်အထား ခိုင်ခိုင်လုံလုံပြနိုင်မယ်ဆိုရင် ကျွန်တော်တို့ စဉ်းစားပေးပါမယ်။ နောက်တစ်ခုက သူတို့မှာ ကျွန်တော်တို့ ထုတ်ပေးထားတဲ့ ပုံစံ ၁၀ လို အထောက်အထား စာရွက်တွေရှိပါတယ်။ မိသားစုစာရင်းတွေရှိပါတယ်။ ဒီလိုစာရင်းတွေနဲ့ အထောက်အထားတွေကို တင်ပြလာမယ်ဆိုရင် ကျွန်တော်တို့က ပြန်လည်လက်ခံဖို့ စဉ်းစားပေးမှာဖြစ်ပါတယ်။ တတိယအချက်ကတော့ မိသားစုမှာ Split Family လို့ခေါ်တဲ့ အဖေ အမေကွဲပြီးတော့ တစ်ဖက်ရောက်နေတဲ့သူတွေရှိပါမယ်။ နောက်တစ်ခုက ကလေးတွေရှိပါတယ်။ သူတို့သည်လည်း ဘင်္ဂလားဒေ့ရှ်တရားရုံးကနေ ထောက်ခံတင်ပြလာမယ်ဆိုရင် ပြန်လည်လက်ခံဖို့ စဉ်းစားပေးမှာဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ Orphan တွေပါ၊ အကြောင်းကြောင်းကြောင့် ကွယ်လွန်သွားတဲ့ မိဘမဲ့ကလေးတွေကိုလည်း သတ်မှတ်ထားတဲ့ Criteria နဲ့ ကိုက်ညီမယ်၊ သူ့ရဲ့ မိဘများသည် ယခင်က မြန်မာနိုင်ငံမှာ နေထိုင်ခဲ့တယ်ဆိုတဲ့ အထောက်အထားပြနိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြန်လည်လက်ခံသွားမှာဖြစ်ပါတယ်။ ဒီ Category Criteria နဲ့ ချိန်ထိုးပြီး စိစစ်လက်ခံသွားမှာ ဖြစ်ပါတယ်။

အဲဒါနဲ့ ပတ်သက်လို့ အပိုင်းနှစ်ပိုင်း အခု ကျွန်တော်တို့ ဖွဲ့စည်းထားပါတယ်။ Joint Working Group လို့ ခေါ်တဲ့ အဆင့်မြင့်အရာရှိအဆင့်မှာတော့ ကျွန်တော်နဲ့ ဘင်္ဂလားဒေ့ရှ် အမြဲတမ်းအတွင်းဝန်နဲ့က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်တွေ့ပြန်လည်လက်ခံရေးစခန်း နှစ်ခုမှာတော့ ရခိုင်ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နောက် လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပုဂ္ဂိုလ်တွေပါဝင်တဲ့ Technical Working Group လုပ်ငန်းအဖွဲ့လေးတွေ ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

> **“ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ လူတွေနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့ အစည်းအဝေးတွေမှာ ကျွန်တော်တို့ကို ဖိအားပေးပြောဆိုနေတဲ့ အနေအထားလေးတွေရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ သုံးလအတွင်းမှာ ပြန်လည် လက်ခံနိုင်ဖို့အတွက် ခုနက ဆွေးနွေးတင်ပြခဲ့တဲ့ မူဘောင် Arrangement ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ် ”**

အဓိကအားဖြင့် နှစ်ခုခွဲပါမယ်။ ပြန်လည်စိစစ်ရေးနဲ့ လက်ခံရေး၊ ဒီ Technical Working Group နှစ်ခုကနေ စိစစ်ပြီးတော့ လက်ခံသွားမှာဖြစ်ပါတယ်။ အဆင့် နှစ်ဆင့်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တကယ်လို့ ပြန်လည်လက်ခံတဲ့ အခါမှာ အစည်းအဝေးခေါ်ဖို့ လိုအပ်မယ်ဆိုရင် ကျွန်တော်တို့ နှစ်နိုင်ငံအကြားမှာ လက်ရှိလုပ်နေတဲ့ Mechanism တွေဖြစ်တဲ့ Flag Meeting အလံနဲ့ တစ်ဖက်ကို အချက်ပြပြီးတော့ အစည်းအဝေးခေါ်တဲ့ ဟာမျိုးတွေ၊ နောက် Communication Channel ကို အသုံးပြုပြီးတော့ တစ်ဖက်နဲ့တစ်ဖက် ဖုန်းနဲ့ ဆက်သွယ်ပြောကြား ဆွေးနွေးတာမျိုးတွေ၊ နောက်လိုအပ်မယ်ဆိုရင် ကျွန်တော်တို့ စခန်းမှာ နှစ်ဖက်ဆွေးနွေးတဲ့ အစည်းအဝေးမျိုးတွေ၊ ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ထွက်ပြေးသွားတဲ့ လူတွေနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအပေါ်မှာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအဝေးတွေမှာ ကျွန်တော်တို့ကို ဖိအားပေးပြောဆိုနေတဲ့ အနေအထားလေးတွေရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ သုံးလအတွင်းမှာ ပြန်လည်လက်ခံနိုင်ဖို့အတွက် ခုနက ဆွေးနွေးတင်ပြခဲ့တဲ့ မူဘောင် Arrangement ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ လက်တွေ့လုပ်ဆောင်ရမယ့်အခါမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်း TOR ကိုလည်း ကျွန်တော်တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒီနေ့မနက်မှာလည်း Physical Arrangement မြေပြင်မှာ တကယ်ပြန်လည်လက်ခံတဲ့အခါမှာ လိုက်နာရမယ့် အဆင့်တွေ ဒါတွေကို ကျွန်တော်တို့ နှစ်ဖက် လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ နိုင်ငံကနေ အပြုသဘော ဆောင်ရွက်နေတယ်။ နိုင်ငံတကာကပြောဆိုနေတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့သည် နှောင့်နှေးခြင်းမရှိဘူး။ ကျွန်တော်တို့သည် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတဲ့ဟာကို ကျွန်တော်တို့ သာဓက ပြချင်ပါတယ်။ ဒါက ကျွန်တော်တို့သည် နိုင်ငံတကာ အသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာကိုလည်း သာဓကပြခြင်းဖြစ်ပါတယ်။ ဒီနေ့ အစည်းအဝေး အောင်အောင်မြင်မြင် ပြီးသွားတာလည်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုရဲ့ ရလဒ်တစ်ခုလို့ ကျွန်တော်ပြောချင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ရက်ကန့်သတ်ချက်မရှိပါဘူး။ ကျွန်တော်တို့ လက်ခံရေးစခန်းတွေမှာ တစ်ပတ်ကို ငါးရက် ပြန်လည်လက်ခံပါ့မယ်။ တစ်ပတ်ကို ငါးရက် လက်ခံတဲ့အခါမှာ ကျွန်တော်တို့ဘက်က ကနဦးအနေနဲ့ စခန်းတစ်ခုကို ၁၅၀ စတင်လက်ခံပါမယ်။ စခန်း နှစ်ခု ၃၀၀ တစ်ပတ်ကို ကျွန်တော်တို့ ၁၅၀၀ စိစစ်လက်ခံသွားမှာ ဖြစ်ပါတယ်။ ဒါကလည်း တစ်ဖက်က ပေးပို့လာတဲ့ Verification Form တွေ၊ ဒါတွေကို စိစစ်ပြီးစီးမှု၊ နောက် တကယ်ရွှေ့ပြောင်းလာမယ့်အနေအထား၊ ဒါတွေကို အခြေခံပြီးတော့မှ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### Plan တွေချပြီး ဆောင်ရွက်

ဒါတွေကိုတော့ ရခိုင်ပြည်နယ်အစိုးရနဲ့ UEHRD က စနစ်တကျ စီစဉ်ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ကျေးရွာ Plan တွေ ချပြီးဆောင်ရွက်နေပါတယ်။ တစ်ဖက်ကလည်း လိုအပ်တဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့က လိုအပ်တဲ့ စီစဉ်ဆောင်ရွက်မှုတွေ ဆောင်ရွက်ပေးနေပါတယ်။

### နှစ်ဖက်ပူးပေါင်း ကင်းလှည့်

ARSA အစွန်းရောက်အကြမ်းဖက်သမားတွေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ဒီအစည်းအဝေးမှာလည်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့ နှစ်ဖက် Border Guard Police အဆင့် ဗဟိုကော်မတီအဆင့် အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ကျွန်တော်တို့ဘက်က Focal ဝန်ကြီးဌာနဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနကနေလည်း ဒီအကြမ်းဖက်သမား ၁၀၀၀ ကျော်ရဲ့စာရင်းနဲ့ အချက်အလက် ဓာတ်ပုံတွေကို တစ်ဖက်ကို ပေးအပ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း မနေ့ကကျင်းပခဲ့တဲ့ အစည်းအဝေးမှာ ဘင်္ဂလားဒေ့ရှ် အမြဲတမ်းအတွင်းဝန်ကို ဒီကိစ္စနဲ့ပတ်သက်လို့ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ပေးဖို့၊ သူတို့ကို ပြန်လည်လွှဲပြောင်းပြီးတော့ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ပေးသွားနိုင်ဖို့ ပူးပေါင်းဆောင်ရွက်ဖို့ ပြောကြားခဲ့ပါတယ်။ သူတို့ဘက်ကလည်း ဒီအကြမ်းဖက်သမားတွေကို လက်မခံဘူး။ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်သွားပါ့မယ်။ နယ်စပ်ဒေသတစ်လျှောက်မှာလည်း Coordinate Patrol နှစ်ဖက်ပူးပေါင်းပြီးတော့ ကင်းလှည့်ဆောင်ရွက်မှုတွေ ဆောင်ရွက်သွားပါ့မယ်။ သူတို့ မြေပေါ်မှာလည်း ဒီအကြမ်းဖက်သမားတွေ နေခွင့်မရှိအောင် သူတို့လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားပါ့မယ်လို့ ကျွန်တော့်ကို ကတိကဝတ်ပြု ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း ဥပဒေကြောင်းအရ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီအစီအမံက နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနကနေ ဒါကို ဦးစီးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခါအားလျော်စွာ သံတမန်တွေ၊ ကျွန်တော်တို့ ပုံမှန်လုပ်နေတဲ့ Briefing ကျွန်တော်တို့ လုပ်သွားတာတွေရှိပါ့မယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ UEHRD ရဲ့ဆောင်ရွက်မှု တစ်စိတ်တစ်ပိုင်းကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ ဘက်ကနေလည်း အသိပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မနေ့က အစည်းအဝေးမှာဆိုရင်လည်း ရခိုင်ပြည်နယ်အစိုးရက တာဝန်ရှိပုဂ္ဂိုလ်တွေလည်း တက်ရောက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဝန်ကြီးဌာနတွေ၊ နောက် UEHRD က တာဝန်ရှိပုဂ္ဂိုလ်တွေ၊ ရခိုင်ပြည်နယ်အစိုးရက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့ ၊ ဓာတ်ပုံ-UAT**

## “ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ် ARSA အကြမ်းဖက်သမားများက မလိုလားအပ်သော အနှောင့်အယှက်အဟန့်အတားများ ပြုလုပ်လာနိုင်သဖြင့် နှစ်ဖက်ကြိုတင်ကာကွယ် စီမံဆောင်ရွက်မှုများ ဆောင်ရွက်သွားကြရန်လည်း အသိပေးပြောကြားခဲ့”

★ ကျောဖုံးမှ

မြန်မာဘက်၌ ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာမည့်သူများ အတွက် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းကို လည်းကောင်း၊ ရေလမ်းမှ ပြန်လည် ဝင်ရောက်လာမည့်သူများအတွက် ငါးခူရယာယီလက်ခံရေးစခန်းကို လည်းကောင်း၊ ကြားစခန်းအဖြစ် လှဖိုးခေါင်စခန်းကို လည်းကောင်း အသုံးပြုဆောင်ရွက်မည် ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်၌ ကြားစခန်း ငါးခုကို အသုံးပြုဆောင်ရွက်မည် ဖြစ်သည်။

မြန်မာဘက်၌ ယာယီလက်ခံရေးစခန်းတစ်ခုစီတွင် တစ်ပတ်လျှင် ငါးရက် လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်အနေဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် နှစ်ဖက်ဝန်ကြီးများအဆင့် လက်မှတ်ရေးထိုးခဲ့သော Arrangement နှင့်အညီ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်



နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ်တို့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးကြစဉ်။ သတင်းစဉ်

တိုက်ခိုက်မှုများဖြစ်ပွားပြီး နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံသွားနိုင်ရန် ပုံစံများကို ဖြည့်စွက်ပေးပို့သွားမည်ဖြစ်သည်။

ယင်းသို့ ပြန်လည်လက်ခံရာတွင် ကနဦးစတင်ဆောင်ရွက်သွားနိုင်ရန် ဟိန္ဒူ ၅၀၈ ဦးနှင့် စိစစ်ပြီး မူဆလင် ၇၅၀ တို့၏ အချက်အလက် အပြည့်အစုံကိုလည်း အစည်းအဝေးအပြီးတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးအတွင်းဝန်သို့ ပေးအပ်ခဲ့သည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို ဇန်နဝါရီ ၂၃ ရက်တွင် စတင်ဆောင်ရွက်ရန်လည်း နှစ်ဖက်သဘောတူညီခဲ့ကြသည်။

အစည်းအဝေး၌ ARSA အကြမ်းဖက်အဖွဲ့၏ လတ်တလော လှုပ်ရှားဆောင်ရွက်မှုများကို အသိပေးပြောကြားခဲ့ပြီး မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ တရားဝင်လမ်းကြောင်းဖြင့် ပေးပို့ထားပြီးဖြစ်သော ARSA အကြမ်းဖက်သမား ၁၀၀၀ ကျော် စာရင်းကိုလည်း ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သို့ ထပ်မံပေးအပ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ် နှစ်နိုင်ငံ နယ်စပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့်အညီ ပြန်လည်လွှဲပြောင်းပေးရန် ပြောကြားခဲ့ကြောင်း၊ ထို့ပြင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ် ARSA အကြမ်းဖက်သမားများက မလိုလားအပ်သော အနှောင့်အယှက်အဟန့်အတားများ ပြုလုပ်လာနိုင်သဖြင့် နှစ်ဖက်ကြိုတင်ကာကွယ် စီမံဆောင်ရွက်မှုများ ဆောင်ရွက်သွားကြရန်လည်း အသိပေးပြောကြားခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် မျှော်မှန်းထားရှိသည့် ကုန်သွယ်မှု လျာထားချက်ပမာဏထက် ကျော်လွန်ဆောင်ရွက်နိုင်နေပြီဖြစ်

**မောင်တော ဇန်နဝါရီ ၁၆**

မောင်တောကုန်သွယ်ရေးစခန်း အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် မျှော်မှန်းထားရှိသည့် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုပမာဏသည် လက်ရှိအချိန်တွင် လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်နိုင်နေပြီ ဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်း တာဝန်ခံ ဦးချိုထွေးက ပြောသည်။

အဆိုပါ စခန်းအနေဖြင့် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု လျာထားချက်မှာ တစ်နှစ်လုံး အတိုင်းအတာဖြင့် အမေရိကန်ဒေါ်လာ ခြောက်သန်းဖြစ်ပြီး ပို့ကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ငါးသန်းနှင့် သွင်းကုန်ကဏ္ဍတွင် အမေရိကန် ဒေါ်လာ တစ်သန်းရရှိနိုင်မည်ဟု မျှော်မှန်းထားကာ လက်ရှိ ဇန်နဝါရီ ၁၄ ရက်အထိ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ကိုးသန်းကျော် ရရှိနေပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

“ကျွန်တော်တို့အနေနဲ့ နယ်မြေအနေအထားအရ၊ စခန်းရဲ့ လုပ်နိုင်တဲ့ အင်အားအနေအထားအရ ကုန်သွယ်မှုပမာဏ လျာထားချက်ကို အများကြီး မမျှော်မှန်းထားပါဘူး၊ လက်ရှိမှာတော့ လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်တဲ့ အနေအထားရှိပါတယ်၊ ကုန်သွယ်မှု စတဲ့အချိန်မှာ ပို့ကုန်ပိုင်းမှာပဲ ကုန်သွယ်မှုဖြစ်ပေါ်တယ်၊ သွင်းကုန်ပိုင်းမှာတော့ ကုန်သွယ်မှုမရှိဘူး၊ ကုမ္ပဏီတွေဘက်ကလည်း သွင်းကုန်ကို မတင်သွင်းတဲ့အခါကျတော့ သွင်းကုန်ပမာဏ မရဘူးပေါ့၊ ပို့ကုန်နဲ့ပဲ ဆောင်ရွက်နိုင်တယ်”ဟု ၎င်းက ပြောသည်။

အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် ကုန်သွယ်မှု ထိခိုက်ခြင်းမရှိဘဲ ခေတ္တရပ်တံ့သွားသည့် ကာလတစ်ခုသာ ကြုံတွေ့ခဲ့ရပြီး လုပ်ငန်းရှင်များ လုပ်နိုင်သည့် အားအပေါ် မူတည်၍ ကုန်သွယ်မှု အထမြောက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“လက်ရှိ ဒီမှာလုပ်နေတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေဟာ အားမလျှော့ပါဘူး၊ ကုန်သွယ်မှု ပမာဏအပေါ်မှာလည်း ပြည့်မီအောင် သူတို့ ဆောင်ရွက်နိုင်တာ တွေ့ရတယ်၊ ပိုပြီးတော့တောင် ကုန်သွယ်နိုင်တဲ့ အနေအထားမျိုး ရှိပါတယ်”ဟု ၎င်းက ပြောသည်။



ဦးချိုထွေး (မောင်တောကုန်သွယ်ရေး စခန်း တာဝန်ခံ)

မောင်တော ကုန်သွယ်ရေးစခန်း အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်ရေးစခန်းမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလ ၁၄ ရက်အထိ လယ်ယာထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ငါးသန်းကျော်၊ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ သုံးသန်းကျော်၊ သစ်တောထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ငါးသိန်းကျော်နှင့် စက်မှုကုန်ချောပစ္စည်း အမေရိကန်ဒေါ်လာ လေးသိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း မောင်တောကုန်သွယ်ရေးစခန်း၏ စာရင်းဇယားများအရ သိရသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**



## စစ်တွေမြို့၌ တတိယအကြိမ်မြောက် ရက္ခပူရ သာသနာ့လင်္ကာရ စာမေးပွဲ ကျင်းပမည်

**စစ်တွေ ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရက္ခပူရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် သာသနာလင်္ကာရစာမေးပွဲကို ဇန်နဝါရီ ၁၉ ရက် မှ ၂၁ ရက်အထိ သုံးရက်တိုင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး သာသနာ့ဗိမာန်၌ ကျင်းပဖြေဆိုမည်ဖြစ်သည်။

ထို့ပြင် ရက္ခပူရသာသနာလင်္ကာရဘွဲ့နှင်းသဘင်နှင့် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ဦးဥတ္တမခန်းမ၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စာအောင်ဆု အလင်္ကာဘွဲ့ရ ငွေကျပ် တစ်သိန်း၊ ဒုတိယအဆင့် ငွေကျပ် ခုနစ်သောင်း၊ ပထမအဆင့် ငွေကျပ် ငါးသောင်း၊ ဥပစာတန်း ငွေကျပ် သုံးသောင်းနှင့် မူလတန်း ငွေကျပ် ၁၅၀၀၀ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ သာမဏေကျော် စာမေးပွဲ သံဃာများအတွက် အရုဏ်ဆွမ်း ငွေကျပ် ခုနစ်သိန်း၊ နေ့ဆွမ်း ငွေကျပ် ၁၅ သိန်းနှင့် ညအဖျော်ရည် ငွေကျပ် သုံးသိန်းဖြင့်လှူဒါန်းနိုင်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက ဆရာဦးမြင့်ဦး ဖုန်း-၀၉-၄၅၀၅၃၉၈၃၀၊ ဦးကျော်ဇံ ဖုန်း-၀၉-၅၆၈၀၄၅၀၊ ဒေါ်ရွှေနုခိုင် ဖုန်း-၀၉-၂၅၀၀၀၀၉၃၊ ဒေါ်တင်သီတာထွန်း ဖုန်း-၀၉-၇၇၄၃၁၉၄၇၀ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။

ရက္ခပူရသာသနာလင်္ကာရအသင်းမှ ကြီးမှူးကျင်းပသည့် သာမဏေကျော်စာမေးပွဲ သံဃာများအတွက် ဂုဏ်ပြုဓမ္မသဘင် တရားပွဲကို ဇန်နဝါရီ ၂၃ ရက် ည ၇ နာရီတွင် လောကာနန္ဒာစေတီတော်ရင်ပြင်၌ အရှင်ဆန္ဒာဓိက က ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ဝေသာလီ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ် တစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား) ကျေးရွာတွင် နွားတစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ် တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်း သုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွား တစ်ကောင်နှင့် ဆိတ် နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၈၄ ကောင်နှင့် ဆိတ် ၇၅၃ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါက်တောမြို့နယ် ဝါးလန်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်

**စစ်တွေ ဇန်နဝါရီ ၁၆**

ပေါက်တောမြို့နယ် ဝါးလန်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ရှေ့၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ကျောင်းဆောင်သစ်အား ပေါက်တောမြို့နယ် လက်ထောက်ပညာရေးမှူး ဦးအောင်ကျော်ထွန်းနှင့် စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စမ်းစမ်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်လက်ထောက် ပညာရေးမှူးက ဝါးလန်းကုန်းအခြေခံပညာမူလတန်းကျောင်းကို ကျောင်းသားဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ကလေးငယ်များ ပညာရည်တိုးတက်ရေးနှင့် ပညာသင်ကြားရေးတို့တွင် အခက်အခဲမရှိစေရေးအတွက် ပညာရေးဌာနသာမက ဆရာ၊ မိဘ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။ ယင်းနောက် ကျောင်းအုပ်ဆရာကြီး ဦးထွန်းထွန်းဝင်းက ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရ BAJ (Bridge Asia Japan) က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၆၀၊ အနံ ပေ ၃၀ တစ်ထပ် သုံးခန်းတွဲဖြစ်ကာ ကျောင်းဆောင်နှင့်အတူ ရေအိမ်သာ နှစ်လုံး ပါဝင်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့၊ မင်းလှမြို့နယ် ဥပဒေအရာရှိ ဒေါ်ယမင်းသန့်နှင့် အထက်တန်းရှေ့နေ ဒေါ်စုကြည်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲ အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပလူဇဝကျေးရွာနေ နစ်နာသူက ဘုတလင်မြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ် ၂၂၇/၂၀၁၆ သစ်တောဥပဒေပုဒ်မ ၄၁(က) ဖြင့် အရေးယူခံခဲ့ရသည့်အမှုနှင့်ပတ်သက်၍ တိုင်ကြားသူ၏ မော်တော်ယာဉ် ပြန်လည်ရရှိရေးအတွက် ဘုတလင်မြို့နယ် တရားသူကြီး ဒေါ်အေးအေးနွဲ့အား ငွေကျပ် ၄၅ သိန်းနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ယမင်းသန့်အား ငွေကျပ် ၁၂ သိန်း စုစုပေါင်း ငွေကျပ် ၅၇ သိန်း ပေးခဲ့ရခြင်းအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တရားရုံး ရာဇဝတ်ကြီးမှုအမှတ် ၂၂၇/၂၀၁၆ သစ်တောဥပဒေပုဒ်မ ၄၁(က)အရ စွဲဆိုသောအမှုတွင် သက်သေခံ ဟီးနိုးရိန်းဂျား ခြောက်ဘီးယာဉ်အမှတ် ၈၂/၂၀၅၆ ယာဉ်အား ပြည်သူ့ဘဏ္ဍာမသိမ်းဘဲ ပိုင်ရှင်ထံ ပြန်ပေးစေရေးအတွက် ယင်းအမှုတရားခံထံမှ ဘုတလင်မြို့နယ် တရားသူကြီး ဒေါ်အေးအေးနွဲ့နှင့် ဘုတလင်မြို့နယ် ဥပဒေအရာရှိ ဒေါ်ယမင်းသန့်တို့သည် အထက်တန်းရှေ့နေ ဒေါ်စုကြည်မှတစ်ဆင့် ငွေကျပ် ၄၅ သိန်းနှင့် ငွေကျပ် ၁၂ သိန်းကို အသီးသီးရယူခဲ့ခြင်းသည် မိမိဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်ကို အသုံးပြုပြီး အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်း၊ မုံရွာမြို့နေ အထက်တန်းရှေ့နေ ဒေါ်စုကြည်သည် တရားခံများ၏ အကျိုးဆောင်ရှေ့နေအဖြစ် ဆောင်ရွက်စဉ် တရားခံများထံမှ ငွေကြေးများရယူပြီး ဘုတလင်မြို့နယ် တရားသူကြီးနှင့် ဘုတလင်မြို့နယ် ဥပဒေအရာရှိတို့ လာဘ်ငွေရယူရာတွင် ကူညီဆောင်ရွက်ပေးသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၊ ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့(ယခင် ဘုတလင်မြို့နယ် တရားသူကြီး)၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဥပဒေအရာရှိ ဒေါ်ယမင်းသန့် (ယခင် ဘုတလင်မြို့နယ် ဥပဒေအရာရှိ) နှင့် မုံရွာမြို့နေ အထက်တန်းရှေ့နေ ဒေါ်စုကြည်တို့အပေါ် ၂၀၁၃ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုအရေးယူရန် ဆောင်ရွက်ခဲ့ရာ ၎င်းတို့သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဘုတလင်မြို့နယ် တရားသူကြီး ဒေါ်အေးအေးနွဲ့အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း၊ အထက်တန်းရှေ့နေ ဒေါ်စုကြည်အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/ ၆၃/ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၁၆-၁-၂၀၁၈ ရက်နေ့၌ တရားစွဲဆို အရေးယူဆောင်ရွက်ထားရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဥပဒေအရာရှိ ဒေါ်ယမင်းသန့် (ယခင် ဘုတလင်မြို့နယ် ဥပဒေအရာရှိ)အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇/ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ အရလည်းကောင်း၊ မုံရွာမြို့နေ အထက်တန်းရှေ့နေ ဒေါ်စုကြည်အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၇/၆၃/ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ လည်းကောင်း ဘုတလင်မြို့နယ် တရားရုံးတွင် ၁၆-၁-၂၀၁၈ ရက်နေ့၌ တရားစွဲဆို အရေးယူဆောင်ရွက်ထားရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှု ၉၅၄၄ မှုမှ မူးယစ်ဆေးဝါးတန်ဖိုး ငွေကျပ် ၃၅၃၆၀၂ ဒသမ ၄၄ သန်းဖိုး ဖမ်းဆီးရမိခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှင့်ထိန်းချုပ်ဓာတုပစ္စည်းများဟူ၍ ရှိကြရာ မူးယစ်ဆေးဝါး ၁၂၈ မျိုး၊ စိတ်ကိုပြောင်းလဲစေသော ဆေး ၁၂၁ မျိုး၊ ထိန်းချုပ်ဓာတုပစ္စည်း ၂၆ မျိုးရှိကြောင်း သိရသည်။

နေ့စဉ်နှင့်အမျှ ယင်းမူးယစ်ဆေးဝါးအဖြစ် အကျုံးဝင်သော ပစ္စည်းများကို အမျိုးသားရေးအသွင်ဖြင့် စီမံချက်များချမှတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်နေသော်လည်း စီးပွားရေးဝိသမသမားများနှင့် မူးယစ်ဆေးသုံးစွဲသူများထံမှ ဖမ်းဆီးရမိလျက်ရှိသည်။

ထိုကဲ့သို့ ဖမ်းဆီးရမိခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အမှုပေါင်း ၇၃၀ မှုမှ တရားခံအမျိုးသား ၉၂၅ ဦး၊ တရားခံအမျိုးသမီး ၁၁၈ ဦး စုစုပေါင်း တရားခံ ၁၀၄၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် တစ်နှစ်လုံးအနေဖြင့် မူးယစ်ဆေးဝါး အမှုပေါင်း ၉၅၄၄ မှု ဖြစ်ပွားခဲ့ရာ တရားခံအမျိုးသား ၁၂၄၀၅ ဦး၊ တရားခံအမျိုးသမီး ၁၅၉၅ ဦး စုစုပေါင်းတရားခံ ၁၄၀၀၀ အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ၉၅၄၄ မှုမှ ဘိန်း၊ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဆေးခြောက် အမှုကြီးများအနေဖြင့် ဘိန်း ၃၅၄ မှုမှ ၁၂၅၆ ဒသမ ၁၆၈၆ ကီလို၊ ဘိန်းဖြူ ၂၉၂၀ မှုမှ ၅၇၀ ဒသမ ၆၂၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားမှု ၅၄၄၇ မှုမှ ဆေးပြား ၇၂၈၁၅၆၈၆ ပြား၊ ဆေးခြောက်မှု ၂၄၉ မှုမှ ၁၉၈ ဒသမ ၈၂၆ ကီလို၊ အိုက်စ် ၉၄ မှုမှ ၁၁၀၇ ဒသမ ၄၉၁၄ ကီလိုကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စုစုပေါင်း မူးယစ်ဆေးဝါးမှု ၉၅၄၄ မှုမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ၏ တန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၅၃၆၀၂ ဒသမ ၄၄ သန်းကျော်ဖြစ်ကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**



## သိန်းနီမြို့တွင် ငွေကျပ်သိန်းပေါင်း ၂၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်တပ်ဖွဲ့စု-၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့ နံနက် ၆ နာရီတွင် သိန်းနီမြို့အထွက် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကျော်ထွန်း (ခ) အိုက်ထွန်း မောင်းနှင်ပြီး စိုင်းလုကျော်လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ကြမ်းခင်းအံ့ဝှက်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁၃၉ ခွက် (ဘိန်းဖြူ အလေးချိန် ၁၂ ဒသမ ၅၂၉ ကီလို )နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ပိုင်ရှင်ဖြစ်သည့် ရန်အယ်နှင့် ကူကျန်းလျန်တို့သည် မော်တော်ယာဉ်တစ်စီးနှင့်အတူ လိုက်ပါလာကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့ဖြင့် ပိတ်ဆို့ရှာဖွေခဲ့ရာ နံနက် ၉ နာရီခန့်တွင် ကွမ်းလုံ-နမ့်စလပ်-သိန်းနီမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးများ ပိုင်ရှင်ဖြစ်သည့် ရန်အယ်နှင့် ကူကျန်းလျန်တို့ကို မော်တော်ယာဉ်နှင့်အတူ ထပ်မံရှာဖွေဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မူးယစ်တပ်ဖွဲ့စု-၇ တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်ည ၁၁ နာရီ ၄၅ မိနစ်က ခမ်းပါတ်မြို့နယ် ထင်းဇင်ကျေးရွာအဝင် နန်စပါတံတားအနီး တမူး-ကလေးကားလမ်းတွင် အိလင်း(ခ)သူရမင်း မောင်းနှင်ပြီး မမိုးသူဇာ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူ ဆပ်ပြာခွက် ကိုးခွက် ( အလေးချိန် ၀ ဒသမ ၀၉၄၅ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၇ နာရီခွဲတွင် တပ်မတော်သားများနှင့် မူးယစ်တပ်ဖွဲ့စု -၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ဘော်ဒေကျေးရွာ ဘော်ဒေဈေးရပ်နေ မသဇင်၏ နေအိမ်ကိုရှာဖွေရာ မသဇင်နှင့်အတူ ရန်မင်းနိုင်(ခ) ရာဇာဝင်းနိုင်တို့ကို တွေ့ရှိရပြီး ဘိန်းဖြူဆပ်ပြာခွက် ရှစ်ခွက် (အလေးချိန် ၀ ဒသမ ၀၈၈ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ မသဇင်၏နေအိမ်သို့ မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ အားဆောအား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ခုနစ်ခွက်(ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၇၇ ဂရမ်)နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု-၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး မူဆယ်-မန္တလေးကားလမ်းတွင် ကျော်မျိုးလတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီခွဲကလည်း မူးယစ်တပ်ဖွဲ့စု-၂၃ တန့်ယန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တန့်ယန်း-မိုင်းကောင်ကားလမ်းတွင် စိုင်းထွန်းမောင်းနှင်ပြီး မနန်းဆာ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



**ကလေးဝမြို့မှ မင်းကင်းမြို့သို့ မောင်းနှင်လာသည့် ပါဂျဲရိုး ယာဉ်တစ်စီး ဇန်နဝါရီ ၁၅ ရက်က ကလေးဝ- မင်းကင်းလမ်း မိုင်တိုင်အမှတ် ၇၆/ ၇၇ ကြားတွင် ရှေ့ဘီးပေါက်၍ လမ်းယာဘက်ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားစဉ်။** (ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါလာသူ သုံးဦးအနက် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။)

**ချင်းတွင်းသား**

## ယာဉ်ကြမ်းခင်းအောက် သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းတုံး၊ သတ္တုမှုန့်နှင့် အမဲသားခြောက်များဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၄ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇ ဒသမ ၄၅၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၂၂၄ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၉ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇ ဒသမ ၆၇၆ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၅ ရက်က မန္တလေးနှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏ကြမ်းခင်းအောက်ဘက်တွင် အံ့ဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်စုံ ၇၃ တုံး၊ (၁၂၇၇ ကီလိုဂရမ်)၊ သတ္တုမှုန့်ဟု ယူဆရသော အမှုန့် ၅၀ ကီလိုဂရမ် (၂၅ အိတ်)၊ အမဲသားခြောက် ပိဿာ ၂၅၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၁၂၀ ဒသမ ၁၀၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စစ်တွေမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ဖမ်းဆီးရမိ

**စစ်တွေ ဇန်နဝါရီ ၁၆-** စစ်တွေမြို့ အမှတ်-၁ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အေးခင်မောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မောလိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်လှစိန်၊ တရားသိစုရပ်ကွက် ရပ်မိရပ်ဖ ဦးမြင့်စိုးတို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းရရှိသဖြင့် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက ပြည်တော်သာရပ်ကွက် ရှုခင်းသာလမ်း တြိဂံလမ်းဆုံအနီး စောင့်ဆိုင်းနေစဉ် ရှုခင်းသာလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာသူ စံနီ(ခ)နေမျိုးနှင့် နောက်မှ စီးနင်းလိုက်ပါလာသူ ထွန်းအေးဖြူတို့ကို မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်ဦးခေါင်းပိုင်း မီးခွက်အတွင်း သိုဝှက်ထည့်ယူလာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါသော အထုပ်သုံးထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ **တင်ထွန်း(ပြန်/ဆက်)**

# အီရန်အစိုးရ ဆန့်ကျင်ဆန္ဒပြမှုအတွင်း ဖမ်းဆီးထားသည့် လူပေါင်း ၄၀၀ ကို ပြန်လွှတ်ပေး

**တီဟီရန် ဇန်နဝါရီ ၁၆**
နိုင်ငံအတွင်း နောက်ထပ်လူမည်မျှ ထပ်မံဖမ်းဆီးထိန်းသိမ်းခံရမည်ကို မသိခင် အခြေအနေတွင် အီရန်အစိုးရ ဆန့်ကျင်ဆန္ဒပြမှုအတွင်း ဖမ်းဆီးထားသည့် လူပေါင်း ၄၀၀ ခန့်ကို အီရန်က လွှတ်ပေးခဲ့ကြောင်း တရားစီရင်ရေးအာဏာပိုင်များက ပြောခဲ့သည်။

စီးပွားရေးခက်ခဲသည့်အချိန် လွန်ခဲ့သည့် ဒီဇင်ဘာနှောင်းပိုင်းမှစကာ ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများသည် မြို့၊ ရွာနှင့် ကျေးလက်ပေါင်း ၈၀ ကျော်အထိ ပျံ့နှံ့ခဲ့ပြီးနောက် အကျိုးဆက်အားဖြင့် လူပေါင်း ၂၅ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဆန္ဒပြသူများသည် အစပိုင်းတွင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အကျင့်ပျက်လာဘ်စားခြင်းတို့အပေါ် မကျေမနပ်ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း နိုင်ငံရေးဆန့်ကျင် ဆန္ဒပြမှုအသွင်သို့ ပြောင်းလဲသွားကြောင်း၊ ထို့နောက် အထွတ်အထိပ်ခေါင်းဆောင် အရာတိုလာ အလီခါမေနီကို ရာထူးမှ ဆင်းပေးရန်အထိ တောင်းဆိုလာခဲ့ကြသည်။

တရားရေးအာဏာပိုင်များက နိုင်ငံတစ်ဝန်းဆန္ဒပြသူ ၁၀၀၀ ကျော်ဖမ်းဆီးခဲ့ကြောင်းပြောကြားခဲ့သော်လည်း ဥပဒေပြုအမတ် မာမွတ်ဆာဒီဂီက ယခုအချိန်ထိ အနည်းဆုံးလူ ၃၇၀၀ကျော်ကိုဖမ်းဆီးထားပြီးဖြစ်ကြောင်း ပြောခဲ့သည်။

ထိန်းသိမ်းခံအများစုမှာ ထိန်းသိမ်းခံထားရစဉ် သေဆုံးခဲ့ကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေး စောင့်ကြည့်သူများက အဆိုပါဖြစ်မှုများကို လွတ်လပ်စွာ စစ်ဆေးနိုင်ရန် တောင်းဆိုထားကြောင်း သိရသည်။

**ရိုက်တာ**



## ကက်စ်ပီယန်ဆိပ်ကမ်းတစ်ခုရှိ အကာအကွယ်တုံးများကို အီရန်ဖျက်သင်္ဘောဝင်တိုက်

**တီဟီရန် ဇန်နဝါရီ ၁၆**
အီရန်နိုင်ငံ ကက်စ်ပီယန်ပင်လယ် ဆိပ်ကမ်းတစ်ခုရှိ ရေလှိုင်းအကာအကွယ်တုံးများကို အီရန်စစ်ဘက်ဆိုင်ရာ ဖျက်သင်္ဘောတစ်စင်းဝင်တိုက်မိရာ သင်္ဘောဝန်ထမ်းနှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း တက်စ်နင်သတင်းဌာနက မကြာသေးမီက ဖော်ပြခဲ့သည်။

ပျောက်ဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း၊ တိုက်မိမှုကြောင့် ဖျက်သင်္ဘောတွင် ပျက်စီးမှုအတော်များများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် အလုံးစုံ ပြင်ဆင်ရမည်ဖြစ်ကြောင်း ဗိုလ်ချုပ် ရှာဟင်တာကွီခါနီက ပြောခဲ့သည်။

ယင်းသင်္ဘောသည် အီရန်နိုင်ငံ မြောက်ပိုင်း ဂီလန်ပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုတွင် ကျောက်ချနေစဉ် ရာသီဥတုဆိုးရွားမှုကြောင့် ရေလှိုင်းအတားအဆီးတုံးများကို ဝင်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖဂန်မြောက်ပိုင်း၌ အကြမ်းဖက်နှစ်ဖွဲ့ကြား တိုက်ပွဲဖြစ်ပွား၍ တစ်ဦးသေဆုံး

**ရှီဘာဂန် ဇန်နဝါရီ ၁၆**

အာဖဂန်နစ္စတန်မြောက်ပိုင်း ဂျော့ဇ်ဂျန်ပြည်နယ် ဒါဇက်ခရိုင်ရှိ အစွန်းရောက် အိုင်အက်စ်အဖွဲ့နှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့ကြား တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့ရာ အိုင်အက်စ်စစ်သွေးကြွတစ်ဦး သေဆုံးခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ရီဇာဂါဖိုရီက ပြောခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအုပ်စုက တာလီဘန်အဖွဲ့ခေါင်းဆောင်တစ်ဦးအား သတ်ဖြတ်ခဲ့ပြီးနောက် အဆိုပါကိစ္စအား လက်တုံ့ပြန်သည့်အနေဖြင့် ဇန်နဝါရီ ၁၅ ရက်က တာလီဘန်အုပ်စုက အိုင်အက်စ်စစ်သွေးကြွစခန်းအား ဝင်ရောက်စီးနင်းခဲ့ရာ အနည်းဆုံး စစ်သွေးကြွတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါတာလီဘန်အုပ်စု၏ လက်စားချေတိုက်ခိုက်ခြင်းနှင့် ပတ်သက်ပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့က မည်သည့်မှတ်ချက်ပြုပြောကြားခြင်းမှ မရှိသေးကြောင်း သိရသည်။

ယခုအခါတွင် တာလီဘန်အုပ်စုက ဒါဇက်နှင့် ကွက်စ်တီပါခရိုင်ရှိ အိုင်အက်စ်စစ်သွေးကြွအုပ်စုများအား ထိုးစစ်ဆင်ရန် ပြင်ဆင်လျက်ရှိကြောင်းသတင်းများ ထွက်ပေါ်လျက်ရှိသည်။

အိုင်အက်စ်စစ်သွေးကြွများသည် လွန်ခဲ့သည့်တစ်နှစ်မှစကာ ဒါဇက်ခရိုင်နှင့် အိမ်နီးချင်း ကွက်စ်တီပါခရိုင်တွင် တိုက်ပွဲများဆင်နွှဲခဲ့ကာ အခိုင်အမာခြေကုပ်ယူပြီး ဂျော့ဇ်ဂျန်၊ ဆာရီပူး၊ ဇာရက်ဘ်နှင့် ဘက်ခ်ပြည်နယ်များအထိ ဩဇာလွှမ်းမိုးရေးများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုရီးယားကျွန်းဆွယ်၌ အပြုသဘောဆောင်သည့်ပြောင်းလဲမှုများကို တရုတ်သမ္မတကြိုဆို

**ပေကျင်း ဇန်နဝါရီ ၁၆**
တရုတ်သမ္မတရှီကျင့်ဖျင်က ပြုံချမ်းအိုလံပစ်အားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင်လာမှုနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများသည် ကိုရီးယားကျွန်းဆွယ်တွင် ပေါ်ထွက်လာသည့် ကောင်းမွန်သောအပြောင်းအလဲတစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ပြောကြားခဲ့သည်။

နိုင်ငံပိုင် တရုတ်ဗဟိုရုပ်သံက သမ္မတရှီသည် အင်္ဂါနေ့က ထရန့်နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။ သမ္မတရှီသည် ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲကို ဂရုတစိုက်စောင့်ကြည့်နေပြီး ယင်းနှစ်နိုင်ငံသည် တင်းမာမှုများလျော့ကျအောင် အတူတကွ ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

လတ်တလောကြုံတွေ့နေရသည့် အခြေအနေများသည် ကိုရီးယား နှစ်နိုင်ငံကို စကားပြောဆိုဆွေးနွေးမှုများနှင့် စေ့စပ်ညှိနှိုင်းမှုများပြန်လည်စတင်နိုင်အောင်ဖန်တီးပေးနေသည်ဟု ရှီက ဆိုသည်။




ကိုရီးယားကျွန်းဆွယ်ပေါ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် နိုင်ငံတစ်ခုချင်းစီအတွက် အကျိုးရှိကြောင်းနှင့် အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ တစ်သားတည်း စုစည်းညီညွတ်မှု ရရှိစေရေးသည် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းအတွက် လွန်စွာအရေးကြီးကြောင်း ၎င်းက ပြောကြားခဲ့သည်။

သမ္မတရှီ၏ မှတ်ချက်များအရ တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်နေကြောင်း ဖော်ထုတ်ပြသလိုသည့် ရည်ရွယ်ချက်ကို အထင်အရှားတွေ့မြင်ရသည်။

အမေရိကန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် လာမည့်အင်္ဂါနေ့တွင် မြောက်ကိုရီးယားအရေး ဆွေးနွေးရန်အတွက် ကနေဒါ၌ တွေ့ဆုံမည့် နိုင်ငံခြားရေးဝန်ကြီးများကို ညွှန်ကြားသွားမည်ဟု မျှော်လင့်ရသည်။

တရုတ်နှင့် ရုရှားတို့မှာ ဆွေးနွေးပွဲ တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ထရီပိုလီရှိ လေဆိပ်အနီး၌ လက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ၈၉ ဦး သေဆုံးဒဏ်ရာရ

**တူနီးရှား ဇန်နဝါရီ ၁၆**
လစ်ဗျားနိုင်ငံ မြို့တော် ထရီပိုလီရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် ယမန်နေ့က လက်နက်ကိုင်အဖွဲ့အစည်း၏တိုက်ခိုက်မှုကြောင့် လူပေါင်း ၈၉ဦးသေဆုံး၊ ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့ကြောင်း လစ်ဗျားနိုင်ငံ လုံခြုံရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ သတင်းရင်းမြစ်များအရ သိရသည်။

တိုက်ခိုက်မှုကြောင့် လက်ရှိချိန်တွင် လူပေါင်း ၂၀ သေဆုံးခဲ့ပြီး ၆၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများတွင် အရပ်သားများလည်း ပါဝင်ခဲ့ကြောင်း၊ သေဆုံးသူစာရင်းမြင့်တက်လာနိုင်ကြောင်း ထရီပိုလီစစ်မြေပြင် ဆေးရုံအုပ် အဗဒူဒါရန် အယ်လ်ရာဘရီက ပြောခဲ့သည်။

တိုက်ခိုက်မှုကြောင့် လေဆိပ်အတွင်း ရပ်နားထားသည့် လေယာဉ် ငါးစင်းပျက်စီးသွားခဲ့ပြီး တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် လေဆိပ်ကို ပိတ်သိမ်းခဲ့ရကြောင်း သိရသည်။

တိုက်ခိုက်မှုကို ဘတ်ရှာအယ်လ်ဘာကွာရက် လက်နက်ကိုင်အဖွဲ့က လုပ်ဆောင်ခြင်းဖြစ်ကာ လေဆိပ်အနီးရှိ အကျဉ်းထောင်တွင် ဖမ်းဆီးထားသော အကြမ်းဖက်အဖွဲ့အစည်းဝင်များကို ကယ်ထုတ်ရန် ထိုသို့ ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဆိုပါအကျဉ်းထောင်တွင် အကြမ်းဖက်သမားပေါင်း ရာချီ ဖမ်းဆီးထားကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်ထိစပ်ဇုန်အပြင်ဘက်တွင် တွေ့ရှိခဲ့သည့် ရေယာဉ်မှာ တရုတ်နိုင်ငံမှ တိုက်ခိုက်ရေး ရေငုပ်သင်္ဘောဖြစ်

**တိုကျို ဇန်နဝါရီ ၁၆**
ပြီးခဲ့သည့်ရက်သတ္တပတ်က ဆန်ကာကူကျွန်းအနီးတွင် စစ်ဆေးတွေ့ရှိခဲ့သည့် ရေယာဉ်တစ်စင်းမှာ တရုတ်နိုင်ငံမှ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေး ရေငုပ်သင်္ဘောသစ် တစ်စင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးအာဏာပိုင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ရေငုပ်သင်္ဘောကို ပြီးခဲ့သည့် ကြာသပတေးနေ့က အရှေ့တရုတ်ပင်လယ်အတွင်းရှိ ဂျပန်ရေပိုင်နက် အပြင်ဘက် ထိစပ်ဇုန်၏ ရေအောက်အတွင်း သွားလာနေမှုကို စစ်ဆေးတွေ့ရှိခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနက ရေငုပ်သင်္ဘောသည် တရုတ်ရေတပ်က ပိုင်ဆိုင်သည့် ရေငုပ်သင်္ဘောဖြစ်ကြောင်း သောကြာနေ့တွင်အတည်ပြု ပြောကြားခဲ့သည်။

ဆန်ကာကူကျွန်းကို ဂျပန်က ထိန်းချုပ်ထားသည့် အစိုးရသည် ဆန်ကာကူကျွန်းမှာ ဂျပန်ကအစဉ်အဆက်ပိုင်ဆိုင်လာသည့်ပိုင်နက် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြောဆိုထားပြီး တရုတ်နှင့် ထိုင်ဝမ်တို့ကလည်း ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### မီးတောင် ပေါက်ကွဲနိုင်သည့် အန္တရာယ်ကြောင့် လူပေါင်း ၁၂၀၀၀ ကျော်ကို ကယ်ဆယ်ရွှေ့ပြောင်း

**မနီလာ ဇန်နဝါရီ ၁၆**
ဖိလစ်ပိုင်နိုင်ငံ၌ ပြီးခဲ့သည့်စနေနေ့ကတည်းကစတင်ကာ မေယွန်မီးတောင်သည် မီးခိုးပြာများကို လေထဲသို့ ထုတ်လွှတ်ခဲ့ရာ ယင်းမီးတောင်အနီးတစ်ဝိုက်တွင်နေထိုင်ကြသည့် ပြည်သူ ၁၂၀၀၀ ကျော်ကို အန္တရာယ်ဇုန်မှ ကယ်ဆယ်ရွှေ့ပြောင်းမှု ပြုလုပ်ခဲ့ရကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရိုမီယာ မာရာစီဂန်က အစိုးရသည် မေယွန်မီးတောင်ပေါက်ကွဲနိုင်သည့်အန္တရာယ်ကြောင့် မိသားစုပေါင်း ၃၀၆၁ သို့မဟုတ် လူပေါင်း ၁၂၀၄၄ ခန့်ကို ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဖိလစ်ပိုင်မီးတောင်နှင့်မြေငလျင်အဖွဲ့အစည်းသည် မီးတောင်မှ မီးခိုးပြာများနှင့် မီးတောင်အပိုင်းအစများ၊ ချော်ရည်များ မီးတောင်ထိပ်မှထွက်ပေါ်လာခဲ့ပြီးနောက်တွင် မီးတောင်ပေါက်ကွဲနိုင်သည့် အန္တရာယ်သတိပေးနိုးဆော်ချက်ကို ပထမအဆင့်မှ ဒုတိယအဆင့်သို့ တိုးမြှင့်ခဲ့သည်။

**ဆင်ဟွာ**

# တူနီးရှားပဋိပက္ခနှင့် ပြည်သူတို့ရဲ့လိုအင်ဆန္ဒများ

*ကလျာမိုးမြင့်*



တူနီးရှားအစိုးရဟာ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ များစွာကို ကြေညာလိုက်ပြီး ခြိုးခြံချွေတာရေးကို ဆန့်ကျင်တဲ့ ဆန္ဒဖော်ထုတ်သူတွေက ဆန္ဒပြနေကြတဲ့ နေ့ရက်တွေကို တုံ့ပြန်လိုက်ပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ဆန္ဒပြမှုများစွာပေါ်ထွက်လာခဲ့ပြီး အဲဒီနေ့ဟာ သမ္မတ ဇင်အယ်လ်အဘီဒင်း ဘင်အလီရဲ့ပြည်နှင်ခြင်းခံရတဲ့ ခုနစ်နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။

ဆန္ဒဖော်ထုတ်မှုတွေ အတွင်းမှာ လူပေါင်း ၈၀၀ ကျော်ကို ဖမ်းဆီးခဲ့ရပြီး ဆန္ဒဖော်ထုတ်မှုတွေကို တုံ့ပြန်တဲ့ အနေနဲ့ အရေးပေါ်အစိုးရ အဖွဲ့အစည်းအဝေးတွေကို ကျင်းပခဲ့ပြီးပြီဖြစ်ပါတယ်။ သမ္မတ ဘီဂျီကိတ်အက်ဆက်ဘ်စီဟာ တနင်္ဂနွေနေ့မှာ တူးနစ်မြို့ရဲ့ဒေသတစ်ခုကို သွားရောက်ခဲ့ပြီး ၎င်းအနေနဲ့ ပြည်သူတွေ ထိခိုက်ခံစားနေရတာတွေကို နားလည်သဘောပေါက်တယ်လို့ ပြောပါတယ်။ အတိုက်အခံပါတီတွေရဲ့ တောင်းဆိုမှုကြောင့် ဆန္ဒပြသူတွေဟာ ထပ်မံပြီးလမ်းတွေပေါ်တက်ကာ နေရာယူလာကြပြန်ပါတယ်။

အာရပ်နွေဦးလှုပ်ရှားမှုစတင်ချိန်မှာ ဘင်အလီကိုသမ္မတနေရာကနေ ဖြုတ်ချလိုက်တဲ့ အချိန်ကစပြီး အခြေအနေတွေဟာ ဘာမှထူးထူးခြားခြားပြောင်းလဲတိုးတက်မလာခဲ့ဘူးလို့ အတိုက်အခံတွေနဲ့ ဆန္ဒပြပွဲကိုလှုံ့ဆော်သူတွေက အငြင်းပွားခဲ့ကြပါတယ်။

**ဆန္ဒပြပွဲတွေ ဘယ်အချိန်မှာ စတင်လာခဲ့သလဲ၊ ဘယ်အရာက ဆန္ဒပြပွဲတွေကို ပေါ်ပေါက်လာစေခဲ့တာလဲ**

အစိုးရဟာ ၂၀၁၈ ခုနှစ်ဘတ်ဂျက်ကာလအတွင်းမှာ စားသောက်ကုန်အချို့ကို ကုန်ဈေးနှုန်းကြီးမြှင့်လိုက်ပြီး လူမှုရေးဆိုင်ရာအပါအဝင် အခွန်ကောက်ခံမှုကို တိုးမြှင့်လိုက်တဲ့အချိန်ကစပြီး ဆန္ဒပြပွဲတွေဟာ ဇန်နဝါရီ ၇ ရက်မှာစတင်ပေါ်ထွက်လာတာဖြစ်ပါတယ်။ ဒီလိုလုပ်လိုက်တာကို မကျေမနပ်ဖြစ်နေကြတဲ့ပြည်သူတွေဟာ မတူညီတဲ့နေရာဒေသ ၁၀ ခုထက်မနည်းမှာ လူထုစုဝေးမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။

ပြီးခဲ့တဲ့တနင်္ဂနွေနေ့အရောက်မှာတော့ ရာနဲ့ချီတဲ့ပြည်သူလူထုဟာ ၂၀၁၁ ခုနှစ်မှာ ပုန်ကန်ထကြွမှုတွေဖြစ်ပွားခဲ့တဲ့ နေရာတစ်ခုဖြစ်တဲ့ တူးနစ်မြို့က Habib Bourguiba Avenue ဆီကိုအစုဝေးရောက်ရှိလာခဲ့ကြပြီး စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ UGTT သမဂ္ဂရုံးချုပ်အပြင်ဘက်မှာလည်း ဆန္ဒပြသူတွေ အများကြီးစုဝေးခဲ့ကြကာ ဘတ်ဂျက်ကိစ္စကိုစွန့်လွှတ်ဖို့ တောင်းဆိုခဲ့ကြပြီး ဈေးနှုန်းကြီးမြင့်မှုကို မခံမရပ်နိုင်ဖြစ်ကြောင်း ဖော်ထုတ်ခဲ့ကြပါတယ်။

အစိုးရက ဆန္ဒဖော်ထုတ်သူတွေဟာ ရဲတပ်ဖွဲ့ရဲ့ ကားတွေကို မီးရှို့ခဲ့ကြပြီး အာဏာပိုင်တွေကို တိုက်ခိုက်တယ်လို့ စွပ်စွဲထားပါတယ်။ ဆန္ဒပြပြည်သူတချို့ဟာဆိုရင် ဈေးဝယ်စင်တာနဲ့ စတိုးဆိုင်တွေထဲကိုဝင်ရောက်ခဲ့ကြပြီး တချို့တွေကတော့ လမ်းတွေကိုပိတ်ဆို့တားဆီးတာတွေ ပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

**ဘာတွေကို ပြုပြင်ပြောင်းလဲဖို့လုပ်ဆောင်ခဲ့သလဲ**

သမ္မတအက်ဆက်ဘ်စီဟာ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ အလုပ်သမားသမဂ္ဂကို ထောက်ခံတဲ့ ကုန်သွယ်ရေးအဖွဲ့အစည်းတွေနဲ့ သမ္မတနန်းတော်မှာ နှစ်နာရီကြာအောင် အကျပ်အတည်းဆိုင်ရာ ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပြီးနောက်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်လိုက်ကြောင်း ကြေညာချက်တွေ ထွက်ပေါ်လာခဲ့တာပါ။ ဆန္ဒဖော်ထုတ်မှုတွေ ဖြစ်ပွားနေတဲ့ အချိန်အတောအတွင်းမှာပဲ အကျပ်အတည်း ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

ဆေးဝါးကုသမှုအိမ်ရာ စီမံခန့်ခွဲမှုနဲ့ ဆင်းရဲနွမ်းပါးသူတွေအတွက်အကူအညီပေးအပ်မှုကို မြှင့်တင်သွားမှုတွေမှာ ပြုပြင်ပြောင်းလဲရေးတွေ ဆောင်ရွက်ဖို့အတွက် အစီအစဉ်တွေကို ပါလီမန်လွှတ်တော်မှာ အဆိုပြုထားပြီးပြီဖြစ်တယ်လို့ အာဏာပိုင်တွေက ဆိုပါတယ်။ လူမှုရေးဆိုင်ရာဝန်ကြီး မိုဟာမက် ထရာဘယ်လ်စီက အစိုးရဟာ လိုအပ်နေတဲ့ ပြည်သူတွေအတွက် လူမှုဖူလုံရေးနဲ့သက်သာချောင်ချိရေးပေးအပ်မှုကို ဒီနာသန်း ၁၇၀ ( အမေရိကန်ဒေါ်လာ သန်း၇၀ သို့မဟုတ် ယူရိုငွေ သန်း ၅၀)အထိတိုးမြှင့်ပေးအပ်သွားဖို့ အဆိုပြုထားတယ်လို့ ပြောကြားခဲ့ပါတယ်။

ဒီအစီအစဉ်ဟာ မိသားစုပေါင်း ၂၅၀၀၀၀ ခန့်ကိုအကျိုးသက်ရောက်စေမှာဖြစ်သလို ဆင်းရဲနွမ်းပါးသူတွေနဲ့ အလယ်အလတ်တန်းစာတွေကို အကျိုးပြုမယ့် အစီအစဉ်တစ်ခုဖြစ်တယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။ မစ္စတာ ထရာဘယ်လ်စီက ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အိမ်ရာစီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို အာမခံပေးနိုင်မယ့် အစီအစဉ်တွေကို အရိပ်အမြွက်ပြပြီး သွယ်ဝိုက်ပြောဆိုသွားခဲ့တာပါ။

**မစ္စတာအက်ဆက်ဘ်စီ တနင်္ဂနွေနေ့မှာ ဘာပြောခဲ့သလဲ**

မစ္စတာအက်ဆက်ဘ်စီဟာ တူးနစ်မြို့ရဲ့ Ettdhamon ဒေသကို အလည်အပတ်သွားရောက်ခဲ့ပြီး လူငယ်စင်တာတစ်ခုကို အဲဒီမှာ ဖွင့်လှစ်ခဲ့ပါတယ်။ တိုတောင်းတဲ့ မိန့်ခွန်းပြောဆိုမှုထဲမှာ အက်ဆက်ဘ်စီက ၎င်းအနေနဲ့ လူငယ်တွေအလုပ်အကိုင်မရရှိမှုကို ရင်ဆိုင်ဖြေရှင်းမယ်လို့ ကတိပေးအပ်ခဲ့ပြီး ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေကို ကူညီဖို့အစိုးရက လှုပ်ရှားဆောင်ရွက်နေတာတွေကို အလေးပေးပြောဆိုခဲ့ပါတယ်။ သင်တို့အတွက် ကျွန်ုပ်တို့ခံစားနားလည်ပေးနေတယ်။ သင်တို့ဟာ ကျွန်ုပ်တို့ရဲ့ မိသားစုဝင်တွေပဲဖြစ်တယ်လို့ အက်ဆက်ဘ်စီက ပြောကြားခဲ့ပါတယ်။

**တူနီးရှားရဲ့စီးပွားရေးအခြေအနေ**

နှစ်ပေါင်း ၂၀ကျော်ကြာအောင် အာဏာစွဲကိုင်ခဲ့တဲ့ ဘင်အလီကို ရာထူးကနေဖယ်ရှားခဲ့ချိန်ကစပြီး တူနီးရှားဟာ စီးပွားရေးမှာ တော်တော်လေးကိုရုန်းကန်နေခဲ့ရပါတယ်။ အကျင့်ပျက်ခြစားမှုနဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေနဲ့ အလုပ်လက်မဲ့နှုန်း မြင့်မားလာမှုတွေကနေ တော်လှန်ရေးတစ်ရပ် ပေါက်ပွားလာတာလို့ဆိုရမှာ ဖြစ်ပါတယ်။ ခုနစ်နှစ်ကြာပြီးနောက်မှာ တူညီတဲ့တချို့ပြဿနာတွေဟာ အရင်တိုင်း ဆက်လက်ကျန်ရှိနေဆဲပါပဲ။ လူငယ်တွေ အလုပ်လက်မဲ့ဖြစ်မှုနှုန်းဟာ ၃၅ ရာခိုင်နှုန်းကျော်လောက်ရှိနေတယ်လို့ ကုလသမဂ္ဂရဲ့ နိုင်ငံတကာ အလုပ်သမားအဖွဲ့က ပြောကြားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ကတည်းကစပြီး နိုင်ငံရဲ့အသက်သွေးကြောတမျှ အရေးပါတဲ့ ခရီးသွားလုပ်ငန်းဟာ အကြမ်းဖက်တိုက်ခိုက်ခံရမှုတွေကြောင့် ထိခိုက်ပျက်စီးလာခဲ့ပြီး နိုင်ငံသုံး ငွေကြေးကို ၆၀ ရာခိုင်နှုန်းလောက် တန်ဖိုးကျဆင်းသွားစေခဲ့ပါတယ်။

**စီးပွားရေးအရ အရေးပေါ်ဆောင်ရွက်မှုတွေ တူနီးရှားလိုအပ်နေ**

ငွေကြေးဖောင်းပွမှုဟာသုံးနှစ်ခွဲလောက်ကြာအောင် မြင့်တက်နေခဲ့ပြီး အသားငါးနှင့် တခြားအစားအသောက်တွေကို ဝယ်ယူရတဲ့ ဈေးနှုန်းဟာ နှစ်စဉ်နှစ်တိုင်း ၁၀ရာခိုင်နှုန်းလောက်မြင့်တက်နေပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကတူနီးရှားနိုင်ငံဟာ အရေးပေါ်ဆောင်ရွက်မှုတွေလိုအပ်နေပြီး နိုင်ငံရဲ့လို ငွေပြမှုကို လျှော့ချဖို့ တိကျပြတ်သားတဲ့ စီမံဆောင်ရွက်ချက်တွေ ချမှတ်ဆောင်ရွက်သွားဖို့ အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း တူနီးရှားသို့ ပြောကြားခဲ့ပါတယ်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ဟာ ၂၀၁၅ ခုနှစ်မှာ တူနီးရှားကို ချေးငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၉ဘီလီယံ (ယူရိုငွေ ၂ ဒသမ ၂ ဘီလီယံ) ပေးအပ်ခဲ့ပါတယ်။

ပြည်နှင်ခံလိုက်ရပြီးနောက် ဆော်ဒီအာရေဗျမှာ နေထိုင်လျက်ရှိတဲ့ ဘင်အလီဟာ ၂၀၁၁ ခုနှစ်မှာ ပြည်သူလူထုရဲ့ ငွေကြေးကို အလွဲသုံးစားပြုလုပ်မှုနဲ့ တူနီးရှားတရားရုံးက စစ်ဆေးကြားနာမှုကို လာရောက်ဖို့ ပျက်ကွက်ခဲ့ပြီး ထောင်ဒဏ် ၃၅ နှစ် ချမှတ်ခြင်းခံခဲ့ရပါတယ်။ ။

**ကိုးကား - ဘီဘီစီ**

> “လူငယ်တွေ အလုပ်လက်မဲ့ဖြစ်မှုနှုန်းဟာ ၃၅ ရာခိုင်နှုန်းကျော်လောက် ရှိနေတယ်လို့ ကုလသမဂ္ဂရဲ့ နိုင်ငံတကာအလုပ်သမားအဖွဲ့က ပြောကြားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်ကတည်းက စပြီးနိုင်ငံရဲ့အသက်သွေးကြောတမျှအရေးပါတဲ့ ခရီးသွားလုပ်ငန်းဟာ အကြမ်းဖက်တိုက်ခိုက်ခံရမှုတွေကြောင့် ထိခိုက်ပျက်စီးလာခဲ့ပြီး နိုင်ငံသုံးငွေကြေးကို ၆၀ ရာခိုင်နှုန်းလောက် တန်ဖိုးကျဆင်းသွားစေခဲ့”

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ကုမ္ပဏီဖျက်သိမ်းသည်မှ သုံးနှစ်ကြာပြီးနောက်တွင် စာရွက်စာတမ်းများနှင့် သက်ဆိုင်သူက အဆိုပါစာရွက်စာတမ်းများ မရရှိသည်ဆိုသော အကြောင်းကြောင့် မည်သည့်တာဝန်ရှိမှုမျှ ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအပေါ်တွင်လည်းကောင်း သို့မဟုတ် စာရွက်စာတမ်းများအား ထိန်းသိမ်းထားရသူတစ်ဦးဦးအပေါ်တွင်လည်းကောင်း မရှိစေရ။

**ကုမ္ပဏီဖျက်သိမ်းမှု ပျက်ပြယ်ကြောင်းကြေညာနိုင်သည့် တရားရုံး၏အခွင့်အာဏာ**

၄၀၆။ ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းပြီးသည့်အခါ ထိုသို့ဖျက်သိမ်းသည့်နေ့မှ နှစ်နှစ်အတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ၊ တရားရုံးက အကျိုးသက်ဆိုင်သူဖြစ်သည်ဟုယူဆသော ပုဂ္ဂိုလ်တစ်ဦးဖြစ်စေ လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့်စည်းကမ်းချက်များသတ်မှတ်၍ ကုမ္ပဏီဖျက်သိမ်းမှုပျက်ပြယ်ကြောင်း ကြေညာသည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းနောက် ကုမ္ပဏီကို ဖျက်သိမ်းခြင်းမပြုသကဲ့သို့ အမှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ရမည်။

၄၀၇။ ပုဒ်မ ၄၀၆ ပါ အမိန့်ချမှတ်သည့် လျှောက်လွှာကို တင်ပြသူသည် ထိုအမိန့်အား ချမှတ်ပြီးနောက် ၂၁ရက်အတွင်း အဆိုပါအမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ဆိုင်းငံ့ထားသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ**

၄၀၈။ (က) ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းမှုသည် ယင်းအားစတင်ဆောင်ရွက်သည့်နေ့မှ တစ်နှစ်အတွင်း ပြီးစီးခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင်တစ်ကြိမ်နှင့် ၁၂ လထက် မပိုသောကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းမှုပြီးစီးသည်အထိ တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှုအခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

(ခ) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်ကြောင်း စာဖြင့်ရေးသား၍ ဖော်ပြသူတစ်ဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မည်သည့်အချိန်တွင်မဆို သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းလျက် ရေးသားဖော်ပြချက်များကို စစ်ဆေးကြည့်ရှုခြင်း၊ ယင်းတို့၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေ ရယူနိုင်သည်။ သို့သော် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု မမှန်မကန်ထုတ်ဖော်ခဲ့လျှင် ထိုသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၈၂ အရပြစ်မှုအတွက်အပြစ်ရှိပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက လျှောက်ထားလာလျှင် ထိုပြစ်မှုအရ ပြစ်ဒဏ်ကျခံစေရမည်။

(ဂ) တရားရုံးသို့ရေးသားဖော်ပြချက်အား တင်ပြသည့်အခါ ယင်း၏မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တစ်ချိန်တည်းတွင် တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည်ယင်းအား ကုမ္ပဏီ၏ အခြားမှတ်တမ်းများနှင့်အတူ သိမ်းဆည်းထားရမည်။

၄၀၉။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၄၀၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဘဏ်သို့ငွေပေးချေမှုများ**

၄၁၀။ (က) တရားရုံးကဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားလုံးသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလ၌ ၎င်းမှ လက်ခံရရှိထားသည့် ငွေကြေးများကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်သို့ ပေးသွင်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကြိုတင်ပေးငွေများကို လက်ခံရယူရန် သို့မဟုတ် မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ အကျိုးပါရှိသော အခြားအကြောင်းများကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အခြားဘဏ်တစ်ခုခုတွင် ငွေစာရင်း ဖွင့်လှစ်သင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံလျှင် တရားရုံးသည် ယင်းကရွေးချယ်သည့် အခြားဘဏ်တစ်ခုခုတွင် ငွေပေးချေမှုများပြုလုပ်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသို့ခွင့်ပြုနိုင်ပြီး အဆိုပါငွေပေးချေမှုများကို သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သည့်အချိန်တွင်မဆို ကျပ်နှစ်သိန်းငါးသောင်းထက်ပိုမိုသည့်ငွေတစ်ရပ် သို့မဟုတ် သီးခြားကိစ္စရပ်များတွင် တရားရုံးက ထိန်းသိမ်းရန် သတ်မှတ်ပေးထားသည့်ငွေပမာဏကို ၁၀ ရက်ထက် ကျော်လွန်၍ ထိန်းသိမ်းထားပြီး ထိုသို့ထိန်းသိမ်းထားရခြင်းအတွက် တရားရုံးက ကျေနပ်လက်ခံနိုင်သည်အထိ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက တင်ပြနိုင်ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ထိန်းသိမ်းထားသည့် ငွေပမာဏအပေါ် အတိုး ပေးရမည်။ တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခံစားခွင့်မပြုဘဲထားနိုင်သည့်အပြင် ၎င်း၏တာဝန်မှ ထုတ်ပယ်နိုင်သည်။ ထို့ပြင် ၎င်း၏ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များကို ပေးချေရမည်။

(ဂ) ဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးသည် သီးခြားဘဏ်ငွေစာရင်းတစ်ရပ်ကို ဖွင့်လှစ်ထားရမည်ဖြစ်ပြီး အဆိုပါ ငွေစာရင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ၎င်းကလက်ခံရရှိသည့် ငွေပမာဏအားလုံးကို ပေးသွင်းရမည်။

**ကျမ်းကျိန်လွှာပြုလုပ်နိုင်သည့် တရားရုံး သို့မဟုတ် ပုဂ္ဂိုလ်**

၄၁၁။ (က) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ သို့မဟုတ် ကိစ္စရပ်များအတွက် လိုအပ်သော ကျမ်းကျိန်လွှာတစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း မည်သည့်နေရာတွင်မဆို တရားရုံးတစ်ခုခု၊ တရားသူကြီး သို့မဟုတ် ကျမ်းကျိန်လွှာများကို လက်ခံပြုလုပ်ပေးရန် တရားဝင်အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦး၏ ရှေ့မှောက်တွင်လည်းကောင်း၊ နိုင်ငံတော်ပြင်ပတွင် နိုင်ငံတော်၏ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင်လည်းကောင်း ကျမ်းကျိန်ဆိုနိုင်သည်။

(ခ) နိုင်ငံတော်အတွင်းရှိ တရားရုံးများ၊ တရားသူကြီးများ၊ တရားသူကြီးချုပ်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တရားစီရင်ရေးတာဝန်များကို ဆောင်ရွက်နေရသူများသည် ဤအပိုင်းတွင်ပါရှိသော ကိစ္စရပ်များအတွက် အသုံးပြုမည့်ကျမ်းကျိန်လွှာများ သို့မဟုတ် အခြား စာရွက်စာတမ်းများတွင် ပူးတွဲဖော်ပြထားသော အဆိုပါ တရားရုံး၊ တရားသူကြီး၊ ပုဂ္ဂိုလ်၊ကောင်စစ်ဝန် သို့မဟုတ် ဒုတိယကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ တံဆိပ်၊လက်မှတ်များပါရှိသော တရားစီရင်ရေးဆိုင်ရာ အကြောင်းကြားမှုကို လက်ခံရယူရမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည့် အခွင့်အာဏာ**

၄၁၂။ (က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းနှင့် လက်အောက်ခံတရားရုံးများတွင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက်ဖြစ်စေ (ကုမ္ပဏီတွင်ပါဝင်သူများနှင့် မြီရှင်များက ဖျက်သိမ်းခြင်းနှစ်ရပ်လုံး)၊ ပုဒ်မ ၂၈၇ အရ ဆောင်ရွက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြီရှင်များနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးများကို ကျင်းပရန်အတွက်ဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ တရားရုံးသို့တင်ပြသည့် လျှောက်ထားမှုများအတွက်ဖြစ်စေ ဆောင်ရွက်မည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေနှင့်လည်းကောင်း လိုက်လျောညီထွေရှိသည့် နည်းဥပဒေများကို အခါအားလျော်စွာ ပြုလုပ်နိုင်သည့်အပြင် ဤဥပဒေအရသတ်မှတ်ဖော်ပြထားသည့် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအားလုံးအတွက် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) အထက်တွင်ဖော်ပြပါရှိသော အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အဆိုပါနည်းဥပဒေများအရ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားရုံး၏အခွင့်အာဏာနှင့် တာဝန်များဖြစ်သော တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည့် ဤဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော အခွင့်အာဏာများနှင့် တာဝန်များအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ရယူဆောင်ရွက်နိုင်သည် -

(၁) မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရရှိရန်အတွက် အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

(၂) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ရှင်းလင်းဆောင်ရွက်ခြင်း၊ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို လိုအပ်ပါက အတည်ပြုရခြင်း၊ ရရန်ပိုင်ခွင့်များကို စုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို ပေးပို့ရန်လိုအပ်ခြင်း၊

(၄) ငွေကြေးထည့်ဝင်ရန်အတွက်တောင်းခံမှုများ ပြုလုပ်ခြင်း၊

(၅) ကြွေးမြီများနှင့် တင်ပြတောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရန် အချိန်ကာလ သတ်မှတ်ပေးခြင်း။

သို့ရာတွင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အတည်ပြုခြင်းမပြုရ။ ထို့ပြင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခံမှုများကို မပြုလုပ်ရ။

**အခန်း(၂၇)**

**မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ**

**မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်း**

၄၁၃။ (က) ဤအခန်း(၂၇)တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် "မှတ်ပုံတင်ထားခြင်း မရှိသည့်ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီမဟုတ်ဘဲ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်း တစ်ရပ်ရပ်လည်းပါဝင်သည်။

(ခ) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဤဥပဒေအရ ဖျက်သိမ်းနိုင်သည်။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် အောက်ပါခြွင်းချက်များ၊ ဖြည့်စွက်ချက်များနှင့်အတူ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုနှင့် သက်ဆိုင်စေရမည် -

(၁) နိုင်ငံတော်အတွင်း ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့်နေရာသည် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းဖြစ်သည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့်ကုမ္ပဏီကိုမျှ ဤဥပဒေအရ ဆန္ဒအလျောက်ဖြစ်စေ၊ ကြီးကြပ်မှုဖြင့်ဖြစ်စေ ဖျက်သိမ်းခြင်းမပြုရ။

(၃) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းနိုင်သည့် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -

*(ဆက်လက်ဖော်ပြပါမည်)*

## လယ်ဝေးမြို့နယ်၌ ကျေးရွာသစ်လွှပ်ရှားမှုအဖြစ် ကျေးရွာခန်းမဖွင့်



**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် မြန်မာဆယ်မားအူးလ်အွန်ဒွန်စီမံကိန်း ကျေးရွာသစ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိရာ ဒုတိယနှစ်လုပ်ငန်းဆောင်ရွက်ခြင်းအဖြစ် လယ်ဝေးမြို့နယ် ကံသာကျေးရွာနှင့် သော်မှော်ကုန်းကျေးရွာတို့တွင် ကျေးရွာခန်းမဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွဋ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် SMU Project Manager Dr. Kim တို့က ကျေးရွာခန်းမကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းသည် ကိုရီးယားနိုင်ငံ၏ ကူညီမှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စီမံကိန်းတွင် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားရေးတို့ကို ကျေးရွာသူကျေးရွာသားများအား ကိုယ်တိုင်ဆောင်ရွက်နိုင်အောင် သင်တန်းပေးခြင်း၊ လေ့ကျင့်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နှစ်ရှည်ပင်၊ ဟင်းသီးဟင်းရွက်တို့ စိုက်ပျိုးခြင်း၊ Home Garden ဆောင်ရွက်မှု၊ ဆေးမားအူးဂမ်းရှိ ငွေစုဘဏ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကကျေးရွာသစ်လှုပ်ရှားဆောင်ရွက်နေမှုများ၊ ငွေစုငွေချေး ဆောင်ရွက်နေမှုနှင့် Home Garden ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှုတို့ကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး တည်ဆောက်မှုဆိုင်ရာများ ရှင်းလင်း

**သရက်ချောင်း ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက် ငါးလေလံဈေး ကုန်ထုတ်လမ်းထိပ်နေရာ၌ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် Global Grand Service ကုမ္ပဏီလီမိတက်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ၍ ငါးလေလံဈေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ ရှင်းလင်းပွဲကို ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က ဒေသခံပြည်များအား လုပ်ငန်းဆောင်ရွက်နေသည်များနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ကုမ္ပဏီလုပ်ငန်းတာဝန်ခံ ဦးမောင်မောင် ကလည်း နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး ဖော်ဆောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ပြည်တွင်း ပြည်ပမှ ငါးလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက် မြင့်မားလာစေရန်နှင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ဖြစ်ကြောင်း၊ ခေတ်မီအအေးခန်းစက်ရုံ၊ ရေခဲစက်၊ ငါးစည်သွပ်စက်ရုံနှင့် အလုပ်ရုံများအတွက် မရှိမဖြစ်လိုအပ်သော လျှပ်စစ်ဓာတ်အား အလုံအလောက် ရရှိစေရေးအတွက် လျှပ်စစ်ထုတ်လုပ်ရန်လည်း ရည်ရွယ်ထားကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်း မြို့နယ်ရှိ ဆင်ဖြူပြင် ငါးလေလံဈေး စီမံကိန်း တည်နေရာသည် မြန်မာ့ပင်လယ် ကမ်းရိုးတန်း၏ ဗဟိုအချက်အချာကျ၍ ငါးဖမ်းစက်လှေများ အနီးစပ်ဆုံး ဝင်ထွက်သွားလာနိုင်ခြင်းနှင့် ပင်လယ်ရေထွက်ကုန်ပစ္စည်းများအား တစ်ဖက်နိုင်ငံသို့ သယ်ယူပို့ဆောင်ရာတွင် အနီးစပ်ဆုံး ဖြစ်ခြင်းတို့ကြောင့် နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး စီမံကိန်းကြီးကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲသို့လာရောက်သည့် ဒေသခံပြည်သူများက လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက အသေးစိတ် ရှင်းလင်းဖြေကြားခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

# မွန်ပြည်နယ်တွင် ပြန်လည်စွန့်လွှတ်ပြီး ပိုင်ရှင်များထံပေးအပ်သည့်မြေ ဧက ၁၆၀၀၀ ကျော်ရှိ

**မော်လမြိုင် ဇန်နဝါရီ ၁၆**

မွန်ပြည်နယ်တွင် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ရက်အထိ အစိုးရမှ ပြန်လည်စွန့်လွှတ်ပြီး သက်ဆိုင်ရာမြေပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့် မြေဧက ၁၆၆၉၀ ရှိပြီး ပြန်လည် စိစစ်ဆဲမြေမှာ ၁၄၄ ဧကကျော် ရှိနေကြောင်း မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံမှ သိရသည်။

မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်ထူးက မွန်ပြည်နယ်တွင် သက်ဆိုင်ရာဌာနများကသိမ်းပြီး အသုံးမပြုထားသည့် လယ်ယာမြေနှင့် ခြံမြေများကို ၂၀၁၄ ခုနှစ် မေလမှစတင်ကာ ပြန်လည်စွန့်လွှတ်ပေးခဲ့ကြောင်းနှင့် အမွေကိစ္စ၊ ပုဂ္ဂိုလ်ရေးအရ အရှုပ်အရှင်းဖြစ်သည့်မြေများကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအတိုင်း မြို့နယ် လယ်ယာစီမံခန့်ခွဲရေးကော်မတီများက အဆင့်ဆင့်စိစစ်ပြီး ပြန်လည်ချပေးလျက်ရှိကြောင်း ပြောကြားသည်။ မွန်ပြည်နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်အပ်နှံမြေများ နိုင်ငံတော်သို့ အပ်နှံပြီးစီးမှုကို ဒီဇင်ဘာ ၁၅ ရက်က လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်ချက်အရ မွန်ပြည်နယ်တွင် ပြန်လည်အပ်နှံသည့်မြေဧက ၃၉၄၇ ဒသမ ၈၀၁ ဧက ရှိခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်၌ စုစုပေါင်း ပြန်လည်စွန့်လွှတ်မြေ ဧက ၁၆၀၀၀ ကျော်တွင် မြို့နယ်အလိုက် ပြန်လည်စွန့်လွှတ်မြေများမှာ ကျိုက်ထိုမြို့နယ်တွင် ဧက ၁၁၂၉၀၊ ဘီလင်းမြို့နယ်တွင် ၅၁၄ ဧက၊ သထုံမြို့နယ်တွင် ၁၄၁၂ ဧက၊ ပေါင်မြို့နယ်တွင် ၂၂၄ ဧက၊ မော်လမြိုင်မြို့နယ်တွင် ၆၆၅ ဧက၊ မုဒုံမြို့နယ်တွင် ၂၅၁ ဧက၊ ကျိုက်မရောမြို့နယ်တွင် ၁၃၇၀ ဧက၊ သံဖြူဇရပ်မြို့နယ်တွင် ၆၆ ဧက၊ ရေးမြို့နယ်တွင် ၉၉၁ ဧကနှင့် ချောင်းဆုံမြို့နယ်တွင် ၄၇ ဧက စွန့်လွှတ်ခဲ့ကြောင်းသိရသည်။ မွန်ပြည်နယ်တွင် ယခင် အစိုးရလက်ထက်ကလည်း သိမ်းဆည်းထားသည့် မြေဧကပေါင်း ၃၇၆၃ ဒသမ ၁ ဧကကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မုဒုံမောင်မောင်**




# စာရင်းအင်းများ မှန်ကန်စွာပြုစုကောက်ယူနိုင်ရန် နွေစပါးစိုက်ဧကများကို ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရာတွင် စိုက်ဧကများ မှန်ကန်စွာစိုက်ပျိုးနိုင်ရေးနှင့် မျိုးကွဲများနှင့် စိုက်ဧကအရေအတွက်စသည့် စာရင်းအင်းကိန်းဂဏန်းများ မှန်ကန်စွာ ပြုစုကောက်ယူနိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တာဝန်ရှိသူများက ဘားအံမြို့နယ် တရုတ်လုကျေးရွာအုပ်စုအတွင်း ဇန်နဝါရီ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အတူ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်/မြို့နယ် ဦးစီးမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်/မြို့နယ်ဦးစီးမှူးများက တရုတ်လုတောင်၌ နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းမင်းက DJI Phantom 4 Pro Drone ဖြင့် ကွင်းဖွဲ့မြေတိုင်းတာခြင်းကို ရှင်းလင်းပြသသည်။ ဆက်လက်၍ နွေစပါးစိုက်ဧက ၁၀၀၀ ကို အကျိုးပြုနေသော တရုတ်လု သံလွင်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ပြီး နွေစပါး စိုက်ပျိုးနိုင်မှု၊ ရေပေးဝေနိုင်မှု အခြေအနေများကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်သည် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများအား နွေစပါးစိုက်ဧက မှန်ကန်စွာစိုက်ပျိုးနိုင်ရေး၊ မျိုးကွဲနှင့်စိုက်ဧက စာရင်းအင်း ကိန်းဂဏန်းများ မှန်ကန်စွာ ပြုစုကောက်ယူနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ကရင်ပြည်နယ်၌ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နွေစပါးစိုက်ပျိုးရန် ၁၁၇၄၉၃ ဧက လျာထားပြီး ၂၀၁၇ ဒီဇင်ဘာလကုန်အထိ ၁၀၉၅၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု(မွမ်းမံ)သင်တန်း မော်လမြိုင်မြို့နယ်၌ ဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၁၆**

မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ စစ်ရေးပြနှင့် လက်နက်ငယ်ကျွမ်းကျင်မှု (မွမ်းမံ) သင်တန်းအမှတ်စဉ်(၂/၂၀၁၈)ကို ဇန်နဝါရီလ ဒုတိယပတ်အတွင်းက မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဦး/ရေ/ထောက်(ပထမတန်း) ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးဇော်မိုး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်းဦး၊ ခရိုင် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ မော်လမြိုင်ခရိုင်ရှိ ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ နည်းပြဆရာများ၊ အခြားအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်းက အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# တိရစ္ဆာန်ကောင်ရေစာရင်း ဆက်လက်ကောက်ယူ

**ကျောက်ဖြူ ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ မာန်အောင်မြို့နယ်နှင့် အမ်းမြို့နယ်အပါအဝင် အခြားမြို့နယ်များတွင် တိရစ္ဆာန်ကောင်ရေစာရင်းကို ဆက်လက်ကောက်ယူလျက်ရှိကြောင်း ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်အေးက ပြောသည်။

ထိုသို့ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူလျက်ရှိရာ၌ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ သိုး၊ ဆိတ်၊ ဘဲ၊ ဘဲငန်း၊ ခွေး၊ မြင်း၊ ကြက်ဆင်၊ မန်ဒါလီတို့ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း အပြီးအစီး စာရင်းကောက်ယူမည်ဖြစ်သည်။ ယခုကျောက်ဖြူခရိုင်လေးမြို့နယ်တွင် လက်ရှိကောက်ယူစာရင်းအရ ၄၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။

**၁၅၇**

# ရွှေဘိုခရိုင်တွင် နွေစပါးနှင့်အခြားသီးနှံ ဧက ၃၄၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**ရွှေဘို ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် မိုးစပါးအောင်ရေပေးအပြီး သဖန်းဆိပ်ဆည်အတွင်း ဆည်ရေလက်ကျန်သိုလှောင်နိုင်မှုအပေါ် မူတည်ပြီး နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးကို နှစ်စဉ် လျာထားဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် သဖန်းဆိပ်ဆည်ရေ လက်ရှိအခြေအနေအရ ခရိုင်အတွင်း နွေစပါးနှင့် အခြားသီးနှံ ဧက ၃၄၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ဆည်ရေသည် လက်ရှိအချိန်တွင် ဧကပေ ၂၄ သိန်းကျော် သိုလှောင်ထားနိုင်ကြောင်း၊ သဖန်းဆိပ်ဆည်မှ မြောင်းကြီး လေးမြောင်းဖြင့် မြို့နယ် ခြောက်ခုကို ရေပေးဝေသွားမည်ဖြစ်ပြီး ဆည်ရေဖြင့် နွေစပါး ၂၈၃၂၄၁ ဧကနှင့် အခြားသီးနှံ ၆၄၅၇၀ ဧက စုစုပေါင်း ၃၄၇၈၁၁ ဧကကို ရေပေးဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးရဲမြတ်ထွန်းက ပြောသည်။

ရွှေဘိုခရိုင်တွင် သဖန်းဆိပ်ဆည်ရေအပြင် လျှပ်စစ်ရေတင်၊ စက်ရေတင်၊ မြေအောက်ရေ၊ သဘာဝရေ နည်းလမ်းများဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း နွေစပါး ၂၈၅၇၇၈ ဧက၊ အခြားသီးနှံ ၉၀၂၀၀ ဧက စုစုပေါင်း ၃၇၅၉၇၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်းလည်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆွေ၏ ပြောကြားချက်အရ သိရသည်။

ခရိုင်အတွင်း နွေစပါးနှင့်အခြားသီးနှံများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန်နှင့် ရေမြောင်းများမှရေများ အလေအလွင့်မရှိစေရန်အတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးထုတ်လုပ်မှု ကြီးကြပ်ရေးကော်မတီဝင်များက စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ခင်ဦးစိုးဝေ**

# သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်



**မိတ္ထီလာ ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်မှ ပြည်သူများအနေဖြင့် ဒေသထွက် သစ်သီးဝလံများကို အခြေခံ၍ တာရှည်ခံ တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လာနိုင်စေရန် ရည်ရွယ်၍ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို ဇန်နဝါရီ ၁၅ ရက်က ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝက အမှာစကားပြောကြားပြီး လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်မြင့်ခိုင်က ဒေသခံပြည်သူများအနေဖြင့် အိုးမကွာ အိမ်မကွာ တစ်ပိုင်တစ်နိုင် အိမ်တွင်းလုပ်ငန်းများ လုပ်ကိုင်ရင်းမှ လုပ်ငန်းရှင်အဆင့်သို့ ရောက်ရှိနိုင်အောင် အထောက်အကူပြုစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ဒေသခံ သင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် သစ်သီးများပျက်စီးရခြင်း အကြောင်းအရင်းများ၊ သစ်သီးယိုမျိုးစုံထုတ်လုပ်နည်း၊ သစ်သီးဖျော်ရည်မျိုးစုံ ထုတ်လုပ်နည်း၊ သစ်သီးအခြောက်ပြုလုပ်နည်း၊ သစ်သီး ဆော့ပြုလုပ်နည်းများ၊ ဂျယ်လီအမျိုးမျိုး ပြုလုပ်နည်းများ၊ အစားအသောက်များ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး စသည့် သင်ခန်းစာများကို ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ပဲခူးတိုင်းဒေသကြီး တောင်ငူရထားရဲစခန်းမှ တပ်ဖွဲ့ဝင်များ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအဖြစ် စခန်းမှူး ရဲအုပ်မိုးကျော်အောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၃ ရက်က မီးရထားဝင်းနယ်မြေနှင့် ဆက်စပ်လျက်ရှိသော ဓာတ်ပေါင်းစေတီအနီးရှိ အမှိုက်ပုံကို ရှင်းလင်းခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။**

ကျော်လှ(တောင်ငူ)



# လက်ပံတန်းတွင် ကျေးရွာသစ်စီမံကိန်း ဆောင်ရွက်မည်

**လက်ပံတန်း ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရေငံကျေးရွာ၌ ဆောင်ရွက်မည်ဟု သိရသည်။ မြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၉ အုပ်စု ကျေးရွာ ၃၀၈ ရွာရှိသည့်အနက် ရေငံကျေးရွာက စီမံကိန်းဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး ကျေးရွာတွင်းမှ အရှည်ပေ ၅၂၅၀ ရှိသော ရွာတွင်းလမ်းမကြီးကို အကျယ် ၁၀ ပေ၊ အမြင့် ၆ လက်မဖြင့် ဂဝံခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ဖေဖော်ဝါရီလ ပထမပတ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဆင့်**



# အုပ်ကြီး၊ အာကြီး၊ အပျိုကြီး၊ လူပျိုကြီး ကြီးလေးကြီးအားပြိုင်မှု

● ကိုလင်း

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဒါရိုက်တာ ပြည့်ဟိန်းသီဟဖန်တီး တင်ဆက်ထားသည့် ကြီးလေးကြီး ရုပ်ရှင်ဇာတ်ကားကို ယခုလ ၁၉ ရက်မှ စတင်ကာ ရုံတင်ပြသသွားမည်ဟုသိရသည်။ အဆိုပါ ဇာတ်လမ်း၏ အဓိက ရည်ရွယ်ချက်မှာ ဟာသ ဖျော်ဖြေရေး တစ်ခုအနေနှင့်သာ ရိုက်ကူးထားခြင်းဖြစ်ပြီး ဇာတ်ကားအတွင်း အုပ်ကြီးအဖြစ် အကယ်ဒမီ လူမင်း၊ လူပျိုကြီး မောင်မောင်ကြီးအဖြစ် အကယ်ဒမီ ခန့်စည်သူ၊ အပျိုကြီးတင်တင်ကြီးအဖြစ် အကယ်ဒမီအိန္ဒြာကျော်ဇင်၊ အာကြီးတင်တင်လေးအဖြစ် အကယ်ဒမီ ခိုင်သင်းကြည်တို့က ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ရွာလူကြီး အုပ်ကြီး စိတ်ဝင်စားနေသူ အပျိုကြီး တင်တင်လေးတစ်ယောက် ရန်ဖြစ်ရင်း ရွာလူကြီးထံ ရောက်လာခဲ့သည်။ အုပ်ကြီးတစ်ယောက် မိမိစိတ်ဝင်စားနေသူ တင်တင်လေးဘက်ကနေ တစ်ဖက်သတ် ဘက်လိုက်ဖြေရှင်းမှုကြောင့် တစ်ဖက်အမျိုးသမီးမှ မကျေနပ်၍ တရားသောနည်းဖြင့် ဖြေရှင်းလျှင် ဖြေရှင်း၊ မဖြေရှင်းလျှင် ဆန္ဒထုတ်ဖော်မည်ဟု ကြုံးဝါးပြောဆိုနေကြသည်။

အာကြီးကို တစ်ရွာလုံးက ကြောက်ရွံ့ကြရသည်။ တစ်နေ့ရွာထဲမှ ကာလသားများ ထန်းရည်သောက်ရင်း အာကြီး၏ အကြောင်းကို အားရပါးရ ပြောဆိုနေကြစဉ်၊ အာကြီးတစ်ယောက်ထန်းတော ပိုင်ရှင်ဖြစ်သူထံမှ အကြွေးလာရောက်တောင်းသောအခါ ထို ကာလသားများနှင့်တွေ့ပြီး ခိုက်ရန်ဖြစ်ကြသည်။ အာကြီး သမလိုက်၍ ဒဏ်ရာရကုန်သည့် အရက်မူးသမားလူငယ်များ အုပ်ကြီးထံ သွားရောက်တိုင်ကြားကြသည်၊ ရွာသားများက အာကြီးကို လျော်ကြေးပေးရန် တောင်းဆိုပြီး ရိသဲ့သဲ့လုပ်ကာ အုပ်ကြီးနှင့် ပေးစားရန် လျော်ကြသည်။ အာကြီးတစ်ယောက် ရှက်ရမ်းရမ်းလေတော့သည် ။ အာကြီး၏ မိခင်ကလည်း အုပ်ကြီးနှင့် သမီးဖြစ်သူကို သဘောတူလေသည်။ အုပ်ကြီးကိုယူလျှင် ရွာလူကြီးကတော် ဖြစ်မည်ကိုသိနေပြီး ရွာထဲရှိ လူကြီး၊ လူငယ်အားလုံး ရှိသေလေးစားမှုကို ပိုရရှိမည်ကို သိနေသည်။

အပျိုကြီး တင်တင်ကြီးကို စိတ်ဝင်စားနေသူက လူပျိုကြီး မောင်မောင်ကြီး ဖြစ်သည်။ သို့သော် ဖူးစာကံအကြောင်းမလှခဲ့ရှာပေ။ အုပ်ကြီး တစ်ယောက် တစ်နေ့အာကြီးကို ရည်စားစာပေးရန် ရည်ရွယ်ချက်ဖြင့် ရွာထဲလမ်းလျှောက်စဉ် မထင်မှတ်ဘဲ အာကြီးကိုတွေ့ပြီး ရွာသားတစ်ယောက်ကို စာသွားပေးခိုင်းရာ ရွာသားလူငယ်က အာကြီးအထင်နှင့် အပျိုကြီးကို မှားပေးခဲ့သည်။ မောင်မောင်ကြီးကလည်း အပျိုကြီးအထင်နှင့်အာကြီးကို ရည်းစားမှားပေးလေတော့သည်။ ထိုစာတွေကို ဖတ်ရင်း အပျိုကြီးတွေ ရင်ခုန်လေတော့သည်။ ဇာတ်လမ်းအစအလယ် အဆုံး တသောသောနှင့် ရယ်မောရအောင် ဒါရိုက်တာ၏ လက်စွမ်းများ၊ သရုပ်ဆောင်များ၏ ပီပြင်မှုများက ရုံတင်လျှင် ပရိသတ်ကို ရယ်မောပျော်ရွှင်စေမှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် မကြာမီရုံတင်မည့် ယင်းဇာတ်ကားကြီးကို ကြည့်ရှုရင်း တစ်နေ့တာအမောများကို ပြေပျောက်ကြမည်ဖြစ်သည်။ အဆိုပါ ဇာတ် ကားထဲတွင် ဟာသဇာတ်ပို့၊ ဇာတ်ရန်များဖြစ်သည့် ခင်လှိုင်၊ ဒိန်းဒေါင်၊ ကျော်ထူး၊ ရှော၊ ဆင်မ၊ အုန်းသီး၊ တက္ကသိုလ်ဝွမ်းပုံ၊ အောင်သော်၊ မျောက်ရှုံး၊ စိန်သီး၊ ကြင်ဝှက်၊ ကြာစေ့၊ အေးသီတာ၊ အေးအေးခိုင်တို့၏ ပံ့ပိုးမှုတွေကလည်း ပရိသတ်ကို ပျော် ရွှင် စေ မည် အမှန်ပင် ဖြစ်ပါကြောင်း။ ။



## အမြောက်ကျည်ဆန်များအစားငြိမ်းချမ်းခြင်းကိုတောင်းတခဲ့သည့်ဖားစည်မြေမှအဆိုရှင်များ



တစ်ချိန်က အေးချမ်းမှုများနှင့် ဝေးကွာနေခဲ့ရပြီး ငြိမ်းချမ်းရေးဖားစည်သံများ ဝေးကွာခဲ့ရသည့် ကရင်ပြည်နယ်မှ လူငယ်အဆိုရှင် များစွာအနေဖြင့် မိမိတို့ ဖြစ်ချင်သည့် အိပ်မက်များကို ယခုအချိန်တွင် ငြိမ်းချမ်းခြင်းနှင့်အတူ လွတ်လပ်စွာအိပ်မက်ခွင့်ရခဲ့ပြီဖြစ် သည်။ ထိုလွတ်လပ်မှုများကို မဆုံးရှုံးစေချင်သည့် ဆန္ဒနှင့် ကရင်အဆိုရှင်များဖြစ်ကြသော လုံးမာန်၊ ကွာဖလူး၊ ဖိုးခွား ၊ SPaung နှင့် ဖေါ့ဆိုခန့်တို့ပါဝင် သီဆိုထားသော "တို့ဖားစည်မြေ" ဒီဗွီဒီသီချင်းခွေကို ဇန်နဝါရီ ၁၃ ရက်တွင် ရတနာမြိုင်တေးသံသွင်းမှ စတင်ဖြန့်ချိမည်ဖြစ်ကြောင်း၊ စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အော့ခ်စ်ဟိုတယ်၌ ကျင်းပသည်။

"ကျွန်တော်တို့ရဲ့ ကရင်ပြည်နယ်ကြီးဟာ တစ်ချိန်တုန်းက ငြိမ်းချမ်းခြင်းဆိုတာ ဘာမှန်းတောင်မသိခဲ့ရတဲ့ နယ်မြေတစ်ခုပါ၊ ဒီနယ်မြေကြီးက အခုဆိုရင်အားလုံးရဲ့ သဘောထားအမှန်တွေကြောင့် အေးချမ်းမှုကိုခံစားနေရပါပြီ၊ ဒါတွေကို အားလုံးသိစေချင်တယ်၊ နောက်ကရင်ရိုးရာတွေ၊ ကရင်ပြည်နယ်ရဲ့ သဘာဝအလှတရားတွေကို မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ သွေးချင်းတွေကို မြင်စေတွေ့စေချင်တာကြောင့်ပါ၊ ဒါတင်မကသေးပါဘူး၊ ကျွန်တော်တို့ ပြည်နယ်ကြီးကို လာလည်စေချင်တဲ့ ဆန္ဒတွေနဲ့အတူ ဖိတ်ခေါ်တဲ့ တေးသီချင်းတွေကို ဖန်တီးထားတာပါ၊ မြန်မာဘာသာနဲ့ သီဆိုထားတဲ့ သီချင်းတွေပါပါတယ်။ တစ်ခေတ်တစ်ခါက ယမ်းငွေ့တွေနဲ့ ဖုံးလွှမ်းခဲ့တဲ့နေရာတွေ အခုဆို တချို့တလေလောက်ပဲ အမှန်တရားကို မမြင်နိုင်လက်မခံနိုင်တာလောက်ပဲရှိပါ တော့တယ်၊ အဲ့ဒီလူတွေကိုလည်း ဒီအခွေလေးထဲက သီချင်းတွေကြားပြီးရင် စစ်မှန်တဲ့ လွတ်လပ်မှုတွေ အတူခံစားစေချင်တယ်၊ ဒါကြောင့်မို့လည်း ဒီအခွေကို စပြီးလုပ်တော့ တေးရေး စောခူဆဲနဲ့ တိုင်ပင်ပြီး ဘယ်လိုလေးတွေလုပ်ကြမယ်၊ ဖန်တီးကြမယ်ဆိုပြီး လုပ်ရာကနေ အခွေနာမည်လေးကို ဖားစည်သံမြေ ဆိုပြီးပေးဖြစ်ခဲ့တာပါ"ဟု အဆိုတော်ဖေါ့ဆိုခန့် ကပြောကြားသည်။

အဆိုပါ တေးစီးရီးတွင် တေးသီချင်း ၁၁ ပုဒ်ပါဝင်ပြီးတေးသီချင်းများကို တေးရေး စောခူဆဲ၊ ဖိုးခွား၊ ကွာဖလူး၊ မိုးနိုင် (ရေနံချောင်း)၊ ယေါ်တ်ထင်းသင့်တို့ ကရေးသားထားကြပြီး လောကထုတ်လုပ်ရေးမှ စီစဉ်ကြောင်းသိရသည်။

**ကိုလင်း**



## ဟဲလေးနှင့် အိမ့်ချစ်တို့၏ ချောကလက်မှိုတက်ညှိုပြာညက်

သီချင်း အဆန်းများကိုသာ ဖန်တီးတတ်သူ အဆိုတော် ဟဲလေးနှင့် အိမ့်ချစ်တို့ နှစ်ယောက်တွဲ သီဆိုထားကြသည့် "ချောကလက် မှိုတက် ညှိုပြာညက်" သီချင်းခွေကို ဖေဖော်ဝါရီလအတွင်း ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

"နှစ်ယောက်လုံးက ခရီးတွေထွက်ပြီး နယ်ပွဲတွေ သီချင်းတွေဆိုနေရတာနဲ့ ဒီအခွေလေးကို ၂၀၁၈ ထဲရောက်မှ အချောသတ်နိုင်ခဲ့တာပါ၊ ဖန်တီးမှုပိုင်းကအစ ပုံစံလေးတွေပြောင်းပြီးဆိုထားကြတာပေါ့နော်၊ ဒီအခွေလေးမှာ ကျွန်တော်ကိုယ်တိုင်ရေးထားတဲ့ သီချင်းက နှစ်ပုဒ်ပါပါမယ်၊ သီချင်းအားလုံး ၁၂ ပုဒ်ပါမှာပေါ့၊ အိမ့်ချစ်က ငါးပုဒ်ဆိုမယ်၊ ကျွန်တော်က ငါးပုဒ်ဆိုမယ်၊ နှစ်ယောက်တွဲက နှစ်ပုဒ်ပါ "ဟု တေးသံရှင် ဟဲလေးက ပြောသည်။

အဆိုပါ "ချောကလက်မှိုတက် ညှိုပြာညက်" သီချင်းခွေတွင် တေးရေး ကိုစိုးလင်း၊ ဂျက်မြသောင်းနှင့် ဟဲလေးတို့က ပျော်ရွှင်စရာ အကြောင်းအရာများကို ရေးသားထားသည်ဟုလည်း တေးသံရှင် ဟဲလေးက ပြောသည်၊ ထို့အပြင် ဟဲလေး အောင်မြင်ခဲ့သော တေးသီချင်းများကိုလည်း အကောင်းဆုံးဖန်တီးကာ ဟဲလေး၏ အကောင်း ဆုံးတေးများအဖြစ် မကြာမီ ထွက်ရှိမည်ဖြစ်ကြောင်းနှင့် ၂၀၁၈ သင်္ကြန်မတိုင်မီ One Man Show ပွဲကြီးကို ခမ်းနားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီအခွေထဲမှာ ပါတဲ့သီချင်းတွေက အလွန်ခက်ခဲတာမျိုးတော့ မဟုတ်ပါဘူး၊ အခွေနာမည်ရွေးတဲ့ အခါမှာလည်း ချောကလက်မှိုတက် ညှိုပြာညက် ဆိုတဲ့အတိုင်း ကျွန်တော်တို့ မောင်နှမနှစ်ယောက်က အသားညိုကြတော့ အဲ့တာလေးကို စိတ်ကူးပေါက်ပြီး သီချင်းလေးအဖြစ် သီဆိုထားတာပါ၊ ချောကလက်နဲ့တင်စားပြီးတော့ပေါ့၊ ကိုယ်တိုင်ကလည်း သီချင်းမြူးမြူးလေးတွေကို ပျော်ပျော်ပါးပါး သီဆိုရတာ ကြိုက်တဲ့အတွက် ပရိသတ်တွေကိုလည်း အပျော်လေးတွေ ပေးချင်တာပါ" ဟု ဟဲလေးက ဆက်လက်ပြောကြားသည်။

**ကိုလင်း**

**ဒီအခွေလေးကို ၂၀၁၈ ထဲရောက်မှ အချောသတ်နိုင်ခဲ့တာပါ၊ ဖန်တီးမှုပိုင်းကအစ ပုံစံလေးတွေပြောင်းပြီးဆိုထားကြတာပေါ့နော်၊ ဒီအခွေလေးမှာ ကျွန်တော်ကိုယ်တိုင်ရေးထားတဲ့ သီချင်းက နှစ်ပုဒ်ပါပါမယ်**

ဟဲလေး

## မင်္ဂလာမောင်နှံတွေ လက်မှတ်ထိုးသည့်အကြောင်းကို ရယ်မောဖွယ်အဖြစ်နှင့် ဖြိုးပြည့်စုံ ဖော်ဆောင်




တေးသံရှင် ဖြိုးပြည့်စုံနှင့် JEWEL တို့ နှစ်ယောက် အတူတူ သီဆိုထားသော မောင်အရင် 'ထိုး' သီချင်းသစ် တစ်ပုဒ်ကို ချစ်သူ စုံတွဲများနှင့် မင်္ဂလာသတို့သား၊ သတို့သမီးတို့အတွက် ဖေဖော်ဝါရီ ၁၄ ရက် (Valentine Day) မရောက်မီတွင် လူမှုကွန်ရက် စာမျက်နှာမှ အခမဲ့ဖြန့်ချိပေးမည်ဖြစ်ကြောင်း တေးသံရှင် ဖြိုးပြည့်စုံက ပြောကြားသည်။

"ကိုဝေကြီးရေးပေးထားတာပါ၊ အဆိုတော်တွေနဲ့အတူတူ သွားဖြစ်တဲ့ မြင်းခြံခရီးစဉ်တစ်ခုက မင်္ဂလာဆောင်မှာ သတို့သားနဲ့ သတို့သမီးကို မင်္ဂလာလက်ဖွဲ့ပေးတဲ့အနေနဲ့ ကိုဝေကြီးက ရေးစပ်တာဖြစ်ပါတယ်၊ မောင်အရင်ထိုး ဆိုတော့ ပရိသတ်ကြားမှာ ထူးဆန်းသွားရတဲ့ နာမည်လေးလည်းဖြစ်တယ်လေ၊ တစ်ခါတစ်ရံမှာ ပရိသတ်ကြီးက ဟာသစကားလုံးလေးတွေကို သဘောကျကြမှာပါ၊ ဒါကြောင့် ဒီနာမည်လေးကိုပဲ ပေးဖြစ်သွားတယ်၊ အားလုံးဝမ်းသာပျော်ရွှင်ကြဖို့ပါ၊ စုံတွဲရယ်စရာသီချင်းလေးတစ်ပုဒ်အဖြစ် ဗယ်လင်တိုင်းဒေးအမှတ်တရပေါ့၊ အပျော်သက်သက် ရည်ရွယ်ထားပြီး အားလုံးပဲ သီချင်းလေးနားထောင်ရင်း ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်" ဟု ဖြိုးပြည့်စုံက ပြောသည်။

အဆိုပါသီချင်းအား အော်ဒီယိုအား တေးသံရှင်နှစ်ဦး ဓာတ်ပုံများဖြင့် ဖန်တီးတင်ဆက်သွားမည်ဖြစ်ပြီး တေးသံရှင်များနှင့် တေးရေးဆရာတို့ စာမျက်နှာများတွင် ပျော်ရွှင်စရာ ဟာသသီချင်းပုံစံဖြင့် နှစ်ဆန်းပိုင်းတွင် ထွက်ရှိရန် ရည်ရွယ်ထားသော်လည်း ဆင်ဆာကိစ္စကြန့်ကြာမှုများကြောင့် အရင်ဆုံးလူမှုကွန်ရက်တွင် စတင်လွှင့်တင်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### Brit Award ဂီတထူးချွန်ဆုဆန်ခါတင်ဆုစာရင်းမှာ Ed Sheeran နဲ့ Dua Lipa ပါဝင်



Ed Sheeran၊ Dua Lipa၊ စတွန်မ်ဇီ၊ လီယန်ပိန်းတို့ဟာ ယခုနှစ် ဂုဏ်သိက္ခာအရှိဆုံး ပေါ့ဂီတ ထူးချွန်ဆုပေးပွဲဖြစ်တဲ့ Brit Award ဆုပေးပွဲရဲ့ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ကြပါတယ်။ ဆုအတော်များများမှာ ဆန်ခါတင်စာရင်းဝင်နေတာကတော့ Ed Sheeran နဲ့ Dua Lipa တို့ပဲဖြစ်တယ်။ အကောင်းဆုံးအမျိုးသားအဆိုရှင်၊ အကောင်းဆုံးဗီဒီယို၊ အကောင်းဆုံး အယ်လ်ဘမ်ဆုအပါအဝင် Sheeran ဟာ ဆုလေးဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့တာ ဖြစ်ပါတယ်။ Dua Lipa ဟာလည်း အကောင်းဆုံးအယ်လ်ဘမ်၊ အကောင်းဆုံးအမျိုးသမီးအဆိုရှင်ဆုတွေအပါအဝင် ဆုအမျိုးအစားငါးဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့တာပဲဖြစ်တယ်။ Ed Sheeran ရဲ့ Shape of You သီချင်းဟာလူကြိုက်များ အောင်မြင်ခဲ့သလိုပါပဲ၊ Dua Lipa ရဲ့ New Rules ဟာလည်း လွန်ခဲ့တဲ့နှစ်က ပရိသတ်ကြား အောင်မြင်ခဲ့ပါတယ်။

One Direction အဖွဲ့သားဟောင်းတစ်ဦးဖြစ်သူ လီယန်ပိန်းကတော့ Strip That Down သီချင်းနဲ့ ဆန်ခါတင်စာရင်းဝင်ခဲ့တာဖြစ်ပြီး အဲဒီသီချင်းဟာ လက်ရှိဗြိတိန်၊ ဩစတြေးလျနဲ့ အမေရိကန်ပြည်ထောင်စုတို့မှာ အောင်မြင်နေတဲ့ သီချင်းလည်းဖြစ်တယ်။ ဒီသီချင်းအောင်မြင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းမြောက်မိပါတယ်လို့လည်း လီယန်ပိန်းက ဆိုပါတယ်။ ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်မှာပြုလုပ်မှာပဲ ဖြစ်တယ်။ **ရိုက်တာ**

.....................................

### All the money in the world ဇာတ်ကားမှာ ပြန်လည်သရုပ်ဆောင်ခတွေကို လှူဒါန်းလိုက်တဲ့ မာ့ခ်ဝါးဘာ့ခ်




ရုပ်ရှင်လုပ်ငန်းမှာ အမျိုးသားနဲ့ အမျိုးသမီးတွေခွဲခြားဆက်ဆံခံရတာတွေ၊ အမျိုးသမီးတွေ လိင်ပိုင်းဆိုင်ရာကျူးလွန်ခံရမှုတွေကိုဆန့်ကျင်တဲ့ အဖွဲ့အစည်းဖြစ်တဲ့ Time's Up လှုပ်ရှားမှုအဖွဲ့ကို မာ့ခ်ဝါးဘာ့ခ် ကဒေါ်လာ ၁ ဒသမ ၅ သန်း လှူဒါန်းခဲ့ပါတယ်။ All the money in the world ရုပ်ရှင်ဇာတ်ကားမှာ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုတွေပြုလုပ်တယ်လို့ စွပ်စွဲခံထားရတဲ့ သရုပ်ဆောင် ကီဗင်စပေစီရဲ့အခန်းတွေကို ဖယ်ရှားပစ်လိုက်ပြီးနောက် အသစ်ပြန်လည်ရိုက်ကူးနေတာ ဖြစ်ပါတယ်။ အသစ် ပြန်လည် ရိုက်ကူးခရရှိတဲ့အခါ မာ့ခ်ဝါးဘာ့ခ်က ဒေါ်လာ ၁ ဒသမ ၅ သန်း ရရှိခဲ့ပါတယ်။ဒါပေမယ့် သူနဲ့အတူ တွဲဖက်သရုပ်ဆောင်တစ်ဦးဖြစ်သူ မီခဲလ်ဝီလီယံကမူ ဇာတ်ကား ပြန်လည်ရိုက်ကူးရေးအတွက် အချိန်ပိုတွေသရုပ်ဆောင်ခဲ့ရပြီး အဲဒီအတွက် တစ်နေ့မှာ ဒေါ်လာ ၈၀ သာ ရရှိခဲ့ပါတယ်။အဲဒီလိုသရုပ်ဆောင်ကြေးမညီမျှမှုအတွက် မာ့ခ်ဟာသူရရှိခဲ့တဲ့ ပြန်လည်သရုပ်ဆောင်ကြေးကို တွဲဖက်သရုပ်ဆောင် မီခဲလ်ဝီလီယံ အမည်နဲ့ Time's up လှုပ်ရှားမှုကို အကုန်လှူဒါန်းခဲ့ပါတယ်။

Time's up လှုပ်ရှားမှုဟာ မီဒီယာ၊ ရုပ်ရှင်၊ အသံလွှင့်လုပ်ငန်းများ အတွင်း အမျိုးသမီးများ အခွင့်အရေးမညီမျှမှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံရမှုတို့ကိုဆန့်ကျင်ရန် ဇန်နဝါရီလအတွင်းက စတင်လှုပ်ရှားခဲ့သည့်အဖွဲ့ဖြစ်ပြီး တရားဝင်ရရှိလာသည့် အလှူငွေများကို လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခံခဲ့ရသူများ၊ လုပ်ငန်းခွင်အတွင်း ကိုယ်ထိလက်ရောက်ကျူးလွန်ခံရသူများကို လှူဒါန်းမှုများ ပြုလုပ်သွားမည် ဖြစ်တယ်။

"လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းမှာ ဒီဇာတ်ကားအတွက် ကျွန်တော်ရဲ့ပြန်လည်ရိုက်ကူးခနဲ့ပတ်သက်ပြီး အဓိကလူပြောများစရာ ဖြစ်ခဲ့ပါတယ်လို့ မာ့ခ်က ပြောပါတယ်၊ လုပ်ငန်းခွင်အတွင်းမှာ သင့်တင့် လျောက်ပတ်ပြီးညီမျှတဲ့ သရုပ်ဆောင်ကြေးရရှိရေးကို ကျွန်တော်က ၁၀၀ ရာခိုင်နှုန်း ထောက်ခံပါတယ်"ဟု ပြောခဲ့ပါတယ်။

ရုပ်ရှင်သရုပ်ဆောင်ကီဗင်စပေစီနဲ့ ပရိုဂျူဆာ ဟာဗေးဝင်စတိန်းတို့ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုအတွက် စွပ်စွဲခံရပြီးနောက် ဟောလိဝုဒ်မှာ လုပ်ငန်းခွင်အတွင်း လုပ်ခမညီမျှမှု၊ ကျူးလွန်ခံရမှုတို့အတွက် တောင်းဆိုမှုတွေ ထင်ထင်ရှားရှားထွက်ပေါ်လာပါတော့တယ်။ **ဘီဘီစီ**

ချိုး

# ကတူးတိုင်းရင်းသားယဉ်ကျေးမှုပွဲတော် ကျင်းပမည်

**အင်းတော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများထဲတွင်ပါဝင်သော ကတူးတိုင်းရင်းသားများ၏ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်ကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု အင်ပင်ကျေးရွာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာတိုင်းရင်းသားမျိုးနွယ်စု ဗမာအုပ်စုအတွင်းမှာ ပါဝင်သော ကတူးတိုင်းရင်းသားတွေရဲ့ရိုးရာပွဲတော်ကို ကျွန်တော်တို့အနေနဲ့ နှစ်စဉ်ကျင်းပခဲ့ပါတယ်၊ မနှစ်တုန်းကတော့ ဗန်းမောက်မြို့နယ်မှာ ကျင်းပခဲ့ပြီးတော့ ဒီနှစ်မှာတော့ အင်းတော်မြို့နယ်မှာ ကျင်းပမှာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ ဒေသအသီးသီးမှာ နေထိုင်ကြတဲ့ ကတူးတိုင်းရင်းသားတွေအားလုံး သွေးစည်းညီညွတ်ရေး၊ ကတူးတိုင်းရင်းသားတွေရဲ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ မပျောက်ပျက်စေရေး၊ ကတူးစာပေနဲ့ ကတူးစကားတွေ ပြန်လည်ထွန်းကားလာရေးအတွက် ရည်ရွယ်ပြီး ကျင်းပရတာပဲ ဖြစ်ပါတယ်၊ ဒီပွဲတော်မှာ ကျွန်တော်တို့ ကတူးတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ စာပေစာတမ်းတွေကို ဖတ်ကြားတင်ပြပြီး ကတူးတိုင်းရင်းသားတွေရဲ့ ရိုးရာအစဉ်အလာ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းတွေကို ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်၊ ဒ့ါအပြင် တိုင်းရင်းသားတွေရဲ့ ရိုးရာခြေနင်းမောင်းထောင်းပြိုင်ပွဲ၊ လက်ဆုံ မောင်းထောင်းပြိုင်ပွဲ၊ ဒိုးထိုးပြိုင်ပွဲ၊ ဆန်ကော ဆန်ခါရက်ပြိုင်ပွဲ၊ ဒူးလေးပစ်ပြိုင်ပွဲ၊ ဂျင်ပေါက်ပြိုင်ပွဲ၊ ရေငုပ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲစတဲ့ ပြိုင်ပွဲတွေကိုလည်း ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်"ဟု ကတူးတိုင်းရင်းသားဥက္ကဋ္ဌ ဦးကံအောင်က ပြောသည်။



၂၀၁၇ ခုနှစ်ကကျင်းပသည့်ပွဲတော်တွင် ကတူးလုပျိုဖြူလေးများက ရိုးရာပြောအကဖြင့် ဖျော်ဖြေစဉ်။

အဆိုပါ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်ရှိ ကတူးတိုင်းရင်းသားများနှင့် အင်းတော်မြို့နယ်ပတ်ဝန်းကျင်ဒေသအတွင်းရှိ အခြားတိုင်းရင်းသား လူမျိုးစုများကိုပါ ဖိတ်ကြားသွားမည်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သီဟ**

# မော်ကျွန်းဆန်စပါးဈေးကွက်တွင် ဆန်စပါးဈေးအနည်းငယ်ကျပြီး ဈေးနှုန်းတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ဖြစ်နေ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၏ ဆန်စပါးဈေးကွက်တွင် ဇန်နဝါရီ ၁၀ ရက်မှစပြီး စပါးဈေးနှင့် ဆန်ဈေးများ ဈေးအနည်းငယ်စီ ကျဆင်းလာပြီး ဇန်နဝါရီ ၁၄ ရက်မှစ၍ ဆန်စပါးဈေးများ တည်ငြိမ်စွာဖြင့် အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း မြို့နယ်ဆန်စပါးရောင်းဝယ်သူများထံမှ သိရသည်။



ယင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ဈေးကွက်တွင် ယခင်ရက်က စပါးဈေးထက် စပါး တင်း ၁၀၀ လျှင် ငွေကျပ်သုံးသောင်းကျဆင်းသွားသည်။ ဇန်နဝါရီ ၁၄ ရက် စပါးဈေးမှာ နှံကားစပါး တင်း ၁၀၀ လျှင် ကျပ် ငါးသိန်း၊ ပေါ်ဆန်းမွှေးရှည် စပါးတင်း ၁၀၀ လျှင် ငွေကျပ် ခုနစ်သိန်း၊ ပေါ်ဆန်ရင် စပါးတင် ၁၀၀ လျှင် ငွေကျပ် ခုနစ်သိန်းမှ ရှစ်သိန်းဈေးတို့ ဖြစ်သည်။

ထို့ပြင် ဆန်ဈေးမှာလည်း ယခင်ရက်က ဆန်ဈေးထက် ဈေးအနည်းငယ်စီ ကျဆင်းနေသည်။ ဇန်နဝါရီ ၁၄ ရက် ဆန်ဈေးမှာ နှံကားဆန် တစ်တင်းခွဲ တစ်အိတ်လျှင် ငွေကျပ် နှစ်သောင်း၊ ပေါ်ဆန်းမွှေးရှည် ဆန် တစ်တင်းခွဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၊ ပေါ်ဆန်းရင်ဆန် တစ်တင်းခွဲ တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆန်စပါးဈေးကတော့ ဈေးနှုန်းတည်ငြိမ်သွားပါပြီ၊ အတက်အကျ သိပ်မရှိတော့ပါဘူး၊ အခုစပါးဈေးဆန်ဈေးက လယ်သမားအတွက်နဲ့ စားသုံးသူတွေအတွက် ဈေးနှုန်းသင့်တင့်ပါတယ်၊ အဆင်ပြေပါတယ်၊ နွေစပါးပေါ်လာရင်တော့ နွေစပါးဈေးက တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းခွဲ ဈေးလောက်တော့ ရှိနိုင်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်ဈေး ဆန်စပါးရောင်းဝယ်ရေး လုပ်ကိုင်သူများက ပြောသည်။ **မော်ကျွန်းမြင့်အောင်**

# သမဝါယမအသင်းများသို့ ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

**လွိုင်ကော် ဇန်နဝါရီ ၁၆**

ကယားပြည်နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ အသေးစား အရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၂ ရက်က ကယားပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သမဝါယမအသင်းများမှ တောင်သူများအနေဖြင့် ချေးငွေဖြင့် မိမိတို့လုပ်ငန်းများကို ကြီးပွားတိုးတက်အောင်မြင်စေရန်နှင့် နောင်အခါ ချေးငွေယူရန်မလိုဘဲ လုပ်ငန်းဆောင်ရွက်နိုင်အောင် ကြိုးစားကြရန် တိုက်တွန်းအမှာစကားပြောကြားသည်။

ထို့နောက် ကယားပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမြင့်က သမဝါယမဦးစီးဌာနအနေဖြင့် လုပ်ငန်းအစီအမံ Action Plan (၈) ရပ်ဖြင့် ဆောင်ရွက်နေမှုတွင် အသေးစားအရင်းအနှီးချေးငွေထုတ်ချေးခြင်းကို ခြောက်လတစ်ကြိမ် ထုတ်ချေး/ပြန်ဆပ်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအစိုးရလက်ထက်တွင် လေးကြိမ်ထုတ်ချေးပေးခဲ့ပြီး ကယားပြည်နယ်အတွင်း၌ သမဝါယမအသင်းပေါင်း ၁၈၈ သင်းမှ အသင်းသား တောင်သူ ၁၁၉၉၈ ဦးအား ချေးငွေ ကျပ် ၂၆၉၆ ဒသမ ၀၆၉ သန်း ချေးပေးခဲ့ပြီး ချေးငွေများကို ပြည့်ဝစွာ ပြန်လည်ကောက်ခံရရှိပြီးဖြစ်ကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်(Hire Purchase System)ဖြင့် ကယားပြည်နယ်အတွင်း ရောင်းချပေးရာတွင် သမဝါယမအသင်းပေါင်း ၆၃ သင်း၊ အသင်းသားတောင်သူ ၂၃၁ ဦးအား ငွေကျပ် ၁၁၆၄ ဒသမ ၄၇၂ သန်းတန်ဖိုးရှိ စက်ကိရိယာ ၂၃၁ စီးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးထားသလို ငွေကျပ် ၁၂၄၀ ဒသမ ၉၂ သန်းတန်ဖိုးရှိ ကိုးရီးယားနိုင်ငံ (Daedong)ကုမ္ပဏီထုတ် လယ်ထွန်စက် ၄၉ စီးကို ရောင်းချထားပြီးဖြစ်ကြောင်း၊ လယ်ယာမြေအဆင့်မြှင့်တင် ဖော်ထုတ်ခြင်းလုပ်ငန်းအနေဖြင့် ၁၀၀၂ ဧကကို ဆောင်ရွက်ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်ခြောက်မြို့နယ်ရှိ သမဝါယမအသင်းစုဥက္ကဋ္ဌများအား ပံ့ပိုးချေးငွေများ ပေးအပ်ပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်က အရစ်ကျစနစ်ဖြင့်ရောင်းချသည့် လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာများအတွက် အသင်းကိုယ်စားလှယ်တစ်ဦးထံသို့ ပံ့ပိုးချေးငွေများကို ပေးအပ်ခဲ့ကာ ပြည်နယ်စိုက်ပျိုး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက သမဝါယမသင်တန်းများတွင် ထူးချွန်သူများအား ဆုများချီးမြှင့်ခဲ့သည်။ **ကိုစိုင်း (လွိုင်ကော်)**

# တိရစ္ဆာန်မျိုးကောင်းမျိုးသန့်(နွားနောက်) မွေးမြူရေးအတွက် ရန်ပုံငွေပေးအပ်

**တီးတိန် ဇန်နဝါရီ ၁၆**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဆဲဇန်ကျေးရွာတွင် နိုင်ငံတော်၏ထောက်ပံ့ငွေဖြင့် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်(နွားနောက်) မွေးမြူရေးအတွက် ရန်ပုံငွေပေးအပ်ပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဦးဆောင်၍ ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ချင်းပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်က ကျေးလက်နေပြည်သူများ စားဝတ်နေရေး အထောက်အကူဖြစ်ရန်နှင့် လူနေထိုင်မှု အဆင့်အတန်းမြင့်မားလာရေး ရည်ရွယ်လျက် တိရစ္ဆာန်မျိုးကောင်းမျိုးသန့်(နွားနောက်) ဝယ်ယူမွေးမြူနိုင်ရန် နိုင်ငံတော်မှ ထောက်ပံ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထန်ဒိတ်ခုပ်က တိရစ္ဆာန်မျိုးကောင်း မျိုးသန့်(နွားနောက်)ဖြန့်ဖြူးရေးနှင့်ပတ်သက်၍ လမ်းညွှန်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင်က ဆဲဇန်ကျေးရွာနေပြည်သူများအနေဖြင့် ထောက်ပံ့ငွေကို အကျိုးရှိရှိအသုံးပြုကာ စနစ်တကျကိုင်တွယ်၍ လူမှုဘဝတိုးတက်အောင်ဆောင်ရွက်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဖလမ်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဟာထန်ဘွေက နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တိရစ္ဆာန်ဖြန့်ဖြူးရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆဲဇန်ကျေးရွာကြီးကြပ်ရေးကော်မတီထံသို့ ငွေကျပ်သိန်း ၃၀၀ ကို တိရစ္ဆာန်မျိုးကောင်းမျိုးသန့်(နွားနောက်) မွေးမြူရေးအတွက် လွှဲပြောင်းပေးအပ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၁၂၀၀ ကို ချင်းပြည်နယ်မှ ဟားခါးမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် တီးတိန်မြို့နယ်တို့ရှိ ကျေးရွာလေးရွာ၌ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်ထူထောင်ရေးအတွက် တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀စီ ထောက်ပံ့ပေးအပ်ထားပြီး အဆိုပါစီမံချက်ကာလမှာ သုံးနှစ်ဖြစ်ကြောင်း တီးတိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသိရသည်။ **နေစု(ချင်းရိုးမ)**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်း၊ ညိုပင်ကျေးရွာ၊ အဌမတန်းမှ မောင်ဇေပရယ်ချစ်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်စိန် ၉/ပမန(နိုင်)၁၆၁၁၄၃ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်စိန်**

## တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့နယ်၊ သရောင်းကျေးရွာအုပ်စု၊ ထောမကျေးရွာနေ မောင်ရဲမြတ်ထွန်း၏ဖခင် ဦးကိုကိုလွင် ၅/ကနန(နိုင်)၀၁၈၉၇၆ နှင့် ဦးရေခဲမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကိုကိုလွင်(ခ)ဦးရေခဲ**

## ကုက္ကိုင်းရေကူးအသင်း ဖိတ်ခေါ်အပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက် ကုက္ကိုင်းရေကူး ကန်လမ်း၊ အမှတ်(၃၄)ရှိ ကုက္ကိုင်းရေကူးကန်ဝင်း အတွင်း Water Supply System (ရေပိုက်လိုင်းသွယ်ယူစနစ်) ပြန်လည်ဆောင်ရွက်နိုင်ရန် အတွက် စိတ်ပါဝင်စားသော ကျွမ်းကျင် ပညာရှင်များ၊ ကုမ္ပဏီများမှ အောက်ဖော်ပြပါ လိပ်စာနှင့် ဖုန်းနံပါတ်များအတိုင်း ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

အမှတ်(၃၄)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်။ ဖုန်း-၀၁-၄၀၁၄၆၇၊ ၀၁-၅၄၂၇၄၉၊ ၀၉-၇၃၂၂၄၀၅၉၊ ၀၉-၄၂၁၅၇၁၀၄၇

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မိုးကောင်းမြို့နယ်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၄/၁၇**

ဒေါ်ခင်ဌေး **နှင့်** ၁။ ဦးဖိုးဇော်(ခ)ဦးဇော်ဇော်
၂။ ဒေါ်ကြူကြူဝင်း(ခ)မိပုတ်

**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာအုပ်စု(၂)နေ ဦးဖိုးဇော်(ခ)ဦးဇော်ဇော် (ဘ) ဦးကျော်ညွန့်နှင့် ဒေါ်ကြူကြူဝင်း(ခ) မိပုတ် (ဘ) ဦးဆယ်ဗိုလ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နှစ်ဦးသဘောတူ အိမ်ခြံမြေနှင့် အိမ်လုံးပေးချေရန် ကတိစာချုပ်အရ ပစ္စည်းလက်ရောက်ပေးစေလိုမှု(သို့မဟုတ်) စပါးဖိုးငွေ ၅၅၁၀၀၀၀/-ကျပ်နှင့် နစ်နာကြေးငွေ ၁၉၀၀၀၀/-ကျပ် စုစုပေါင်း ၅၇၀၀၀၀၀-(ငါးဆယ့်ခုနစ်သိန်း)ကျပ် ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၃၀ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရသည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဇော်မင်းအောင်)**
**မြို့နယ်တရားသူကြီး**
**မိုးကောင်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြစ်ကြီးနားခရိုင် တရားမရုံး၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၆၁**

ဒေါ်အင်ခွန်လုထွယ် **နှင့်** ၁။ ဒေါ်ကွန်ရိန်ခေါ်ဘေး
၂။ မအင်ခွန်ဂျာလုံ
၃။ မောင်အင်ခွန်ဘွန်ဂျာ
၄။ မအင်ခွန်လုအောင်
၅။ မဘောက်ဆိုင်
၆။ မခွန်ဆိုင်း

**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ နောင်းမီကျေးရွာနေ (၆)တရားပြိုင် မခွန်ဆိုင်း (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်အင်ခွန်လုထွယ်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၉ခုနှစ် တပို့တွဲလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရသေ့တောင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၁**

ဒေါ်စန်းစန်းအေး **နှင့်** ၁။ ဦးကျော်ဝင်းမောင်
၂။ ဒေါ်မျိုးမျိုးလှိုင်

**တရားလို** **တရားပြိုင်များ**

ရသေ့တောင်မြို့နယ်၊ လောင်းချောင်းကျေးရွာအုပ်စု၊ လောင်းချောင်းကျေးရွာနေ ဦးကျော်ဝင်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်စန်းစန်းအေးက ငွေကျပ်-၁၇၅၀၀၀၀/- ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သန်းစိန်)**
**မြို့နယ်တရားသူကြီး**
**ရသေ့တောင်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ်(၄၁)၊ ၄၄×၄၅၊ စံပယ်×ယုဇနလမ်းကြားရှိ ဒေါ်ဥမ္မာအောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ဝေဦး ၉/ခအဇ(နိုင်)၀၀၆၈၉၃မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ် ၄၂၊ ၄၄×၄၅၊ စံပယ်×ယုဇနလမ်းကြားရှိ ဦးမြင့်အေးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ဝေဦး ၉/ခအဇ(နိုင်)၀၀၆၈၉၃ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့် ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ် ၄၃၊ ၄၄×၄၅၊ စံပယ်×ယုဇနလမ်းကြားရှိ ဦးမင်းညိုထွန်းအမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးအောင်ဝေဦး ၉/ခအဇ(နိုင်)၀၀၆၈၉၃မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်အမှတ် ၄၄၊ ၄၄×၄၅၊ စံပယ်×ယုဇနလမ်းကြားရှိ ဒေါ်လှသန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ဝေဦး ၉/ခအဇ(နိုင်)၀၀၆၈၉၃ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သယာရေးကော်မတီ**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ၊ ၃၆ လမ်း ၊ ၈၀×၈၁ လမ်းကြား၊ အကွက်အမှတ် (၅၄၂) ၊ ရတနာဘုမ္မိအရှေ့ရပ်၊ အိမ်အမှတ် (၁၅၈) တွင် နေထိုင်သူ **ဦးကျော်မျိုးမင်းဦး (ဘ)ဦးလီဖူရင်** [၉/မဟမ (နိုင်) ၀၀၂၆၇၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာလိုက်ပါသည်။

ICON

## မှတ်ပုံတင်စာချုပ်အမှတ်- ၂၉၄၀/ ၂၀၁၆

အထက်ဖော်ပြပါ **"ICON"** ကုန်အမှတ်တံဆိပ်အမှတ်အသားကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်အမှတ် **(၂၉၄၀/၂၀၁၆)** အရ ကျွန်ုပ်၏ အမှုသည်ဖြစ်သူမှ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ်သားဖြင့် **"အမျိုးသား၊ အမျိုးသမီး၊ ကလေးအဝတ်အထည်အမျိုးမျိုး"** တို့ကို ထုတ်လုပ်လျက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချီရောင်းချ သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တိုက်ရိုက်သော်လည်းကောင်း ၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပ၍ဆင်တူ ယိုးမှားပြုလုပ်ခြင်းများ တွေ့ရှိရပါက ဥပဒေအရထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်တင်မိုးခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၇၉/၁၃)**

**ဒေါ်ပြည့်မွန်အေး**(LL.B) **ဦးမျိုးအေး**(LL.B) **ဒေါ်ခင်ထူးငယ်**(LL.B)
(စဉ်-၄၈၉၀၇/၁၇) (စဉ်-၄၈၆၃၅/၁၇) (စဉ်-၄၅၃၃၄/၁၄)

**အ ထက် တန်း ရှေ့ နေ များ**

**လမ်း (၃၀)၊ စုပေါင်းရုံးဝင်းအတွင်း ၊ ချမ်းအေးသာစံမြို့နယ် ၊ မန္တလေးမြို့။ ၀၉-၂၀၅၃၇၉၁**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**မန္တလေးခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ် ၃၈**

ဦးသိန်းကြွယ်ဦး **နှင့်** ၁။ ဦးသိန်းသန်းထွဋ်(ခ)ဦးဇင်မင်း
၂။ ဒေါ်ခင်နှင်းယု
၃။ ဒေါ်အိအိထွန်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

(၂) ဒေါ်ခင်နှင်းယု၊ (၃) ဒေါ်အိအိထွန်း ၄၂ လမ်း၊ အကွက် ၈၄၀၊ ဦးပိုင် ၆၆၄/က၊ ခုံးကျော်တံတားမြောက်ဘက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါသူ လျှောက်ထားသူ ဦးသိန်းကြွယ်ဦးက ဤရုံးသို့ တရားမဇာရီမှုအမှတ် ၇၉/၁၇တွင် ပညတ်မိန့်ကပ်ထားခြင်းအား တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၅၈ အရ ဝရမ်းခွာလိုမှုအကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၅ရက် (၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်) နံနက် ၁၀း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောဝီလီ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ကျေးဇူးဆပ်ပါမည်

မောင်ဇေလင်းအောင် စီဒီစီ-၁၀၄၃၄၆ ၏ သင်္ဘောသား CDC, Passport, S.ID, နှင့် All in one စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၅၀၂၄၂၆၀၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊ နောင်ပိန်ကျေးရွာနေ ဦးနန္ဒ-ဒေါ်လူတို့၏သမီး နန်းသန်းနှင့် နန်းအေးသန်း ၁၃/ကမန(နိုင်)၀၁၇၃၉၁ သည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်မှာ ၃၁-၅-၁၉၇၁ ဖြစ်ပါကြောင်း။

**နန်းသန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၄)၊ ဦးပိုင်အမှတ် ၆၂၊ ၆၄×၆၅ လမ်းကြား၊ ငုရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြားရှိ ဦးလှသောင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ကြူပေါင်း ၉/မကန(နိုင်)၀၂၄၁၉၆ မှ ဦးပိုင်(၆၂) ခံစင်းတောင်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(င-၃)၊ ဦးပိုင်အမှတ်(၄၆)၊ ၆၂×၆၃ လမ်းကြား၊ ငုရွှေဝါလမ်းနှင့်ဇလပ်ဝါလမ်းကြားရှိ ဦးအောင်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးအောင်ဌေး ၁၁/သတန(နိုင်)၀၅၉၀၁၄ မှ ဦးပိုင်(၄၆) ခံစင်းတောင်ဘက်ခြမ်းအား မြို့ကွက်သစ် နေရာချထားရေးငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၉)၊ ဦးပိုင်အမှတ်(၁၀)၊ ၅၂×၅၃ လမ်းကြား၊ အေးသုခ×ရတနာလမ်းကြားရှိ ဦးကံလင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးသိန်းအောင် ၁၃/နမတ(နိုင်)၀၅၇၂၇၈ မှ ဦးပိုင် ၁၀ (ခံစင်း)အရှေ့ဘက်ခြမ်းအား မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဝိမလာရာမထားဝယ်ကျောင်းတိုက်ကြီး၏ ပဓာနနာယကကြောင်းပွင့် ထားဝယ်ဆရာတော် အရှင်ဝိရိယသိဒ္ဓိ၏ ဆရာတစ်ဆူဖြစ်တော်မူသော ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး **ဘဒ္ဒန္တဝိဇ္ဇောတ**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် **အဘိဓဇမဟာရဋ္ဌဂုရု**ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက် ဝမ်းသာပီတိဖြစ်ပြီး ကြည်ညိုသဒ္ဓါပွားရပါကြောင်းနှင့် ဆရာတော်ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်တော်မူနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဝိမလာရာမထားဝယ်ကျောင်းတိုက်**
**တပည့် ဒါယကာ ဒါယိကာမများ**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဝိမလာရာမ ထားဝယ်ကျောင်းတိုက်ကြီး၏ ပစ္စည်းလေးပါးဒါယကာကြီးဖြစ်သော **ဦးဟံရှင်** (ရွှေဝင့်ဝါ-ရတနာရွှေဆိုင်)(မြတ်သုခ)အထူးကုဆေးခန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် **သုဓမ္မဇောတ**ရဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဆက်လက်၍ အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဝိမလာရာမထားဝယ်ကျောင်းတိုက်**
**တပည့် ဒါယကာ ဒါယိကာမများ**

# အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်းဂုဏ်ပြုလွှာ

၂၀၁၈ ခုနှစ် နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် **သီရိသုဓမ္မသင်္ဂဟ**ဘွဲ့တော်ကို **ဒေါ်ခင်ရီ (Ve Ve)(Director Green Circle Co.,Ltd & New Smart Co.,Ltd)**အားလည်းကောင်း၊ **သီဟသုဓမ္မသင်္ဂဟ**ဘွဲ့တော်ကို **ဒေါ်ရင်ရွှင် (MD-New Star Gems & Jewelry Co.,Ltd)**၊ **ဒေါ်တင်လတ်မင်း (Director-Shwe Byain Phyu Co.,Ltd)**နှင့် **ဒေါ်ဖြူဖြူစိမ်း (MD - Cho Cho Phyu Industrial & Manufacturing Co.,Ltd, Spike)**တို့အားလည်းကောင်း ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း နှစ်သစ်ဆုတောင်းမင်္ဂလာနှင့်အတူ ဂုဏ်ပြုအပ်ပါသည်။

**ဦးစိန်ဝင်း-ဒေါ်ခင်သန်းကြည်မိသားစု**
**Jade Mountain Gems Co., Ltd.**

### ခြံမြေအမြန်ရောင်းမည်

ပြင်ဦးလွင် ရပ်ကွက်ကြီး(၁၃) ဆင်ခေါင်းလေး
၀.၅၈ဧက သိန်း ၃၀၀ ညှိနှိုင်းဈေး
၀.၂၅ ဧက သိန်း ၂၅၀ ညှိနှိုင်းဈေး
၁၀၅ ကျပြီး၊ အရှုပ်အရှင်းကင်း ခြံခတ်ပြီး။

**ဖုန်း-၀၉-၉၇၈၀၅၀၉၉၉၊**
**၀၉-၂၆၀၉၆၉၃၂၂**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/2761 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၁၈၇)၊ မြေကွက်တည်နေရာအမှတ်(၁၈၇)၊ အင်ကြင်းလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ဦးငွေဝင်း အမည်ပေါက် ၁၁/မပတ(နိုင်)၀၀၀၄၁၂ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ်(၇၆၅)၊ မြေအကျယ်အဝန်း (ပေ၄၀×၆၀) နှစ်(၆၀)မြေငှားဂရန် မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်(ခြေရင်းခြမ်း) ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှ မူလပိုင်ရှင်ထံမှ အဆင့်ဆင့်သော ဆက်စပ်စာချုပ်စာတမ်းများအရ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ရတနာသိမ်း ၃/ကဆက(နိုင်)၀၂၂၇၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဉ္ဇာဝင်း LL.B., D.B.L., D.I.L(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၃၅၊ သုံးလွှာ(ယာ)၊ ၃၅ လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၂၃၁၆၂**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃၊ လှူနေရပ်ကွက်အမှတ် ၅၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် ၄၂၂/ခ အကျယ်အဝန်း ၀ ဒသမ ၀၃၀ ဧကရှိ ဦးခေတ်ရွှေအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစားမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် LL.B (စဉ်-၂၅၁၆၅)     ဦးအေးမင်းသူ LL.B(စဉ်-၂၆၁၉၉)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

### ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် ၃၄၊ သုံးလွှာ/ခြေရင်းခန်းတိုက်ခန်းအား ဒေါ်မေမြတ်မွန် ၁၄/ကကန(နိုင်)၀၀၀၅၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ဌေးမှ ဝယ်ယူရန်စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မြင့်မြင့်ဌေး** | **ဒေါ်စိုးဇာဇာဟန် LL.B (စဉ်-၃၂၆၇၉)** |
| **၉/မနတ(နိုင်)၀၇၈၀၇၅** | **အထက်တန်းရှေ့နေ** |
| | **ဖုန်း-၀၉-၅၀၅၄၂၄၅၊ ၀၉-၉၇၂၅၁၆၆၆၀** |

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၁၂၃၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလွင်ဦး၈/စလန(နိုင်)၀၀၄၆၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ မြောက်၊ မြေကွက်အမှတ် ၁၀၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၀၃/ခ၊ အောင်ဇေယျလမ်း၊ ၄ မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ၁။ဦးဖွေသော်(BI-၀၂၄၅၂၅)၊ ၂။ဒေါ်စုစုရီ(TKA-၀၃၇၈၀၅)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဖွေသော်သည် ၅-၉-၂၀၁၅ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်စုစုရီ(TKA-၀၃၇၈၀၅) ၁၂/သကတ(နိုင်)၁၀၇၀၂၅မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသောဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ၁၀-၁၁-၂၀၁၇ ရက်စွဲပါကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ပျဉ်ထောင်အဆောက်အအုံတစ်လုံးရှိပြီး လျှောက်ထားသူ ဒေါ်စုစုရီ နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၂၀၂)၊ မြေကွက်တည်နေရာအမှတ်(၂၀၂)၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ဦးထွေးထွေး အမည်ပေါက် ၁၁/တကန(နိုင်)၀၇၅၁၂၈ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၁၆၁)၊ မြေကွက်တည်နေရာအမှတ် (၁၆၁)၊ အင်ကြင်းလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို ဦးကြည်ဝင်း ၇/ပခန(နိုင်)၀၂၄၂၃၆ ကိုယ်တိုင်မှ ပေါင်းကူညာဏ ဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၁-ကွက်/ကျောင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ် ၂၃၊ မြေယာအမှတ် ၂၁၂၊ မြေဧရိယာ ၀ဒသမ၀၅၉ဧကရှိ မြေကွက်အား ဦးကြည်စိုးဦးနှင့် ဒေါ်ခင်မေစီ နှစ်ဦးအမည်ဖြင့် ဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်အား ဦးပိုင်အမှတ် ၂၃-က၊ ၂၃-ခ အား စွန့်လွှတ်စာချုပ်အမှတ် ၂၆၀/၂၀၁၇နှင့် ၂၆၁/၂၀၁၇အရ မြေဧရိယာ ၀ဒသမ၀၂၉၅ဧကကို အပြန်အလှန်အပြီးအပိုင်စွန့်လွှတ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ၎င်းမြေကွက်အား ဦးပိုင်ခွဲ၊ အမည်လျှော့သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဦးကြည်စိုးဦးနှင့်ဒေါ်ခင်မေစီတို့မှ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကြည်စိုးဦး ၉/မမန(နိုင်)၀၄၁၅၉၁နှင့် ဒေါ်ခင်မေစီ ၉/မမန(နိုင်)၀၂၄၈၀၃**
**ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့**

### အများသိစေရန်

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃/၁၆၊ အုဖွဲ့လ်ကျင်း)၊ ဦးပိုင်အမှတ် ၉၂/က၊ မြေဧရိယာ ၀ဒသမ ၀၇၅ဧကရှိသော ဦးကံလှိုင်-ဒေါ်အေးမြင့် အမည်ပေါက်မြေငှားဂရန်အား ဦးအောင်သောင်း-ဒေါ်ကေခိုင်မိုး အမည်ဖြင် မြေငှားဂရန် အမည်ပြောင်းထုတ်ပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူ မည်သူမဆို ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း)ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ချိန်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၆)၊ ဦးပိုင်အမှတ် ၁၀၊ မနော်ဟရီ×ခိုင်ရွှေဝါလမ်းကြား၊ ၆၀×၆၁ လမ်းကြားရှိ ဦးသိန်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်အောင် ၅/ကဘလ(နိုင်)၀၃၄၂၆၄မှ ဦးပိုင်-၁၀(ခဲစင်း) အနောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲအမှတ်ခွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၈၀၂ဟုခေါ်တွင်သော အလျားပေ၄၀×အနံပေ ၆၀အကျယ်ရှိ မူလပိုင်ရှင် ဒေါ်ခင်ပြုံး အမည်ပေါက်မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းမင်းဦး LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၃၈)**
**အမှတ် ၃၇၄၊ မြစ်ပယ်လမ်း၊ (၁၂၆)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊**
**ဖုန်း-၀၉-၄၄၂၀၆၂၆၅၀၊ ၀၉-၂၅၀၉၅၆၅၉၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းကျော်ဇော
**(ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့)**
**အသက်(၆၈)နှစ်**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောသည် ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းကျော်ဇော
**ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက်(၆၈)နှစ်**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောသည် ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့်မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့်**
**ငြိမ်းချမ်းရေးဂီတပွဲတော်အဖွဲ့သားများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော အသက်(၆၈)နှစ်သည် ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**နေပြည်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းကျော်ဇော
**(ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)**
**အသက်(၆၈)နှစ်**

ဦးစိုင်းကျော်ဇော (ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့)သည် ၁၆-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းကျော်ဇော
**ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အသက်(၆၈)နှစ်**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ အလုပ်အမှုဆောင်(၁၉၉၈-၂၀၁၂) ဦးစိုင်းကျော်ဇော အသက်(၆၈)နှစ်သည် ၁၆-၁-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်**
**မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း**
**မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်း**

---

## ဦးလှသိန်း (မြိတ်မြို့)
**အသက်(၈၂)နှစ်**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ အမှတ် ၅၄နေ(ဦးသာဆိုင်-ဒေါ်သင်းကြူ)တို့၏သား၊ (ဒေါ်အင်ပို)၏ခင်ပွန်း၊ ဒေါ်အေးအေးမွန်(အထက-၁၊ မြိတ်)၊ ဒေါ်တင်တင်လတ်၊ ဒေါ်ခင်သီတာသိန်း(မြိတ်တက္ကသိုလ်)၊ကိုထင်ကျော်သိန်း-မသန်းငွေတို့၏ဖခင်၊ မောင်ရဲမာန်ထက်၊ မောင်အားမာန်ထက်၊ မအိမ့်ယမုံဖူးတို့၏အဘိုးသည် ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(9/D)၊ ဆံတော်အနောက်ကွက်၊ ဦးပိုင်အမှတ်(၇၅)မှ မြေဧရိယာ ၀ ဒသမ ၀၃၈ ဧကသည် မူလ ဦးသန်းငွေ အမည်ပေါက် ဂရန်ရရှိထားရာမှ ယခုအခါ အောင်မြန်မာကျန်းမာရေးစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက် အမည်ဖြင့် ဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကံသောင်း**
**၁၂/သဃက(နိုင်)၀၁၁၂၉၄**
**အောင်မြန်မာကျန်းမာရေးစောင့်ရှောက်မှု**
**သမဝါယမအသင်းလီမိတက်(ကိုယ်စား)**
**အမှတ် ၁၃၉၁၊ ပြည်-ရန်ကုန်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုင်းကျော်ဇော
**(ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)**
**အသက်(၆၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော အသက်(၆၈)နှစ်သည် ၁၆-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၀၀း၂၅ နာရီတွင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဇနီး မိကျင်သန်းနှင့်**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဘဦး (ဗန်းမော်)
**အသက်(၉၉)နှစ်**

ဦးဝင်းဗိုလ်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ပိုပိုဦးတို့၏ဖခင်သည် ၁၄-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(တောင်ငူ)နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၏ကျေးဇူးရှင် အမေဒေါ်ထွားရီ အသက်(၈၉)နှစ်၏ ကျန်းမာရေးအား ၄နှစ်တာမက စေတနာထား၍ ကြိမ်ဖန်များစွာ မိခင်အရင်းအချာသဖွယ် စောင့်ကြပ်ကုသပေးခဲ့ကြသော နေပြည်တော်၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မှ နှလုံးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဗိုလ်မှူးကြီးမြင့်ဇော်နှင့် ဆရာဝန်၊ သူနာပြုစသည့် ဝန်ထမ်းများ၊ မိခင်ကြီး၏နာရေးကိစ္စအဝဝကို ဘက်ပေါင်းစုံမှအကူအညီပေးခဲ့ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ CHD ဘဏ်(နေပြည်တော်)မှ ဝန်ထမ်းများ၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၈) သူရတပ်ခွဲမှ ကျောင်းဆင်းဖက် အရာရှိများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်အေးအေးသန်း**
**ရုံးအဖွဲ့မှူး/ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲကြောင်း

ဦးကျော်မိုး မြို့နယ်အမှုဆောင်အရာရှိ စစ်တွေမြို့နယ်၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၏မိခင် ဒေါ်ရွှေယဉ် အသက်(၇၈)နှစ်သည် ၁၂-၁-၂၀၁၈ရက် (သောကြာနေ့) တွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**စစ်တွေမြို့နယ်**
**စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကြည်
**သံမှူးကြီး၊ မြန်မာသံရုံး၊ ရီယာဒ်မြို့**
**အသက်(၅၄)နှစ်**

ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ မြန်မာသံရုံးမှ သံအရာရှိ ဒေါ်ရီရီဝင်း၏ခင်ပွန်း၊ မရည်ရွှယ်ချမ်းမြေ့ကြည်၏ဖခင်ဖြစ်သူ ဆော်ဒီအာရေဗျနိုင်ငံ၊ မြန်မာသံရုံးမှ သံမှူးကြီး ဦးအောင်ကြည်သည် ၁၄-၁-၂၀၁၈ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးဦးကိုကိုလတ်နှင့်ဇနီးဒေါ်မူမူချို မိသားစု**
**မြန်မာသံရုံး၊ ရီယာဒ်မြို့**

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**
## ဦးလှမိုး
**(အသက်ကယ်အောက်ဆီဂျင်အလှူတော်အဖွဲ့၊ ရပ်ကွက်လူမှုကူညီရေးအသင်းနာယက)**
**အသက်(၅၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘမောင်-ဒေါ်ခင်စန်း)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၃)ရပ်ကွက်၊ ၁၀လမ်း၊ အမှတ် ၁၈၂နေ ဦးလေးမောင်-ဒေါ်လေးရင်တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ဝေ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁-၂၀၁၈ရက် (စနေနေ့) ည ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့
ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)

---

## ဦးကျော်လွင်ဦး(ခ)
## ဦးဖိုးခွား
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်းနှင့် ဦးချိုလမ်းထောင့်၊ အမှတ် ၁၄၈(မြေညီထပ်)နေ (ဦးမင်းဇော်)-ဒေါ်ဆီမီယာတို့၏သား၊ မစန္ဒာကြူ၏အစ်ကို၊ ဒေါ်ခင်လေးဆွေ(ခ)ဆွေလေး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့)ည ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ
**(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)**
**သံဃာ့သမုတိရ သံဃာ့ကိုယ်စားလှယ်**
**ရွှေတိဂုံစေတီတော် စေတီယင်္ဂဏအသင်းစာမေးပွဲ ဩဝါဒါစရိယ**
**ကမာရွတ်မြို့နယ် သံဃနာယကဥက္ကဋ္ဌ**
**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ကြို့ကုန်းကျေးရွာနေ ခမည်းတော် ဦးသာလှိုင်-မယ်တော်ကြီးဒေါ်ဖွားခင်တို့၏သား၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ဆင်ရေတွင်း ပါဠိတက္ကသိုလ် သီရိမင်္ဂလာပျော်ဘွယ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)အရှင်သူမြတ်သည် (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၅ရက်) ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ဆရာတော်ကြီးအတွက် ပင့်သံဃာတော်တို့အား ဆွမ်း/သင်္ကန်း/ဒါတဗ္ဗဝတ္ထုအစုစုလှူဒါန်းပြီး ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံပြီးလျှင် ရေစက်သွန်းချ တရားတော်နာပြုလုပ်မည်ဖြစ်ပါ၍ နံနက် ၉နာရီတွင် တရားတော်မြတ်များနာယူရန် ဖိတ်ကြားအပ်ပါသည်။ [တပို့တွဲလဆန်း ၅ရက် (၂၁-၁-၂၀၁၈ရက်)(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ကျောင်းတိုက်မှကားများထွက်ခွာ၍ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း။]

ကျန်ရစ်သူ
တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

---

## ဦးအောင်ငြိမ်း (မလှိုင်မြို့)
**အသက်(၉၀)**

မလှိုင်မြို့(၁၀)ရပ်ကွက်နေ ဒေါ်ထွေးအောင်၏ခင်ပွန်း၊ ဒေါ်သန်းသန်းအေး (မြို့နယ်ပညာရေးမှူး၊ ငြိမ်း)၊ ဒေါ်အေးအေးလွင်၊ ဦးသက်နှင်း-ဒေါ်မြမှု(သ/မ ဦးစီးမှူး၊ ငြိမ်း)၊ ဒုရဲမှူးသိန်းဆွေ-ဒေါ်ခင်ခင်မြ(ဖယ်ခုံမြို့မရဲစခန်းမှူး)၊ ဦးစိန်ဘို-(ဒေါ်နုနုယဉ်)၊ ဒေါက်တာစိုင်းပန်းအုံ-ဒေါက်တာမို့မို့ဝင်း(ကျောက်ဆည်)၊ ဒေါ်သန္တာထွေး (ကထိက၊ မိတ္ထီလာတက္ကသိုလ်၊ သမိုင်းဌာန)တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၁၈ရက်(စနေနေ့) နံနက်တွင်ကွယ်လွန်သွားပါ၍ ၁၃-၁-၂၀၁၈ရက်တွင် မလှိုင် မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ငွေသိမ်း (အလုံ၊ ရန်ကုန်)
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၁၀၅ (ဒုတိယထပ်၊ ခြေရင်း)နေ(ဦးကျော်စိန်-ဒေါ်အမာ)တို့၏သမီး၊(ဦးလှရီ)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်ထွန်း)-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးလှကြည်-ဒေါ်ငွေသန်း)တို့၏ညီမ၊ ဦးမင်းညဏ်ရှိန်-ဒေါ်သောင်းသောင်းငွေ၊ ဦးအောင်တင်-ဒေါ်နန်းခင်သန်းတို့၏အစ်မ၊(ဗိုလ်ကြီးဇေယျာဆွေ)-ဒေါ်ဆွေဆွေတင့်၊ ဦးအောင်ငွေး-ဒေါ်မို့မို့ရီတို့၏မိခင်၊ ဦးကျော်မိုး-ဒေါက်တာနှင်းနုနုဆွေ၊ ဗိုလ်မှူးကောင်းမြတ်အောင်-ဒေါ်ယမင်းသူဇာ၊ မောင်အာကာစိုးမိုးနိုင်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်ဂျန်မာကော့ရှောင်(ခ) ဒေါ်ကော့
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (စီ)ဘလောက်(၁)လမ်း၊ တိုက် ၃၀၊ အခန်း ၁၀၁နေ (ဦးဇန်မာဂန်-ဒေါ်ယာမောက်ဆိုင်)တို့၏သမီး၊(ဦးပန်းအောင်)၏အစ်မ၊ ဦးလဗ္ဗန်ဘောက်၏ဇနီး၊ (ဦးဘရန်ရှောင်)၊ ဒေါ်လဗ္ဗန်စွန်းရီ-ဦးဆွင်ခန်းဇမ်၊ဦးနော်လာ-ဒေါ်သန္တာဦး၊ ဒေါ်မာလာ-ဦးဝင်းမြင့်အောင်တို့၏မိခင်၊ ဒေါ်ခေါမ်ရှန်မန်-ဦးဒိုဇမ်ကျင်၊ မန်ဇလျန်၊ အိဖြိုးပိုင်၊ သက်ပိုင်ဖူး၊ ရှန်းလဲ့ပိုင်၊ ဆိုင်းမိုင်ပြည့်တို့၏အဘွား၊ နန်လမ်းဒင်၊ ဇမ်ရှန်ခိုင်တို့၏အဘွားသည် ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၈း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်ကြည် (ထားဝယ်မြို့)
**အသက်(၉၅)နှစ်**

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ မြို့တွင်းလမ်း၊ အမှတ် ၆၆နေ[ဦးလှဝင်း(လဝက၊ ငြိမ်း)]၏ဇနီး၊ ဒေါ်သိန်းသိန်း(သ/မဦးစီးဌာန၊ ငြိမ်း)၊ မင်္ဂလာဒုံ၊ ခရေပင်ရိပ်မွန်(၁)နေ ဒုတိယဗိုလ်မှူးကြီးကျော်လွင်(ငြိမ်း)-ဒေါ်ကြူကြူစိန်၊ ဦးစိုးစိုး(လ/ထ ညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီး၊ လဝက)-ဒေါ်တင်တင်အေးတို့၏မိခင်၊ ကိုငြိမ်းချမ်း-ဒေါက်တာနေနွယ်လွင်၊ ကိုမင်းမင်း-ဒေါက်တာဇာခြည်လွင်တို့၏အဘွား၊ မယွန်းယွန်း၏ဘွားဘွားကြီးသည် ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးစိုးဝင်း(ကျောက်တန်း) အသက်(၈၅)နှစ်
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**သန်လျင်မြို့နယ်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပဲခူးစုရပ်ကွက်၊ အောင်သုတလမ်း၊ အမှတ် ၁၉နေ(ဦးသန်းမောင်-ဒေါ်အေးရှိန်)တို့၏သား၊ (ဦးဖိုးလွင်-ဒေါ်စိန်သင်)တို့၏သားသမက်၊ ဒေါ်စန်းရွှေ၏ခင်ပွန်း၊ (ဒေါ်မြမြ)၊ ဒေါ်ခင်ရီ၊ (ဦးစိန်မြင့်-ဒေါ်မြင့်မြင့်ဝင်း)၊ ဦးကျော်ထွန်း-ဒေါ်တင့်တင့်အေးတို့၏အစ်ကို၊ ဦးစိုးမော်ဦး-ဒေါ်ခင်သန်းငွေ၊ ဦးမောင်မောင်လွင်-ဒေါ်စိုးပပနိုင်၊ (ဦးစိုးဥက္ကာ-ဒေါ်နှင်းနှင်းသွင်)၊ဒေါ်စိုးမြတ်မြတ်နိုင်၊ ဦးစိုးအာကာ-ဒေါ်အေးမြဝင်းတို့၏ဖခင်၊ ဒေါက်တာလွင်ဖြူဖြူမောင်၊ မောင်ဖြိုးဥက္ကာကျော်-မခင်ပြည့်ပြည့်ကျော်၊ မဆုမြတ်လွင်၊ မောင်မိုးဟိဏ်းကျော်၊ မကေခိုင်ထက်၊ မသီရိစိုးစံ၊ မထက်အင်ကြင်းတို့၏အဘိုးသည် ၁၆-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၄း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် သန်လျင်မြို့၊ ပဲခူးစုနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးထင်စိန်
**နည်းပြ(ငြိမ်း)**
**(တပ်မတော်ပညာရေးကျောင်း-မေမြို့)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၅၂၆/ခ)နေ (ဦးမောင်ကြီး-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးကျော်သိန်း-ဒေါ်အုန်းရင်)တို့၏သားသမက်၊ ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဇော်အောင်-ဒေါ်ငြိမ်းငြိမ်းတင့်၊ ဦးဇော်လင်းအောင်-ဒေါ်ခင်စန္ဒီအောင်၊ ဦးဟိန်းတင်ထွဋ်တို့၏ဖခင်၊ မသီရိလင်းသန့်၏ဘိုးဘိုးကြီးသည် ၁၆-၁-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွက်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးထင်စိန်
**နည်းပြ(ငြိမ်း)**
**(တပ်မတော်ပညာရေးကျောင်း-မေမြို့)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၉နေ(ဦးမောင်ကြီး-ဒေါ်ကျင်မြ)တို့၏သား၊ ဦးလင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)-(ဒေါ်နုနုစိန်)၊ ဦးမောင်မောင်ရီ-ဒေါ်ကြူကြူ၊ (ဒေါ်မမလေး)၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်ယဉ်ယဉ်အေး၊ ဦးဇော်ဝင်းတို့၏ အစ်ကိုသည် ၁၆-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု

---

## ဦးထွန်းမြင့်အောင် အသက်(၄၉)နှစ်
**အတွင်းရေးမှူး**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(လမ်းမတော်)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် ၄၅၊ ၇လမ်းနေ ဦးထွန်းရီ-ဒေါ်ခင်မြင့်(ဦးစံမိသားစုထမင်းဆိုင်)တို့၏သား၊ ဦးစိုးမြင့်(မိုးကုတ်ယောဂီ)၏တူ၊ ဒေါက်တာတင်ထွန်းအောင်-ဒေါ်အေးအေးမာ(ညွှန်ကြားရေးမှူး၊ ဆေးတက္ကသိုလ်-၁)တို့၏ညီ၊ ဒေါ်ခင်သီတာထွန်း(ဦးစံမိသားစုထမင်းဆိုင်)၏အစ်ကို၊ ဒေါ်ခင်နီနီမြင့်(ခ)ပပ၏ခင်ပွန်း၊ မောင်ဆန်းလင်းထွန်း(ခ)ဒီဒီး၏ချစ်လှစွာသောဖခင်သည် ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့)ည ၈း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ARSA အကြမ်းဖက်အဖွဲ့ဝင် ၁၃၀၀ ကျော်၏ အမည်စာရင်းကို မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ထား

**နေပြည်တော် ဇန်နဝါရီ ၁၆**

Arakan Rohingya Salvation Army (ARSA) အကြမ်းဖက်အဖွဲ့ဝင် ၁၃၀၀ ကျော်၏ အမည်စာရင်းကို မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၄ ရက်က နေပြည်တော်၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဗဟိုအဆင့်အစည်းအဝေးတွင် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ARSA အကြမ်းဖက်သမားများအား ၁၉၈၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နယ်နိမိတ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့်အညီ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားနိုင်ရန်အတွက် ပြန်လည်လွှဲပြောင်းပေးရန် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အကြောင်းကြားထားပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် မျှော်မှန်းထားရှိသည့် ကုန်သွယ်မှုလျာထားချက် ပမာဏထက် ကျော်လွန်ဆောင်ရွက်နိုင်နေပြီဖြစ်**

စာ ➤ ၁၁



# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီမှ ည ၈ နာရီ အထိ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက ဦးဆောင်ပြီး ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မိုဟာမက် ရှာဟီဒူလ် ဟတ်ခ်က ဦးဆောင်ဆွေးနွေးညှိနှိုင်းခဲ့ကာ Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh under the Arrangement on Return of the Displaced Persons from Rakhine State ကို ဇန်နဝါရီ ၁၆ ရက်တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ Physical Arrangement အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

*စာမျက်နှာ ၁၁ ကော်လံ ၁* ✮

# YBS ဝန်ဆောင်မှုတွင် ငွေပေးချေမှုစနစ်မှ ကတ်စနစ်သို့ အမြန်ဆုံးပြောင်းလဲမည်



ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိသော YBS ယာဉ်ကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဇန်နဝါရီ ၁၆**

စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားရာ ရန်ကုန်မြို့ကြီး၌ ယခင် မထသမှ ပြောင်းလဲလိုက်သော ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု(YBS)တွင် ငွေပေးချေမှုစနစ်မှ များမကြာမီကာလအတွင်း ကတ်စနစ်သို့ အမြန်ဆုံး ပြောင်းလဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် Sky Star ဟိုတယ်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) နှင့် ရန်ကုန်ဘတ်စ်ကား ဝန်ဆောင်မှု (YBS)တို့ တစ်နှစ်ပြည့်အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❑

# KBZ Bank U-13 အမျိုးသမီးပြိုင်ပွဲတွင် ရှမ်း(တောင်)နှင့် မကွေး ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးလိဂ်ကော်မတီနှင့် KBZ Bank တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် KBZ Bank U-13 Girls Tournament 2018 (States & Regions) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ မကွေးနှင့် ရှမ်း(တောင်) အသင်း ဂိုးပြတ်အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မကွေးအသင်းက ရှမ်း(အရှေ့) အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ ရှမ်း(တောင်) အသင်းက တနင်္သာရီအသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် အုပ်စုပွဲစဉ်များတွင် ရှန်းကန်ခဲ့ရသော်လည်း ကွာတားနှင့် ဆီမီးဖိုင်နယ်တွင် ခြေစွမ်းပြကာ နှစ်ပွဲစလုံးဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ရှမ်း(တောင်)အသင်းမှာမူ ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် တွေ့ဆုံနေသည့် ရှမ်း(တောင်) နှင့် မကွေးအသင်းသည် အုပ်စုအဆင့်၌ တစ်အုပ်စုတည်းကျရောက်ခဲ့ကာ ထပ်မံတွေ့ဆုံနေခြင်းဖြစ်သည်။

အုပ်စုတွင်းတွေ့ဆုံစဉ်က တစ်ဂိုးစီသရေကျခဲ့ပြီး ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်အဆင့်မြင့် မိုးပျံအမြန်လမ်း စီမံကိန်းနှင့်အတူ

ဝေယံဦး၊ ဓာတ်ပုံ - ကောဇင်

**ရန်ကုန်မြို့ရဲ့ မိုးပျံလမ်းစီမံကိန်းအတွက် ပြည်တွင်းနဲ့ နိုင်ငံတကာကို ကျယ်ကျယ်ပြန့်ပြန့် တင်ဒါခေါ်ပြီး တင်ဒါရွေးချယ်မှုတွေ ပြုလုပ်နိုင်ခဲ့ပြီးရင်တော့ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းမှာ စီမံကိန်းလုပ်ငန်းတွေ စတင်အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အားလုံးအခက်အခဲမရှိ ဆောင်ရွက်နိုင်ခဲ့ရင်တော့ စီမံကိန်းကာလ နှစ်နှစ်နဲ့ သုံးနှစ်အတွင်းမှာ ပြီးစီးမယ်လို့ ခန့်မှန်းထားတာကြောင့် လာမယ့် ၂၀၂၂ ခုနှစ်မှာ မိုးပျံအမြန်လမ်းမကို စတင်အသုံးပြုနိုင်တော့မှာဖြစ်**

ဒီရက်ပိုင်းအတွင်းမှာ ရန်ကုန်မြို့နဲ့ပတ်သက်ပြီး လှုပ်လှုပ်ခတ်ခတ်ဖြစ်လာတဲ့ သတင်းကတော့ ရန်ကုန်မြို့မှာ အဆင့်မြင့်မိုးပျံ အမြန်လမ်းစီမံကိန်း အကောင်အထည်ဖော်ဖို့အတွက် ဦးဆောင်အကြံပေးအဖြစ် IFC နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ သဘောတူလက်မှတ်ရေးထိုးလိုက်တဲ့အကြောင်းပဲ ဖြစ်ပါတယ်။

အထပ်မြင့် အဆောက်အအုံတွေ၊ အချိန်ပြည့်နီးပါး ပိတ်ဆို့နေတဲ့ ယာဉ်ကြောကျပ်တည်းမှုတွေနဲ့ လူနေထိုင်မှုများပြားလာမှုအတွက်ကြောင့် ရန်ကုန်မြို့ဟာ မွန်းကျပ်လာသလို ကိုယ်ပိုင်ကား၊ ဘတ်စ်ကားတွေနဲ့ နေ့စဉ်စီးနင်းသွားလာနေရသူတွေအတွက် ခရီးသွားလာမှုအပေါ် အချိန်နှစ်နာရီခန့်ကုန်နေတာတွေဟာ ရန်ကုန်မြို့နေ ပြည်သူတွေ နေ့စဉ်ရင်ဆိုင်နေရတဲ့ အခက်အခဲတွေဖြစ်နေပါတယ်။

YBS ဘတ်စ်ကားပြေးဆွဲမှုစနစ်၊ မီးပွိုင့်စနစ်နဲ့ Water Taxi တွေ ပြေးဆွဲနေတာကြောင့် ထိုက်သင့်သလောက် ခရီးသွားလာမှု အဆင်ပြေခဲ့ပေမယ့် လိုအပ်ချက်တွေရှိနေဆဲ၊ ဖြည့်ဆည်းပေးနေရဆဲဖြစ်ပါတယ်။ ဒါကြောင့် တဖြည်းဖြည်းကျယ်ပြန့်လာတဲ့ ရန်ကုန်မြို့ဧရိယာအတွင်းမှာ စီးပွားရေး၊ သွားလာရေးစတာတွေတိုးတက်စေဖို့ အဆင့်မြင့် မိုးပျံအမြန်လမ်းစီမံကိန်း ဆောင်ရွက်ဖို့ ကြိုးစားနေတာပဲ ဖြစ်ပါတယ်။

ဒီအဆင့်မြင့် မိုးပျံအမြန်လမ်းစီမံကိန်းဟာ ရန်ကုန်တောင်ပိုင်းမှာရှိတဲ့ ရန်ကုန်ဆိပ်ကမ်း၊ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်စက်မှုဥယျာဉ် နဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းတို့ကို ချိတ်ဆက်မယ့် အရှည် ၂၀ ဒသမ ၅ ကီလိုမီတာခန့်ရှိတဲ့ ရန်ကုန်အဆင့်မြင့် မိုးပျံအမြန်လမ်းဆောက်လုပ်ဖို့ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် သုံးစွဲသွားဖို့အတွက် ဇန်နဝါရီ ၁၁ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့အစည်းဖြစ်တဲ့ IFC တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ပြီ ဖြစ်ပါတယ်။

တကယ်တော့ IFC (International Finance Corporation )ဟာ ဒီစီမံကိန်း အကောင်အထည်ဖော် တည်ဆောက်ဖို့အတွက် အကြံပေးဝန်ဆောင်မှုပြုရမှာဖြစ်ပြီး လုပ်ငန်းတကယ်အောင်မြင်ရေးကို ဆောင်ရွက်တဲ့အခါ တည်ဆောက်မှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းလည်ပတ်မှုနဲ့ အခြားဝန်ဆောင်မှုတွေကို စနစ်တကျ ထိန်းသိမ်းနိုင်တဲ့ အတွေ့အကြုံကောင်းတွေ အများကြီးရှိတဲ့၊ အရည်အသွေးပြည့်ဝတဲ့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကို ရွေးချယ်ပေးဖို့အတွက်လည်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီတင်ဒါခေါ်ယူရမှာဖြစ်တာမို့ မြန်မာနိုင်ငံသမိုင်းမှာ ပထမဆုံးစီမံကိန်းဖြစ်တာကြောင့် စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

ရန်ကုန်တောင်ပိုင်းနဲ့ မြောက်ပိုင်းကို မိုးပျံလမ်းနဲ့ ချိတ်ဆက်ပေးတော့မှာဖြစ်ပြီး လမ်းအရှည်ကတော့ ၁၃ မိုင်လောက်ရှိသလို လမ်းအကျယ်က လေးလမ်းသွားဖြစ်တာကြောင့် ရန်ကုန်မြို့ရဲ့လမ်းကွန်ရက်ချိတ်ဆက်မှုဟာ မြေပြင်သာမက ဝေဟင်မှာပါ လွင့်ပျံနေဦးတော့မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုတွေကို လျှော့ချဖို့၊ မော်တော်ယာဉ်နဲ့ မောင်းနှင်သွားလာမှုအချိန်ကြာမြင့်တာတွေ လျှော့ချနိုင်ဖို့အတွက် မိုးပျံလမ်းစီမံကိန်း ဆောင်ရွက်မယ်လို့ သတင်းထွက်ပေါ်ခဲ့ပေမယ့် လက်တွေ့မှာမဖြစ်နိုင်ဘူးလို့ သုံးသပ်မှုတွေ ထွက်ပေါ်လာခဲ့ဖူးပါတယ်။ အခုအချိန်မှာတော့ အဲဒီအိပ်မက်ဆန်တဲ့ အစီအစဉ်ဟာ လက်တွေ့အကောင်အထည်ဖော်ဖို့ ခြေလှမ်းတွေ စတင်နေပြီဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ မိုးပျံလမ်းစီမံကိန်းအတွက် ပြည်တွင်းနဲ့ နိုင်ငံတကာကို ကျယ်ကျယ်ပြန့်ပြန့် တင်ဒါခေါ်ပြီး တင်ဒါရွေးချယ်မှုတွေ ပြုလုပ်နိုင်ခဲ့ပြီးရင်တော့ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းမှာ စီမံကိန်းလုပ်ငန်းတွေ စတင်အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အားလုံးအခက်အခဲမရှိ ဆောင်ရွက်နိုင်ခဲ့ရင်တော့ စီမံကိန်းကာလ နှစ်နှစ်နဲ့ သုံးနှစ်အတွင်းမှာ ပြီးစီးမယ်လို့ ခန့်မှန်းထားတာကြောင့် လာမယ့် ၂၀၂၂ ခုနှစ်မှာ မိုးပျံအမြန်လမ်းမကို စတင်အသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သတင်းဖော်ပြချက်အရတော့ ကမ်းနားလမ်းမှ မင်္ဂလာဒုံစက်မှုဇုန်အထိ ၁၃ မိုင် ကျော်၊ မင်္ဂလာဒုံစက်မှုဇုန်မှ ရန်ကုန်-မန္တလေး အမြန်လမ်းအထိ ကိုးမိုင်ကျော်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၁ ဒသမ ၈ မိုင်ကျော်ကို ချိတ်ဆက်ဖောက်လုပ်သွားမယ်လို့ ဆိုထားတာကြောင့် ရန်ကုန်မိုးပျံအမြန်လမ်းဟာ ရန်ကုန်မြို့ကို အရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးဖို့ ကြီးမားတဲ့ တွန်းအားတစ်ရပ်ဖြစ်စေမှာ အမှန်ပါပဲ။

ရန်ကုန်မိုးပျံအမြန်လမ်း စီမံကိန်းပြီးစီးသွားရင်တော့ သွားလာရေးအတွက် အချိန်သက်သာမြန်ဆန်လာမှုကိုကြည့်ရင်

**အချပ်ပို (ဃ) သို့**

## မြို့ရှန်ကုန်ကို ဆယ်မယ်ဆိုရင်ဖြင့်



အ ချ ပ် ပို ( ခ )

## ကျောက်တံတား မြို့နယ်အတွင်းက မော်လမြိုင်ကျောင်းတိုက် ပြန်လည်ပေါ်ထွန်းစေချင်



အ ချ ပ် ပို ( ဂ )

## အရောင်းပြခန်းကို အားကိုးလာတဲ့ ၂၀၁၈အစပိုင်း နေ့ရက်များနဲ့ ရန်ကုန်ကားဈေးကွက်



အ ချ ပ် ပို ( ဃ )

# မြို့ရှန်ကုန်ကို ဆယ်မယ်ဆိုရင်ဖြင့်

ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)



ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ရန်ကုန် မြို့တော်တွင် အဆောက်အအုံအသစ်တို့က တစ်မျိုးပြီး တစ်မျိုး ပေါ်ထွက်လာလျက်ရှိသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်အခြေအနေ၊ များပြားလာသော လူဦးရေတို့အပေါ် လိုက်လျောညီထွေမှုရှိစေရန် အဆောက်အအုံများကို ပြောင်းလဲ ဆောက်လုပ်လာကြသည်။ ယခုအခါ ရန်ကုန်မြို့တော်ကြီးတွင် အိမ်အို၊ အိမ်ဟောင်းများ ရှားပါးသွားပြီး ကန်ထရိုက်တိုက်များ၊ အထပ်မြင့် အဆောက်အအုံများ ပေါ်များလာသည်။ ခေတ်ပြောင်း စနစ်ပြောင်းနှင့်အတူ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် အဆောက်အအုံများပါ ပြောင်းလဲမှုဒဏ်ကို ခံကြရသည်။ ရှေးနှစ်ပေါင်းများစွာက တည်ဆောက်ထားခဲ့သော ဗိသုကာလက်ရာ တန်ဖိုးမြင့်မားသည့် အဆောက်အအုံများ ဖြိုဖျက်မှုကို ခံနေရသည်။

ရန်ကုန်မြို့တော်ကြီးသည် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော မြို့ကြီးတစ်မြို့ပင်ဖြစ်သည်။ အမည်အမျိုးမျိုး မှည့်ခေါ်ခြင်းခံရပြီးနောက် ကုန်းဘောင်မင်းဆက်ကို တည်ထောင်သော အလောင်းဘုရားမင်းက ရန်ကုန်ဟု သမုတ်ခဲ့ခြင်း ဖြစ်သည်။ ထိုမှ နှစ်ပေါင်းများစွာကြာမြင့်ပြီး ယဉ်ကျေးမှုတန်ဖိုး မြင့်မားသော ရန်ကုန်တွင် ရှေးဟောင်းအဆောက်အအုံတို့က တဖြည်းဖြည်းနည်းပါးလာလျက်ရှိသည်။ ရှေးခေတ်ဟောင်း လက်ရာများကို မဆိုထားနှင့် ကိုလိုနီခေတ်လက်ရာများပင် ရှားပါးလာလျက်ရှိသည်။

"ကျွန်မတို့ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ စဖွဲ့တဲ့ ၂၀၁၂ ခုနှစ်လောက်တုန်းက နိုင်ငံရေးအပြောင်းအလဲတွေလည်း စပြီးတော့ ဖြစ်နေတဲ့အချိန်ပေါ့။ အဲဒီအချိန်မတိုင်ခင် ၁၀ စုနှစ်ကာလထဲက မြို့ပြဆိုင်ရာစည်းမျဉ်း ဥပဒေတွေနဲ့ ထိန်းသိမ်းထားခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ သမိုင်းဝင်အဆောက်အအုံတော်တော်များများ ဖြိုဖျက်ခံရတယ်၊ ရန်ကုန်ကလည်း ဖွံ့ဖြိုးတိုးတက်လာတယ်၊ အလွန်ဖွံ့ဖြိုးတိုးတက်လာတဲ့အချိန်မှာ လူတွေက အဆောက်အအုံအသစ်အသစ်တွေ ဆောက်ချင်လာတဲ့အတွက်ကြောင့်မို့လို့ အမွေအနှစ်အဆောက်အအုံတွေကို သတိမမူမိဘဲဖျက်ပြီး အဆောက်အအုံအသစ် ဆောက်ခဲ့တာတွေရှိတယ်၊ အဲဒီနည်းလမ်းနဲ့ အမွေအနှစ်အဆောက်အအုံတွေကို ဆုံးရှုံးခဲ့ရတယ်"ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးအရာရှိ မနိုနိုအောင်က ပြောသည်။



အရှေ့တောင်အာရှတွင် နာမည်ကောင်းဖြင့် ကျော်ကြားခဲ့သော ရန်ကုန်မြို့တော်သည် ဗိသုကာလက်ရာအမျိုးမျိုး၊ သမိုင်း ဖြစ်ရပ်အထွေထွေတို့ဖြင့် ခမ်းနားကြီးကျယ်ခဲ့ပြီး ထူးခြားသော မြို့ပြရှုခင်းတို့ကို ပိုင်ဆိုင်ထားသောကြောင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ခဲ့သည်။ အဆိုပါအမွေအနှစ်တို့ကို ဘိုးစဉ်ဘောင်ဆက်နေထိုင်ခဲ့ကြသော လူ့အသိုင်းအဝိုင်းအလွှာပေါင်းစုံက ယနေ့တိုင် နေထိုင်အသုံးပြုလျက်ရှိကြသည်။ ထိုသို့ထူးခြားသည့် ယဉ်ကျေးမှုနှင့် ဗိသုကာအမွေအနှစ်များကို မြို့ပြ၏ ဖွံ့ဖြိုးတိုးတက်မှုအောက်တွင် တိမ်မြုပ်ပျောက်ကွယ်မသွားရန် ပိုင်းဝန်းစောင့်ရှောက်ရမည့် တာဝန်မှာ ရန်ကုန်မြို့ပြတွင် နေထိုင်သည့် ရန်ကုန်သူ ရန်ကုန်သားတို့၏ တာဝန်ပင်ဖြစ်သည်။

ထို့ကြောင့်ပင် ရန်ကုန်မြို့၏ ဗိသုကာအမွေအနှစ်များအား ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စနစ်တကျစီမံအသုံးချနိုင်ရေးတို့အတွက် အသိပညာပေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သမိုင်းပညာရှင် ဒေါက်တာ သန့်မြင့်ဦးက ၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT)ကို ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ခဲ့သည်ဟု သိရသည်။ မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးဆိုင်ရာ မြို့ပြစီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှု လမ်းညွှန်များရေးဆွဲခြင်း၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထူးစီမံချက်မူကြမ်းရေးဆွဲခြင်းနှင့် မြို့ပြထိန်းသိမ်းစောင့်ရှောက်ရေးကို ကူညီဆောင်ရွက်ခြင်းတို့တွင် ဒေသခံလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဘောင်မှာလည်း ယခုအခါ ကျယ်ပြန့်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့(YHT)အဖွဲ့အနေနဲ့ အစိုးရဌာနတွေရယ်၊ တခြားဒေသခံအဖွဲ့အစည်းတွေရယ်၊ မြို့ပြစီမံကိန်းအတွက် လုပ်နေတဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီးတော့ ရန်ကုန်မြို့မှာ လက်ရှိအထိန်းအကွပ်မဲ့ ဖြိုဖျက်မှုတွေရဲ့ဒဏ်ကနေ ရှောင်ရှားနိုင်အောင် ကူညီခဲ့တယ်၊ အစိုးရဌာနတွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကို အမွေအနှစ် အဆောက်အအုံထိန်းသိမ်းဖို့နဲ့ ပတ်သက်ပြီးတော့ ဥပဒေရေးရာဆိုင်ရာ အကြံပေးတာတွေကိုလည်း ပြုလုပ်နေပါတယ်၊ ၂၀၁၆ ခုနှစ်မှာတော့ ရန်ကုန်မြို့ပြအမွေအနှစ် မဟာဗျူဟာကို ရေးဆွဲခဲ့ပါတယ်၊ အဲဒီအစီရင်ခံစာက အစိုးရအဖွဲ့အတွင်းက ဆုံးဖြတ်ချက်ချနိုင်တဲ့သူတွေ၊ အများပြည်သူတွေအတွက် ရန်ကုန်ကို ဘယ်လိုဖြစ်စေချင်လဲဆိုတဲ့ အနာဂတ်ရန်ကုန်ကို ပုံဖော်နိုင်အောင်၊ အကောင်အထည်ဖော်နိုင်အောင် လက်တွေ့ကျတဲ့ လုပ်ငန်းစဉ်တွေကို အစီရင်ခံစာထဲမှာ ထည့်သွင်းထားပါတယ်၊ အစိုးရပြုလုပ်နေတဲ့ မူဝါဒရေးရာကိစ္စရပ်တွေ မှာ ပါဝင်ဆွေးနွေးတာတွေရှိတယ်၊ အမွေအနှစ်အဆောက်အအုံတွေကို ဘာကြောင့် ထိန်းသိမ်းသင့်တယ်၊ ဘယ်လိုထိန်းသိမ်းသင့်တယ်ဆိုတာကို အများပြည်သူနားလည်နိုင်ဖို့အတွက် လုပ်ဆောင်နေတာတွေ ရှိပါတယ်။ ဥပမာ ကျွန်မတို့ အခမဲ့လမ်းလျှောက်လေ့လာရေး ခရီးစဉ်တို့လိုဟာမျိုးပေါ့၊

အချပ်ပို (ဂ) သို့

# ရန်ကုန်မြို့ပြနှင့် ကွမ်းတံတွေးကင်းစင်စေချင်

မောင်သင်းပျံ့ ၊ ဓာတ်ပုံ - သစ္စာ

နိုင်ငံတစ်နိုင်ငံ ခေတ်မီတိုးတက်စွာဖြင့် ရပ်တည်နိုင်ခြင်းသည် ထိုနိုင်ငံတွင် နေထိုင်ကြသော ပြည်သူများ စည်းကမ်းနှင့် ကိုယ်ကျင့်တရား ခါးဝတ်ပုဆိုးကဲ့သို့ မြဲသောကြောင့် ဖြစ်သည်။ မြန်မာပြည်၏ ကုန်ဘောင်မင်းလက်ထက်၌ ဥရောပနိုင်ငံအချို့ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံတို့ကို ကိုလိုနီနယ်ချဲ့နိုင်ခဲ့ခြင်းသည် စည်းကမ်း၏ အနှစ်သာရကို ကျင့်သုံးခဲ့ကြသောကြောင့်ဖြစ်သည်။ အထူးသဖြင့် စည်းကမ်းအားနည်းသော နိုင်ငံများသည် ကိုလိုနီလက်အောက်သို့ လျင်မြန်စွာ ကျရောက်လေ့ရှိသည်ကို သမိုင်းစာမျက်နှာများတွင် တွေ့မြင်ရမည်ဖြစ်သည်။

ယနေ့ ရန်ကုန်မြို့အပါအဝင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ မြို့ပြအသီးသီးနှင့် ကျေးလက်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ကိုယ်စီကိုယ်စီ စည်းကမ်းရှိကြပြီး စည်းကမ်းလိုက်နာနိုင်ကြမည်ဆိုလျှင် ကျေးလက်မှသည် တိုင်းဒေသကြီးတစ်လွှားလုံး ခေတ်မီတိုးတက်လာမည်ဖြစ်သည်။ အထူးသဖြင့် စည်းကမ်းနှင့်ပတ်သက်လျှင် နေ့စဉ်ကြုံတွေ့နေရသော အရာတစ်ခုမှာ ကွမ်းတံတွေးပင်ဖြစ်သည်။ စည်းကမ်းကို တန်ဖိုးထားရန် ကွမ်းမစားရန်၊ ကွမ်းတံတွေးကို သတ်မှတ်နေရာတွင် ထွေးရန်စသည့် တိုက်တွန်းချက်များ ရေးသားထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ကွမ်းစားသူ ၁၀ ဦးတွင် လမ်းပေါ်ကွမ်းတံတွေးမထွေးရန် ဦးရေမည်မျှ လိုက်နာနိုင်ပါသနည်း။ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာရုံးများ၊ ရဲစခန်းများ၊ တရားရုံးများနှင့် ဆေးရုံများ၊ အိမ်ရာအဆောက်အအုံများနှင့် ကားဝင်း၊ သင်္ဘောဆိပ်၊ လေဆိပ်နှင့် ရန်ကုန်မြို့၏ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်းတို့၏ မီးပွိုင့်များအနီးရှိ ကားလမ်းများပေါ်တွင် ကွမ်းတံတွေးများကို တွေ့မြင်ရမည်ဖြစ်သည်။ လေယာဉ်အတွင်းနှင့် အဲကွန်းခရီးသွားယာဉ်များပေါ်၌ ကွမ်းစားခြင်းသည် မိမိအတွက်သာမက အခြားသူများကိုလည်း ထိခိုက်စေသည်ကိုသတိပြုမိရမည်ဖြစ်သည်။ ကွမ်းစား၍စကားပြောခြင်းသည် မိမိဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် တစ်ဖက်သူကိုလည်းလေးစားမှု အားနည်းခြင်းကို ပြသခြင်းပင်ဖြစ်သည်။ ကွမ်းစားခြင်းသည်မိမိကိုယ်စွမ်းကို ယုံကြည်မှုတည်ဆောက်ရန် ကြိုးစားခြင်းဖြစ်သော်လည်း အချိန်ကြာသောအခါ ကွမ်းယာ၏ ကျေးကျွန်ဖြစ်ကာ မိမိကိုယ်တိုင်ပင် ယုံကြည်မှုအားနည်းလာသည်ကိုတွေ့မြင်လာရမည် ဖြစ်သည်။

အထူးသဖြင့် လွှတ်တော်အမတ်များ၊ ဝန်ကြီးဌာနမှပုဂ္ဂိုလ်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တရားရေးနှင့် ရဲတပ်ဖွဲ့ဝင်များ (ယာဉ်ထိန်းတပ်ဖွဲ့များအပါအဝင်)၊ ပညာရေးဝန်ထမ်းများနှင့် သတင်းမီဒီယာများ ကွမ်းစား၍ လုပ်ငန်းခွင်ဝင်ရောက်ခြင်းသည် မိမိ၏ ဂုဏ်သိက္ခာနှင့် သတ်မှတ်ထားသော စည်းကမ်းကို လျစ်လျူရှုထားခြင်းပင်ဖြစ်သည်။ မိမိစွန့်ပစ်လိုက်သော ကွမ်းတံတွေးနှင့်အတူ မိမိ၏တာဝန်သိမှု၊ တာဝန်ခံမှုနှင့်တာဝန်ရှိမှုတို့ကို လျစ်လျူရှုလိုက်ခြင်းပင်ဖြစ်သည်။ ကွမ်းယာတစ်ယာဖြင့် ဂါရဝပြုခြင်းထက် သောက်ရေတစ်ဘူးဖြင့် ဂါရဝပြုခြင်းသည် ကုသိုလ်ပြုသူအတွက် အထူးပင်ကျေးဇူးများကြောင်းကို သတိပြုသင့်ပေသည်။ ကွမ်းစားပြီးပြောနေသောစကားနှင့် ရေသောက်ပြီးပြောသောစကားသည် နာခံသူနှင့် တွေ့မြင်ရသူတို့အပေါ် သက်ရောက်မှုမည်မျှကွဲပြားကြောင်းကို သိရှိကြပြီးဖြစ်သည်။ ဆရာတော်ကြီးတစ်ပါး ဟောကြားမှုဖြင့် နာမည်ကြီးအနုပညာရှင်တစ်ဦး အရက်ပြတ်ဖူးသည်။ ဆရာတော်က ဒကာ အရက်သောက်တာ ကောင်းလား၊ မကောင်းပါဘုရား၊ အေး.. မကောင်းရင်ရပ်တော့၊ မကောင်းမှန်းသိလျက်နဲ့ ဆက်လုပ်ရင် ဗာလာနံလူမိုက်ပဲဟု ဆုံးမရာဆယ်စုနှစ်များစွာ အရက်သောက်ခဲ့သော ထိုအနုပညာရှင်မှာ တစ်ထိုင်တည်း အရက်ပြတ်ခဲ့သည်။ ကွမ်းသည် အရက်လောက်မဆိုးရွားပါ။ သို့သော် ကွမ်းယာသည်လည်း အသံတိတ်လူသတ်လက်နက်တစ်မျိုးပင်ဖြစ်သည်။ ကွမ်းယာအတွင်းပါသော ဓာတုဆေးများအပြင် ထုံးကိုဝမ်းဗိုက်အတွင်း သိမ်းဆည်းထားသောကြောင့် ရောဂါမျိုးစုံရရှိစေလျက်ရှိသည်။

အချပ်ပို (ဂ) သို့



# ကျောက်တံတားမြို့နယ်အတွင်းက မော်လမြိုင်ကျောင်းတိုက် ပြန်လည်ပေါ်ထွန်းစေချင်

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

**ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇ လမ်းနှင့် ၃၈ လမ်းအကြား ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအား မျက်နှာမူလျက် ယခင်သာသနာ့နယ်မြေပေါ်တွင် တည်ဆောက်ထားခဲ့သည့် မော်လမြိုင်ဘုန်းကြီးကျောင်းမှာ ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်သွားပြီကို ဝမ်းနည်းဖွယ်တွေ့မြင်လာရသည်။ မှတ်တမ်းအဟောင်းများအရ ကျောင်းဝင်းမှာ အနံအားဖြင့် ၁၁၄ ပေ၊ အလျား ၄၄၃ ပေရှိကြောင်း သိရှိရသည်။**



၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ ရှေးဟောင်းသိမ်နှင့် အထက်တန်းကျောင်းကို ယှဉ်တွဲ တွေ့ရစဉ်။

သို့သော် ယင်းသာသနာ့နယ်မြေအတွင်း၌ မြန်မာသက္ကရာဇ် ၁၂၆၆ ခုနှစ်က တည်ဆောက်ခဲ့သော ရှေးဟောင်းသိမ်ကြီးမှာ နှစ်ပေါင်း ၁၁၃ နှစ်တိုင် ယနေ့အထိ ခိုင်ခိုင်မာမာရှိနေဆဲဖြစ်သည်။ ၎င်းသိမ်ကို ရှေးဆရာတော်ကြီးများက "ခရေပင်ကုန်းသိမ်" ဟု ခေါ်ဆိုခဲ့ကြသည်။ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ဆရာမြတ်ချာန်ရေးသားသည့် "မဟာရန်ကုန်မြို့ရှိ သမိုင်းဝင်စေတီတော် တစ်ဆယ့်တစ်ဆူနှင့် ရဟန္တာသိမ်ကြီးကိုးသိမ်" စာအုပ်တွင် စာရင်းဝင်အဖြစ်ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

## ယနေ့တိုင် ဖူးတွေ့နိုင်

သိမ်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်သုံးဆူတို့မှာလည်း ထိုစဉ်ကတည်းက ကိန်းဝပ်စံပယ်တော်မူခဲ့ပြီး ယနေ့တိုင် ဖူးတွေ့နိုင်လေသည်။ တစ်ဖန် မော်လမြိုင်ကျောင်းတိုက်ကြီးအား စတင်တည်ထောင်ခဲ့သူ ဆရာတော်ကြီးရုပ်တုကိုလည်း ဖူးတွေ့နိုင်မည် ဖြစ်သည်။

ထို့အပြင် မြန်မာသက္ကရာဇ် ၁၂၇၄ ခုနှစ်က တည်ဆောက်ခဲ့သော ဓမ္မာရုံအတွင်း၌ ဉာဏ်တော်မြင့်မားသော ထိုင်တော်မူကျောက်ဆင်းတုရုပ်ပွားတော်ကြီးမှာလည်း ကြည်ညိုဖွယ်စံပယ်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ဓမ္မာရုံကြီးပေါ်၌ ၁၃၂၀ ပြည့်နှစ်က တည်ထားသော ရွှေစေတီမှာလည်း နေခြည်အလင်းဖြင့် ထွန်းလင်းကြည်ညိုဖွယ်အတိပင်ဖြစ်သည်။

သာသနာအကျိုးထမ်းပိုးရန် ရည်ရွယ်ချက်ဖြင့် ၁၉၃၄ ခုနှစ်က တည်ဆောက်ခဲ့သော "အစိုးရအငြိမ်းစားများ ဗုဒ္ဓဘာသာအသင်းတိုက် အဆောက်အအုံမှာ ခံ့ညားထည်ဝါစွာဖြင့် ရှိနေသကဲ့သို့ ယခင်က သံဃာတော်များ သီတင်းသုံးနေထိုင်ရာ နှစ်ထပ်ကျောင်းဆောင် (ယခု မြို့နယ်ပညာရေးမှူးရုံးနှင့် လူနေအိမ်)တို့မှာလည်း ယနေ့တိုင် ရှိနေဆဲပင်ဖြစ်သည်။

## ပြောင်းလဲဖွင့်လှစ်ခဲ့

၁၉၈၀ ပြည့်နှစ်က သာသနာတော်သန့်ရှင်းရေး အစီအမံဖြင့် အစိုးရက ကျောင်းတိုက်တစ်ခုလုံးကို ပိတ်သိမ်းယူ၍ သံဃာတော်များကို ဖယ်ရှားပြီး သာသနာရေးဝန်ကြီးဌာနမှ ယာယီသိမ်းယူကာ ၁၉၈၂ ခုနှစ် ဇွန်လအတွင်း၌ အထက်တန်းကျောင်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

မော်လမြိုင်ကျောင်းတိုက်အမည်ပေါက်မြေမှ ၂၀၁၆ ခုနှစ် မတ် ၃ ရက်တွင် အထက်တန်းကျောင်းမြေ၊ ပညာရေးဝန်ကြီးဌာနအဖြစ် ပြောင်းလဲခဲ့ကြောင်း မော်လမြိုင်ကျောင်းတိုက် ပြန်လည်ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေခိုင်၏ ပြောပြမှုအရ သိရသည်။

## ပျောက်ကွယ်သွားမှာ စိုးရိမ်မိ

ဘုန်းကြီးကျောင်း ပြန်လည် ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းက "အခု ကျွန်တော်တို့ မြို့နယ်ဝန်းကျင်ကိုကြည့်ရင် ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ အလုံ၊ လမ်းမတော်၊ ပန်းဘဲတန်း၊ ဗိုလ်တထောင်၊ ပုဇွန်တောင်မြို့နယ်အားလုံးမှာ ကိုးကွယ်စရာ ဘုန်းကြီးကျောင်းတွေ အသီးသီးရှိတယ်၊ အချို့မြို့နယ်တွေမှာဆို ကျောင်းတိုက်ကြီး သုံးလေးတိုက် အထိ ရှိတယ်၊ အခု ကျွန်တော်တို့ ကျောက်တံတားမြို့နယ်မှာ ရှိပြီးသား ဘုန်းကြီးကျောင်းတောင် ပျောက်သွားတယ်၊ ကိုယ့်မြို့နယ်မှာ ပြုလုပ်တဲ့ ကထိန်ပွဲ၊ ဝါဆိုသင်္ကန်းကပ်ပွဲတွေဆို အခြားမြို့နယ်က သံဃာတော်တွေကို သွားပင့်ရတယ်၊ ကြာရင် ရှိပြီးသား ရှေးဟောင်းသိမ်ကြီးတောင် ပျောက်ကွယ်သွားမှာ စိုးရိမ်မိပါတယ်"ဟု ဝမ်းနည်းစွာ ဆိုခဲ့သည်။

မြို့နယ်၏ မှတ်တမ်းတစ်ခုအရ ကျောက်တံတားမြို့နယ်အတွင်း ယနေ့လက်ရှိ ခရစ်ယာန်ဘာသာဝင်ချာ့ချ်ကျောင်း နှစ်ကျောင်း၊ ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်ရာ ဘုရား ကျောင်း နှစ်ကျောင်း၊ အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုရာ ဗလီရှစ်ခုရှိသော်လည်း ဗုဒ္ဓဘာသာဝင်တို့ ဥပုသ်သီတင်းသီလဆောက်တည်ရန် မြန်မာဘုန်းကြီးကျောင်းတစ်ကျောင်းမျှ မရှိပေ။

ထို့ကြောင့် မြို့မိ မြို့ဖများနှင့်အတူ မြို့နယ်အတွင်း ကိုးရပ်ကွက်မှ ပြည်သူအများက မော်လမြိုင်ကျောင်း ပြန်လည်ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းကာ အားကြိုးမာန်တက် ဆောင်ရွက်နေကြပြီဖြစ်သည်။

## မြို့နယ်ရဲ့ ဂုဏ်ကျက်သရေကို မြှင့်တင်သွားချင်

ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေခိုင်ကပင် "အခုက ကျောင်းမြေအားလုံး ပြန်ရဖို့ မဟုတ်ပါဘူး၊ မြို့နယ်အတွင်းမှာ ဗုဒ္ဓဘာသာ သာသနာတော်လည်း စည်ပင် ထွန်းကားစေ၊ ပညာရေးမှာလည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထက်တန်းကျောင်းလည်းရှိစေဆိုတဲ့ ဆန္ဒနဲ့ ရည်ရွယ်ချက်ပါ၊ ဒါကြောင့်မို့ ယခင်ရှိပြီးသား သာသနာ့အဆောက်အအုံမြေ အစိတ်အပိုင်း တစ်ဝန်းလုံးရဲ့ လေးပုံတစ်ပုံလောက်ရရင်ပဲ အားလုံးက ဝမ်းသာကျေနပ်ကြမှာပါ၊ အဲဒီတော့မှ ခြောက်ထပ်ကျောင်းဆောင်ကြီး ပြန်ဆောက်ပြီး စာသင်သားများအတွက် ပရိယတ္တိစာသင်တိုက်ကြီးအဖြစ် မြို့နယ်ရဲ့ ဂုဏ်ကျက်သရေကို မြှင့်တင်သွားချင်တာပါ" ဟု ရင်တွင်းမှ ပကတိဆန္ဒစကားလေးများဖြင့် အဆုံးသတ်ခဲ့သည်။

*အချပ်ပို (ခ )မှ*

ကွမ်းယာကြောင့် လည်ချောင်းကင်ဆာ၊ အူမကြီးကင်ဆာရောဂါဖြင့် လူမသိသူမသိ သေဆုံးသူများစွာ ရှိနေပြီဖြစ်သည်။ အရက်၏ ဘေးထွက်ဆိုးကျိုးကို သတိပြုမိကြသော်လည်း ကွမ်းယာ၏အန္တရာယ် သတိပြုမိသူ နည်းပါးသောကြောင့် သတိရှိရှိဖြင့် ရှောင်ကြဉ်သင့်ပြီဖြစ်သည်။ ရန်ကုန်မြို့ပြ၏ ကားလမ်းမများပေါ်တွင် စွန်းထင်နေသော ကွမ်းတံထွေးများက ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ တစ်နေ့ ကွမ်းယာမည်မျှစား၍ မည်မျှစွန့်ပစ်သည်ကို ပြသလျက်ရှိသည်။ ယာဉ်မောင်းများ၏ ကွမ်းတံတွေးတို့ကလည်း ကားတံခါးနှင့် ကားလမ်းမပေါ်တွင် နေ့စဉ်မြင်တွေ့ရမည်ဖြစ်သည်။

ယာဉ်လိုင်းများပေါ်တွင် ကားပေါ်ကွမ်းတံတွေးမထွေးရန်၊ တရားရုံးနှင့်ဆေးရုံတွင် ကွမ်းတံတွေးများကို အုတ်နံရံထောင့်၊ လှေကားအတက်ထောင့်နံရံတွင် မထွေးရန်၊ ဌာနဆိုင်ရာနှင့် အဆင့်မြင့်ဟိုတယ်၊ အဝေးပြေးယာဉ်ရပ်နား စခန်းတို့တွင် ကွမ်းတံတွေးများအား စည်းကမ်းမဲ့မစွန့်ကြရန် အသိပေးရေးသား ထားကြသော်လည်း စည်းကမ်းလိုက်နာမှု အားနည်းလျက်ရှိသည်ကို ကွမ်းတံတွေးပြဿနာအဖြစ် ယနေ့တိုင်တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံခြားသား ခရီးသွားများ တွေ့မြင်ပါက နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်သိက္ခာ ထိခိုက်စေမည်သာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ စည်းကမ်းရှိမှု အားနည်းလာပါက ထိုနိုင်ငံ၏ ပြည်တွင်းရေးများအပါအဝင် အခြားအရေးကိစ္စများကို ပြည်ပနိုင်ငံများဝင်ရောက်ရန် လွယ်ကူစေမည် ဖြစ်သည်။ တိုးတက်ဖွံ့ဖြိုးနိုင်ပါလျက် ရပ်တန့်နေခြင်းသည် ထိုနိုင်ငံ၏ ပြည်သူများ စည်းကမ်းလိုက်နာထိန်းသိမ်းမှု အားနည်းနေ၍သာ ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့သည် အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး လေဆိပ်ကြီးတည်ရှိသည့်အပြင် ပင်လယ်ရေကြောင်းထွက်ပေါက်ရှိရာမြို့ဖြစ်၍ နိုင်ငံ၏အဓိက ကုန်သွယ်ဖွံ့ဖြိုးရာ မြို့ကြီးတစ်မြို့လည်း ဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ရန်ကုန်-ဒလ မြစ်ကူးတံတားကြီး ပြီးသွားပါက ရန်ကုန်မြို့ပြသည် မြန်မာပြည်၏ ပြည်ပရင်းနှီးမြှုပ်နှံသူများ အများဆုံးအခြေချနေထိုင်ရာနေရာ ဖြစ်လာတော့မည်ဖြစ်သည်။ ထိုအချိန်တွင် ရန်ကုန်မြို့ ကားလမ်းမများပေါ်



နှင့် လေဆိပ်ဝန်းကျင်၌ ကွမ်းတံတွေးများကင်းစင်နေရန် ယနေ့အချိန်မှစ၍ လိုက်နာဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

စည်းကမ်းရှိမှသာ တိုးတက်မည်ဖြစ်ရာ မိသားစုတစ်စုမှသည် ပြည်ထောင်စုတစ်ဝန်းလုံး ကိုယ်စီကိုယ်စီ စည်းကမ်းထားရှိလိုက်နာပါက ကျေးလက်၊ မြို့များ များမကြာ ဖွံ့ဖြိုးတိုးတက်စည်ပင်လာမည်ဖြစ်သည်။ စည်းကမ်း၏ အနှစ်သာရကို ဂျပန်နိုင်ငံသည် လွန်ခဲ့သောနှစ် ၇၀ ကျော်က သိရှိကျင့်သုံးခဲ့သောကြောင့် ကျွန်းနိုင်ငံလေးဖြစ်သော်လည်း ကမ္ဘာက အသိအမှတ်ပြုခဲ့ရသော သမိုင်းစာမျက်နှာများစွာ ယနေ့တိုင်ကျန်ရစ်နေလျက်ရှိသည်။ မြန်မာပြည်သူတို့ အရာရာတွင် စည်းကမ်းထားရှိလိုက်နာမည်ဆိုပါက မြန်မာသည် အာရှတွင်သာမက ကမ္ဘာတွင် ကျော်ကြားလာမည် ဖြစ်သည်။ ထို့အတူ တစ်ချိန်က ရန်ကုန်မြို့ပြနှင့် ယနေ့ရန်ကုန်မြို့ပြတိုးတက်မှု ပြောင်းလဲကွဲပြားလာသော်လည်း မပြောင်းလဲသောအရာသည် စည်းကမ်းလိုက်နာမှု အားနည်းခြင်းဖြစ်၍ မြို့ပြစည်းကမ်း၊ လမ်းမကြီးစည်းကမ်းကို လိုက်နာစောင့်ထိန်းသွားခြင်းဖြင့် ရန်ကုန်မြို့၏ လမ်းမကြီးများသည် သန့်ရှင်းသာယာလှပလာမည် ဖြစ်သည်။ အထူးသဖြင့် မီးပွိုင့်များ၊ လူကူးခုံးကျော်တံတားများ၊ ယာဉ်ဖြတ်သန်းသော ခုံးကျော်တံတားများ၊ ဘူတာရုံနှင့် ပန်းခြံ၊ ရုပ်ရှင်ရုံများနှင့်ကားလမ်းများ၊ အများပြည်သူသွားလာသော ပလက်ဖောင်းများ သန့်ရှင်းလှပရန် ကွမ်းတံတွေးထွေးခြင်းကို သတိပြုဆင်ခြင်လျက် မိမိမြို့ပြသန့်ရှင်းသာယာလှပရန် ရန်ကုန်မြို့ပြတစ်ခွင် ကွမ်းတံတွေးကင်းစင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

*အချပ်ပို (ခ) မှ*

၂၀၁၅ တုန်းက တခြား လူမှုရေးအဖွဲ့အစည်းတစ်ခုနဲ့ ကျွန်မတို့နဲ့ ပေါင်းပြီးတော့ ကုန်သည်လမ်းမှာရှိတဲ့ နှစ် ၁၀၀ ကျော်သက်တမ်းရှိတဲ့ အဆောက်အအုံတစ်ခုကို လက်တွေ့ပြုပြင်ခဲ့ပါတယ်၊ မူလလက်ရာမပျက် ပြန်ပြီးပြုပြင်ထိန်းသိမ်းခဲ့တာပေါ့၊ အဲဒီအဆောက်အအုံက အရင်က ဆရာလူထုစိန်ဝင်းနေထိုင်ခဲ့တဲ့ အဆောက်အအုံလို့လည်း လူသိများခဲ့တယ်ပေါ့၊ တခြား အသိပညာပေးလုပ်ငန်းတွေလည်း လုပ်နေပါတယ်၊ အမွေအနှစ်အဆောက်အအုံတွေရဲ့ အရေးပါမှုကို လူတွေသိအောင် အချိန်တိုအတွင်း လေ့လာလို့ရအောင် အပြာရောင်ကမ္ပည်းပြားတပ်တဲ့လုပ်ငန်းတွေလုပ်တယ်၊ တခြားအနေနဲ့က ရှေးဟောင်းအဆောက်အအုံတွေကို ပြုပြင်ထိန်းသိမ်းတဲ့အခါမှာ လက်ရှိခေတ်ပေါ် အဆောက်အအုံတွေကို ပြုပြင်တဲ့နည်းလမ်းနဲ့ သွားလုပ်လို့ မရဘူးပေါ့နော်၊ ရှေးဟောင်းအဆောက် အအုံတွေကျတော့၊ သူတို့အတွက် နည်းပညာလိုတယ်၊ အဲဒီနည်းပညာက ဒီဘက်ခေတ်ရဲ့ ပန်းရန်ဆရာတွေ၊ ဆောက်လုပ်ရေးဆရာတွေက ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းမှု နည်းပညာကို သိပ်ပြီးမသိကြဘူး၊ ကျွန်မတို့က ပြည်တွင်း ပြည်ပ ပညာရှင်တွေနဲ့ ရှေးဟောင်းအဆောက်အအုံတွေကို ဘယ်လိုထိန်းသိမ်းသင့်တယ်ဆိုတဲ့ နည်းလမ်းတွေကို ပြန်ပြီးသင်ပေးရတယ်၊ လိုအပ်တဲ့ နည်းပညာတွေကို ပြန်ပြီး သင်တန်းပေးရတာမျိုးတွေရှိတယ်ပေါ့နော်"ဟု မနိုနိုအောင်က ဆက်လက်ရှင်းပြသည်။

ရန်ကုန်မြို့၏ သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့် နည်းလမ်းတစ်ခုဖြစ်သည့် အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းကိုလည်း ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က လုပ်ဆောင်လျက်ရှိသည်။ လက်ရှိတွင် ရန်ကုန်မြို့၏ ထင်ရှားသောအမွေအနှစ်နေရာများအနက်မှ မြို့တော်ခန်းမ၊ ရောဝတီဘဏ်ရုံးချုပ်၊ အာမေးနီးယန်းဘုရားကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်း၊ ရန်ကုန်စာတိုက်ကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ အစိုးရ ပုံနှိပ်စက်ရုံ၊ လောကနတ် အဆောက်အအုံ၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ မဟာဗန္ဓုလပန်းခြံ၊ ကုန်သည်လမ်းအဆောက်အအုံ၊ အိန္ဒိယသံရုံး၊ မတ်စ်မီးယားရှေရှ္ဓအာ ဂျူးဘုရားကျောင်း၊ ယုဝတီခရစ်ယာန်အသင်းအဆောက်အအုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေးကြီး၊ စိန့်ပေါလ်အထက်တန်းကျောင်း၊ ရန်ကုန်စတော့အိတ်ချိန်း၊ ရန်ကုန်ဆေးရုံကြီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တို့၌ အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နှစ်ပေါင်းများစွာ တည်တံ့ခဲ့သော မြို့ပြတစ်ခု၏ ပြယုဂ်မှာ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများပင် ဖြစ်သည်။ ရှေးလက်ရာသက်တမ်းရင့် အမွေအနှစ်များ ပေါ်ထွက်လာလျှင် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ရှိန်သည် ကမ္ဘာ့မျက်နှာစာတွင် ထင်ရှားလာလေ့ရှိသည်။ ထို့ကြောင့်ပင် မြို့တော်ရန်ကုန်၏ သမိုင်းဝင်အထင်ကရ ရှေးဟောင်းအဆောက်အအုံ၊ ယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာများစွာကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရင်း ခေတ်မီမြို့တော်တစ်ခုအဖြစ် ဆယ်တင်ရာတွင် မြို့တော်သူ မြို့တော်သားတို့၏ ကူညီဖေးမမှုကို လိုအပ်လျက်ရှိပါကြောင်း . . .။



# အရောင်းပြခန်းကို အားကိုးလာတဲ့ ၂၀၁၈ အစပိုင်း နေ့ရက်များနဲ့ ရန်ကုန်ကားဈေးကွက်

မင်းသော်

**နှစ်သစ်ကူးခဲ့သည်မှာ နှစ်ပတ်ခန့်ရှိလာပြီ ဖြစ်သည်။ သို့သော် ရန်ကုန်ကားဈေးကွက်သည် ကားလောကသားတို့ မျှော်လင့် ထားသည့်အတိုင်း ဈေးနှုန်းအမြင့်ဖြင့်သာ တန့်နေဆဲဖြစ်နေသည်ကို မြင်တွေ့ရသည်။ မော်တော်ကား မူဝါဒအသစ်ကြောင့် တင်သွင်းရန် စိတ်ပါဝင်စားသူ အနည်းငယ်ရှိသော်လည်း ဝယ်ရောင်းဈေးကွက်တွင်မူ အရောင်းအဝယ်မှာ ထူးမခြားနား အခြေအနေတွင်သာ ရှိနေကြောင်း သိရသည်။**

"နှစ်ဆန်းပိုင်းတိုင်းမှာ အရောင်းအဝယ်က အေးတတ်ပါတယ်၊ ကားတင်သွင်းလိုသူတွေကလည်း မူဝါဒသစ်ကြောင့် အခြေအနေကို စောင့်ကြည့်နေကြတယ်၊ ကားဝယ်ချင်တဲ့သူတွေအများစုကလည်း နှစ်ဆန်းမှာ ဘယ်တော့မှ မဝယ်ကြဘူး၊ ဒါပေမယ့် ဒီနှစ်မှာတော့ ရောင်းမယ့်သူလည်း နည်းပါးတယ်၊ ဝယ်မယ့် သူလည်း မရှိသလောက်ဖြစ်နေတယ်"ဟု ကားပွဲစားတစ်ဦးက ပြောသည်။

ဈေးကွက်အတွင်း စလစ်ကပ်ကားများမှာမူ အရောင်းအဝယ် အနည်းငယ်ဖြစ်နေပြီး အရောင်းအဝယ်ဖြစ်သမျှ မော်တော်ကားများမှာ ပုံမှန်ပေါက်ဈေးထက် လျော့နည်းပြီး အရောင်းအဝယ်ဖြစ်နေကြခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် စလစ်ဈေးနှုန်းများ ကျဆင်းလာသည်ကိုလည်း မြင်တွေ့ရသည်။

"စလစ်ဈေးကအခုအချိန်မှာသက်တမ်းနှစ် ၂၀ စလစ်ဆိုရင်ငွေကျပ်သိန်း ၁၁၀ ဝန်းကျင်ပဲ ရှိတော့တယ်၊ ဒါတောင် ရောင်းချင်သူရှိပြီး ဝယ်လက်မရှိတာမျိုး ဖြစ်နေတယ်၊ အများစုက နှစ်စဆိုတော့ စလစ်မသုံးကြသေးဘူးလေ၊ ခန့်မှန်းခြေ ဧပြီလကုန် သင်္ကြန်ပြီးချိန်လောက်ဆိုရင်တော့ ဈေးတက်လာမယ်"ဟု ကားဝယ်ရောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုကျော်ဇေယျာဝင်းက ပြောသည်။

ကားဝယ်ယူလိုသူများသည် ကားပွဲစားတန်းမှ မော်တော်ကားများ၊ ဝယ်ရောင်းများလက်ဝယ်မှ မော်တော်ကားများထက် အရောင်းပြခန်းများမှ ကားသစ်များကို ပိုမိုစိတ်ဝင်စားလာခြင်းအပြင် ယခုရက်ပိုင်းအတွင်း ကားအရောင်းစင်တာများတွင် လက်ကျန်ထားရှိသော ဂျပန်တစ်ပတ်ရစ်များကိုလည်း လူကြိုက်များလာကြခြင်းကြောင့် ယခုရက်ပိုင်းအတွင်း ပြင်ပကားဈေးကွက်မလှုပ်ခတ်သော်လည်း ကားအရောင်းစင်တာအချို့တစ်ရက်လျှင် တစ်စီးနှုန်းမျှ ပျမ်းမျှအဆင့်ဖြင့် ရောင်းချနေသည်ကိုလည်း မြင်တွေ့ရသည်။

"ကျွန်တော်တို့က ဘဏ်ငါးခုနဲ့ ချိတ်ဆက်ပေးထားတယ်၊ အဓိကကတော့ ဝယ်သူဘက်က စဉ်းစားကြည့်တာပါ၊ ဈေးကလည်း မြင့်နေတဲ့အနေအထားဆိုတော့ အရစ်ကျဝယ်ဖို့ကို အားထုတ်ကြမှာပဲ၊ အတိုးနှုန်းကတော့ သက်သာဖို့ အတတ်နိုင်ဆုံး စဉ်းစားပြီး လုပ်ပေးရတာပဲ၊ ဒါပေမယ့် အရစ်ကျစနစ်က သိပ်ပြီး မတွင်ကျယ်သေးတော့ ဘဏ်တိုးနှုန်းက လောလောဆယ် လျှော့ဖို့မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့ အနေနဲ့ကတော့ နှစ်ရှည် အရစ်ကျတင်သွင်းခွင့်တော့ ပေးထားတယ်၊ အရောင်းအဝယ် အဖြစ်များတာလည်း အရစ်ကျသမားတွေပဲ"ဟု တောင်ဥက္ကလာပမြို့နယ်ရှိ ကားအရောင်းစင်တာတစ်ခုမှ တာဝန်ရှိသူက ပြောသည်။

ဈေးကွက်ကျွမ်းကျင်သူများက လက်ရှိကားဈေးကွက် အရောင်းအဝယ်အေးနေမှုကို ဖေဖော်ဝါရီလကုန်အထိ ကြုံတွေ့လာနိုင်ပြီး ၂၀၁၈ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ မူဝါဒများနှင့် ရင်းနှီးကျွမ်းဝင်လာပါက ဘယ်မောင်းကားများကို လူပိုစိတ်ဝင်စားလာကြပြီး တင်သွင်းမှုလည်း မြင့်တက်လာနိုင်ကြောင်း၊ ယခု ဈေးမာနေသည့် ညာမောင်းများ ဈေးနှုန်း ပြန်လည်ကျဆင်းသွားနိုင်ကြောင်း ခန့်မှန်းနေကြသည်။

ထို့ပြင် ယခုနောက်ပိုင်း ခေတ်စားလာပြီး နိုင်ငံတော်ကလည်း အားပေးသည့် ဘယ်မောင်း ပြည်တွင်းထုတ် CKD ၊ SKD ကဲ့သို့သော ကားများကိုလည်း စိတ်ဝင်စားသူများလာနိုင်ကြောင်း သိရသည်။ "လက်ရှိကားဈေးကွက်ထဲမှာ အင်ဂျင်ပါဝါ ၁၃၀၀ စီစီကားတစ်လိုင်းပဲ ခေတ်ကောင်းပါတယ်၊ ဒါတောင် ဈေးကျလို့ အခြားအမျိုးအစားတွေထက်စာရင် ရောင်းရလွယ်တာကြောင့် ဈေးကွက်မှာပွဲဖြစ်ကြတာပါ" ဟု ကားပွဲစားတစ်ဦးကလည်း ပြောသည်။

လာမည့်သီတင်းပတ်အတွင်းတွင်လည်း ကားဈေးကွက်မှာ ပုံမှန်အတိုင်းသာ ငြိမ်သက်နေနိုင်ပြီး စလစ်အရောင်းအဝယ်မှာမူ အနည်းငယ်မြင့်တက်လာနိုင်ကြောင်း ကားဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။ ။

**ကားသစ်များကို ပိုမိုစိတ်ဝင်စားလာခြင်းအပြင် ယခုရက်ပိုင်းအတွင်း ကားအရောင်းစင်တာများတွင် လက်ကျန်ထားရှိသော ဂျပန်တစ်ပတ်ရစ်များကိုလည်း လူကြိုက်များလာကြခြင်းကြောင့် ယခုရက်ပိုင်းအတွင်း ပြင်ပကားဈေးကွက် မလှုပ်ခတ်သော်လည်း ကားအရောင်းစင်တာ အချို့တစ်ရက်လျှင် တစ်စီးနှုန်းမျှ ပျမ်းမျှအဆင့်ဖြင့် ရောင်းချနေသည်ကိုလည်း မြင်တွေ့ရသည်**

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးကွက်

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Kluger | 2002 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၇၅ |
| Familia Van | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၁၉ |
| Corolla Van | 2000 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၄၅ |
| Celica | 2002 | ရန်ကုန် | 1800cc | အပြင်ဈေး | ၁၆၀ |
| Rush | 2009 | မန္တလေး | 1800cc | အပြင်ဈေး | ၂၆၀ |
| Note | 2008 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၅၀ |
| Noah | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၅၅ |
| Wish | 2003 | ရန်ကုန် | 1800cc | အပြင်ဈေး | ၂၅၀ |
| Fit GE6 | 2008 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၀ |
| Fit GK3 | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၆၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။




အချပ်ပို (က) မှ

ရန်ကုန်မြို့မှ ပဲခူး ဟံသာဝတီလေဆိပ်ကို ၅၅ မိနစ်၊ ရန်ကုန်မြို့တွင်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မိနစ် ၂၀ နဲ့ ရောက်ရှိနိုင်တော့မှာ ဖြစ်တာမို့ ဈေးကွက်ချိတ်ဆက်မှု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးလာမှုနဲ့ ကုန်စည်စီးဆင်းမှုအတွက် မြန်ဆန်လာမှာဖြစ်ပါတယ်။

တကယ်တော့ အခုလို မိုးပျံအမြန်လမ်းတည်ဆောက်ရေးလုပ်ငန်းများဟာ နည်းပညာအရရော၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုအရသာမက ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံလည်း လိုအပ်တာမို့ နိုင်ငံတကာမှ ကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုရမယ့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့ IFC အနေနဲ့ စီမံကိန်းအတွက် နိုင်ငံတကာအဆင့်အတန်းနဲ့ အရည်အသွေးမြင့် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာနိုင်တဲ့ ယှဉ်ပြိုင်မှုရှိတဲ့ ဈေးကွက်တစ်ရပ်ကိုလည်း ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ယာဉ်ကြောပိတ်ဆို့မှုတွေနဲ့ နေ့စဉ်ကြုံတွေ့ရင်ဆိုင်နေရတဲ့ ရန်ကုန်မြို့နေ ပြည်သူတွေကတော့ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းဟာ သတ်မှတ်ထားတဲ့အတိုင်း မြန်မြန်အကောင်အထည်ဖော်နိုင်ပါစေလို့ ဆုတောင်းနေကြပြီ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ယာဉ်ကြောပိတ်ဆို့မှုအခက်အခဲကို ဖြေရှင်းပြီးသားဖြစ်သွားမယ့် ဒီစီမံကိန်းဟာ ရန်ကုန်မြို့ရဲ့ မွန်းကျပ်မှုကိုလည်း ဖြေလျှော့တော့ဦးမှာ ဖြစ်ပါတယ်။ မိုးပျံအမြန်လမ်းပြီးစီးသွားရင်တော့ ရန်ကုန်မြို့ဟာ နိုင်ငံ တကာအဆင့်မီ စီးပွားရေးမြို့တော်အဖြစ် ပိုမိုရုပ်လုံးကြွလာမှာဖြစ်ပြီး ရန်ကုန်မြို့ပြရဲ့ တိုးတက်ဖွံ့ဖြိုးမှုပုံရိပ်ဟာ လှပနေတော့မှာ ဖြစ်ပါတယ်။ ။

